# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ တပေါင်းလဆန်း (၃)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (18-2-2026) ၊ အတွဲ (၃၄) ၊ အမှတ် (၂၉၄)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro–based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ ကျင်းပ

စာမျက်နှာ – ၁၆

## ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ (၂၀၂၆ ခုနှစ်) ပြဋ္ဌာန်း

စာမျက်နှာ – ၁၈

# ပြည်ထောင်စုနေ့နှင့် တရုတ်နှစ်သစ်ကူး ရုံးပိတ်ရက်ကာလအတွင်း ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင်၊ ကလော-ရွှေညောင်-ကလောနှင့် တောင်ကြီး-ပေါမူ-တောင်ကြီး ရှုခင်းကြည့် Sight Seeing ရထားခရီးစဉ်များ ခရီးသည်စီးနင်းမှုများပြား




နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် ပြည်တွင်းမှ ခရီးသွားလာမည့်ပြည်သူများ၊ နိုင်ငံခြားသားခရီးသွားလာသူများကို ရှမ်းပြည်နယ်၏ ရေမြေတောတောင်သဘာဝရှုခင်းများ ကြည့်ရှုခံစားနိုင်ရန်နှင့် သမိုင်းဝင်ဂုတ်ထိပ်တံတားကြီးကို အနီးကပ်လေ့လာနိုင်ရန်အတွက် ပြင်ဦးလွင်–ဂုတ်ထိပ်–ပြင်ဦးလွင်၊ တောင်ကြီးမြို့၏ အလှအပများနှင့် သဘာဝရှုခင်းများကို ကြည့်ရှုခံစားနိုင်ရန် တောင်ကြီး–ပေါမူ–တောင်ကြီးရှုခင်းကြည့် Sight Seeing ရထားခရီးစဉ်များကို အပတ်စဉ် စနေ၊တနင်္ဂနွေရုံးပိတ်ရက်တို့၌ ပြေးဆွဲပေးလျက်ရှိပြီး ကလော–အောင်ပန်း–ဟဲဟိုး–ရွှေညောင်(အသွား၊အပြန်) (ဟဲဟိုး) ဘဝသံသရာရှုခင်းကြည့်ရထားခရီးစဉ်ကို Package ဖြင့် အထူးရထားစီးလုံးငှားရမ်းပြေးဆွဲပေးလျက်ရှိရာ ဖေဖော်ဝါရီလအတွင်း ပြည်ထောင်စုနေ့နှင့်

စာမျက်နှာ ၂၀ ကော်လံ ၁




ရတနာပုံ
၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၈ ရက်
အယ်ဒီတာ့အာဘော်

# နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးမွေးမြူရေး အလေးပေး

မြန်မာနိုင်ငံ၏ ရေ၊ မြေ၊ သဘာဝအရင်းအမြစ်ကောင်းတို့ကြောင့် နိုင်ငံ့လူဦးရေ၏ ထက်ဝက်ခန့်သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများနှင့်ဆက်စပ်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ ထိုသို့အသက်မွေးဝမ်းကျောင်းပြုနေကြသည့်သူများထဲမှ ၇၅ ရာခိုင်နှုန်းခန့်သည် ကျေးလက်ဒေသတွင် နေထိုင်ကြသည်။ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍကို အောင်မြင်အောင် ဆောင်ရွက်နိုင်ပါက ကျေးလက်နေပြည်သူများ၏ ဝင်ငွေတိုးတက်လာသည့်အခါ ကျေးလက်ဒေသများသည် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ ထိုသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။

နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကလုပ်ဆောင်ရမည်မှာ ပြည်တွင်းကုန်ထုတ်လုပ်မှုများတိုးတက်ရေးဖြစ်သည်။ ကုန်ထုတ်လုပ်မှုကို တိုးတက်အောင်ထုတ်လုပ်နိုင်မှသာ ပြည်သူများ၏ လူမှုစီးပွားဘဝများ သာယာဝပြောမည်ဖြစ်သည်။ ထို့ကြောင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများသည် နိုင်ငံ၏အဓိကစီးပွားရေးဖြစ်ပြီး ထိုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် မိရိုးဖလာနည်းလမ်းများဖြင့် ဆောင်ရွက်ခြင်းထက် ခေတ်မီနည်းပညာများ အသုံးပြု၍ တိုးတက်အောင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများအောင်မြင်စေရန် အတွက် တစ်ဧကပန်းတိုင်ရည်မှန်းချက်အတိုင်း အထွက်ရရှိရေးက စတင်ရမည်ဖြစ်သည်။ တစ်ဧကပန်းတိုင်ရည်မှန်းချက်ရရှိရေးအတွက် မျိုး၊ မြေ၊ ရေ၊ နည်းဟူသည့် မျိုးများကောင်းမွန်မှုရှိစေရေးအတွက် မျိုးကောင်းမျိုးသန့်ရရှိအောင် ဆောင်ရွက်ခြင်း၊ မြေအရည်အသွေးကောင်းမွန်အောင် စနစ်တကျပြုပြင်ခြင်းနှင့် သင့်လျော်သည့်မြေ၊ သင့်လျော်သည့်မြေဩဇာများ ရရှိအောင်ဆောင်ရွက်ခြင်း၊ စိုက်ပျိုးရေနှင့် အောင်ရေကို ဖူလုံစွာရရှိအောင်ဆောင်ရွက်ခြင်း၊ စိုက်နည်းစနစ်များ မှန်ကန်မှုရှိစေရေး၊ ခေတ်မီနည်းစနစ်များအသုံးပြုနိုင်ရန် ဆောင်ရွက်ခြင်းတို့သည် တစ်ဧက ပန်းတိုင်အထွက်နှုန်းပြည့်မီရေးအတွက် များစွာအထောက်အကူပြုစေမည်ဖြစ်သည်။

ထို့ပြင် ဒေသတွင်း စားသောက်ကုန်များနှင့် လူသုံးကုန်များကို လုံလောက်စွာ ထုတ်လုပ်နိုင်မည်ဆိုပါက ဒေသတွင်း ကုန်ဈေးနှုန်းတည်ငြိမ်မှုကို အထောက်အကူပြုနိုင်မည်ဖြစ်ပြီး ထိုမှတစ်ဆင့် စိုက်ပျိုးမွေးမြူရေးကုန်ထုတ်လုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ပြီး ပြည်ပသို့ပို့ကုန်များအဖြစ် တင်ပို့နိုင်ပါက နိုင်ငံခြားဝင်ငွေများ တိုးတက်ရရှိလာမည်ဖြစ်ကာ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတွင်ရှိပြီးဖြစ်သည့် ရေခံမြေခံကောင်းများကို အပြည့်အဝ ထိရောက်စွာ အသုံးချပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးတက်အောင်ဆောင်ရွက်ကာ အရည်အသွေးမြင့်မားသော ထုတ်ကုန်များကို တိုးတက်ထုတ်လုပ်နိုင်ပါက ပြည်ပသို့တင်ပို့နိုင်မည်ဖြစ်သည်။ ထိုအခါ ပြည်သူများ၏ဝင်ငွေတိုးကာ လူမှုစီးပွားဘဝများ မြင့်မားလာခြင်းမှသည် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသောကြောင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး စိုက်ပျိုးမွေးမြူရေးကို အခြေခံသောစီးပွားရေးလုပ်ငန်းများကို ဒေသအလိုက် အလေးထား၍ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

# အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ၉၆၆၂ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**မုံရွာ ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၉၆၆၂ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၆၈၄၆ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့ထိ ၉၆၆၂ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၅ ဒသမ ၄၅ တင်းထွက်ရှိကြောင်း သိရသည်။

"အရာတော်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၁၆၈၄၆ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲစိုက်ခင်းတွေ လက်ရှိ နုတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ၉၆၆၂ ဧက နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်ပြီး ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း တီလားဗီးယားငါးပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း တီလားဗီးယားငါး ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း တီလားဗီးယားငါးပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီလအတွင်း တီလားဗီးယားငါး ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသတွင် ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကို စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဒီဘက်ကနေ ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြည်တွင်း ရန်ကုန်ဈေးကွက်ကလဲ တီလားဗီးယားငါးတွေ ဝယ်လိုအားကောင်းနေတာကြောင့် ပိဿာချိန်တော်တော်များများတင်ပို့ရောင်းချခဲ့ရတယ်။ ငါးပိဿာချိန်တွေ တော်တော်များများ တင်ပို့ရောင်းချနေရတာကြောင့် ရေလုပ်ငန်းရှင်တွေနဲ့ ကုန်သည်တွေပါ အဆင်ပြေနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် မွေးမြူသည့် တီလားဗီးယားငါးနှင့် သဘာဝအတိုင်း ဖမ်းဆီးရရှိသည့် တီလားဗီးယားငါးများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချနေကြောင်း၊ အဆိုပါတီလားဗီးယားငါးတစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ဝမ်းတွင်းမြို့နယ် ကုန်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဖေဖော်ဝါရီ ၁၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်နိုင်စေရန်နှင့် အတိုးနှုန်းသက်သာသည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန် ရည်ရွယ်၍ ကုန်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၈ ဒသမ ၆၅ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကုန်းကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၂ ဦးကို ငွေကျပ်၂၅ ဒသမ ၂၅ သန်းနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၆၀ ကို ငွေကျပ် ၁၃ ဒသမ ၄ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၇၂ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၃၈ ဒသမ ၆၅ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်းပတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း အုန်းသီးနုအလုံးရေ ၈၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ ဖေဖော်ဝါရီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇန်နဝါရီလအတွင်း ဒေသထွက် အုန်းသီးနုအလုံးရေ ၈၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဒီဇင်ဘာလအတွင်းက အုန်းသီးနုအလုံးရေ ၆၈၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလ တစ်လအတွင်း အုန်းသီးနု အလုံးရေ ၈၄၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချခဲ့ရသည့် အုန်းသီးနုအလုံးရေ ၁၀၀ လျှင် ငွေကျပ် ၉၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဒီဘက်ကနေထွက်ရှိတဲ့ ဒေသထွက် အုန်းသီးနုတွေကို ရန်ကုန်ဈေးကွက်ကိုပဲ အဓိက တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလထဲမှာ အုန်းသီးနုတွေ ဝယ်ယူမှု များပြားခဲ့ပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိမှာလဲ အုန်းသီးနုတွေ ဝယ်ယူမှုများပြားနေပါတယ်။ ဖျာပုံမြို့နယ်က ထွက်ရှိတဲ့ အုန်းသီးနုတွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်"ဟု ဖျာပုံမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အုန်းသီးနုများ ပိုမိုတင်ပို့ရောင်းချနေရသည့်အတွက် အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များ၊ အုန်းသီးစိုက်ပျိုးသူများ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေကြောင်း ဖျာပုံမြို့နယ်မှ အုန်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဆွေဆွေက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ရန်ကုန်မြို့နေ မအဏ္ဏာဝါလင်းဦး(ကိုယ်စား) မွေးနေ့အထိမ်းအမှတ်အဖြစ် ကျောက်ကပ်ဆေးနေသော သံဃာတော်၊ သီလရှင်များအတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌ ဦးစိုးလွင်၊ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အတွင်းရေးမှူး ဦးဝဏ္ဏာနှင့် ဆွမ်းကွမ်းအဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်ဖူးစားပြောင်း ဧက ၄၄၆၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



ခင်ဦး ဖေဖော်ဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့် ဖူးစားပြောင်း ဧက ၄၄၆၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ခင်ဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၅၇၄၄ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော ဖူးစားပြောင်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဖူးစားပြောင်း ဧက ၄၄၆၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ပြောင်းအဖူးရေ ၁၀၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

"ခင်ဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဖူးစားပြောင်း ၅၇၄၄ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ ဖူးစားပြောင်းစိုက်ခင်းတွေ အခုလက်ရှိမှာတော့ ရိတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဖူးစားပြောင်းဧက ၄၄၆၀ ထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်" ဟု ခင်ဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြသည်။

ခင်ဦးမြို့နယ်တွင် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ခင်ဦးမြို့နယ်တွင် ဖူးစားပြောင်း စိုက်ပျိုးရာတွင် တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ပြည်တွင်းစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းကို မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၄ ခုတွင် တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးနေဝင်းနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# မလှိုင်မြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

မလှိုင် ဖေဖော်ဝါရီ ၁၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ ကျေးရွာနှစ်ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကျပ် ၅၄ ဒသမ ၈ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ ပြည့်စုံမှု ရှိ၊ မရှိစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သိမ်ကုန်းတောင်ကျေးရွာနှင့် အိုင်သာကျေးရွာတို့၌ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၆ ဦးကို ငွေကျပ် ၂၇ ဒသမ ၇ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို ငွေကျပ် ၂၇ ဒသမ ၁သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၄ ဒသမ ၈ သန်း ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစုထံက သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

# ကျေးသီးမြို့နယ်ရှိ ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

ကျေးသီး ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်(တောင်ပိုင်း) မိုင်းရှူးခရိုင် ကျေးသီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာသုံးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက ဖာဆောင်ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ကျေးသီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအေးနိုင်က ဖာဆောင်ကျေးရွာ၊ ငူးလိုင် ကျေးရွာနှင့် ဝမ်ကပ်ကျေးရွာများရှိ ကျေးလက်နေပြည်သူများ မိသားစုဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်နှင့် တိုးပွားလာသော ရန်ပုံငွေများဖြင့် ကျေးရွာတွင်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ထုတ်ချေးရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားကြောင်း သိရသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင်လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၄၉ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ဖာဆောင်ကျေးရွာ၊ ငူးလိုင်ကျေးရွာနှင့် ဝမ်ကပ်ကျေးရွာတို့ရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၅၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၄၉ သိန်း ထုတ်ချေးပေးခဲ့ကြောင်းသိရသည်။

ချိုသန်းညွန့်



# ပုဂံဖွားစောကျောက်စာသုံးချပ်

## မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာနိုင်ငံသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်၌ ဩဇာအာဏာထက်မြက်သော မိဖုရားများ ပေါ်ထွန်းခဲ့ရာ ပုဂံခေတ် မိဖုရားဖွားစောများလည်း ပါဝင်ခဲ့သည်။ ပုဂံမိဖုရားများအနက် တရုတ်ပြေးမင်း နရသီဟပတေ့(၁၂၅၆-၁၂၈၇)၏မိဖုရားဖွားစောသည် အထင်ရှားဆုံးဖြစ်၍ ထိုဖွားစောပြောခဲ့သည့် ပြည့်ဝမ်းကိုမဖောက်ရာ၊ ပြည့်ဦးကင်းကိုမနှိမ်ရာ ဟူသည့်စကားသည် သမိုင်းတွင်ခဲ့သည်။

ပုဂံခေတ်ဖွားစောသည် တစ်ပါးတည်းရှိခဲ့ခြင်း မဟုတ်ဘဲ ပုဂံခေတ် မင်စာ၊ ကျောက်စာ အထောက်အထားများအရ ပုဂံခေတ်တွင် မိဖုရားဖွားစောလေးပါးရှိခဲ့ကြောင်း သမိုင်းပညာရှင် ဗိုလ်မှူးဘရှင်က ဖော်ထုတ်ရေးသားခဲ့သည်။ ၎င်းတို့သည် နရသိင်္ခဥစ္စနာမင်း၏မိဖုရား အမိဖုရားစော၊ ထိုမင်း၏ အခြားမိဖုရားတစ်ပါးဖြစ်သည့် မင်းဝိုင်းဖွားစော၊ တရုတ်ပြေးမင်းနရသီဟပတေ့၏မိဖုရား စောလှဝန်းဖွားစောနှင့် ကျော်စွာမင်း၏မိဖုရား သစ်မထီးဖွားစော တို့ဖြစ်သည်။

မိဖုရားဖွားစောလေးပါးတွင် ပထမဖွားစောဖြစ်သည့် အမိဖုရားစောသည် မူလက ဖွားစောဟု အမည်မတွင်ခဲ့ဘဲ ခေတ်ပြိုင်ကျောက်စာများတွင် အမိဖုရားစောဟုသာ အမည်တွင်ခဲ့ကာ ခေတ်လွန်ကျောက်စာများတွင်မှ ဖွားစောဟုအမည်တွင်လာသူဖြစ်ကြောင်း ပုဂံခေတ်ဖွားစောများစာတမ်းတွင် ဖော်ပြထားသည်။

စတုတ္ထဖွားစောသည် ပုဂံဘုရင် ကျော်စွာမင်း၏ မိဖုရားခင်စောဦးဖြစ်သည်။ ကျော်စွာမင်းမရှိတော့ချိန်တွင် သီဟသူသည် ခင်စောဦးကို ဖွားစောအမည်ပေးကာ မိဖုရားတင်မြှောက်ခဲ့သဖြင့် စတုတ္ထဖွားစောသည် ပုဂံခေတ်ကုန်ပြီးမှ တွင်လာသော ဖွားစောဟုဆိုရပေမည်ဖြစ်ကြောင်း သမိုင်းပညာရှင် ဗိုလ်မှူးဘရှင်က သုံးသပ်ခဲ့သည်။

ပုဂံမိဖုရားဖွားစောများသည် အလှူကောင်းမှုများကို ပြုလုပ်ပြီး ကျောက်စာများ ရေးထိုးခဲ့ရာ ထင်ရှားသော ဖွားစောကျောက်စာသုံးချပ်ကို တွေ့ရှိရသည်။

**ပထမဖွားစောကျောက်စာ**

ပုဂံခေတ်နှောင်းပိုင်း ဘုရင်တစ်ပါးဖြစ်သော နရသိင်္ခဥစ္စနာမင်း၏ မိဖုရားတစ်ပါးဖြစ်သည့် ပထမဖွားစောသည် သံသရာဆင်းရဲမှ ထွက်မြောက်ပြီး နိဗ္ဗာန်ဆုကိုရလိုသဖြင့် ဂူဘုရားကိုတည်ကာ ကျွန်၊ လယ်၊ ဥယျာဉ်၊ ပရိက္ခရာများ၊ တူရိယာပစ္စည်းများနှင့် တူရိယာပညာရှင်များကို ဘုရားသို့ လှူဒါန်းခဲ့သည်။ ထို့နောက် အလှူမှတ်တမ်းကျောက်စာကို ပုဂံရှိ မြောက်ဂူနီဘုရား၌ စိုက်ထူခဲ့သည်။

မိဖုရားဖွားစောကျောက်စာကို အမိဖုရားစောက သက္ကရာဇ် ၆၀၃ ခုနှစ်တွင် ရေးထိုးခဲ့သည်။ ၎င်းကျောက်စာကို ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ မြောက်ဂူနီဘုရား မုခ်ဂူမှရရှိခဲ့ကာ ယခုအခါ ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် ထိန်းသိမ်းပြသထားသည်။ မြောက်ဂူနီလိုဏ်ဘုရားသည် ပုဂံအရှေ့တောင်ဘက်ရှိ ဓမ္မရံကြီးဂူဘုရား၏ အနောက်တောင်ဘက် ပေ ၃၀၀ အကွာတွင်ရှိသည်။ အရွယ်ကြီးမားသော နှစ်ထပ်လိုဏ်ဘုရားတစ်ဆူဖြစ်သည့် မြောက်ဂူနီကို နရသိင်္ခဥစ္စနာမင်းနှင့် မိဖုရား အမိဖုရားစောတို့က ၁၃ ရာစုတွင် တည်ခဲ့သည်။

မိဖုရားဖွားစောကျောက်စာသည် ၁၅၄ စင်တီမီတာမြင့်သည့် တစ်မျက်နှာထိုးကျောက်စာဖြစ်ကာ စာကြောင်း ၃၆ ကြောင်းပါရှိသည်။

အလှူပြုသည့်ရက်ကို သက္ကရာဇ် ၆၀၃ ခုနှစ် စယ်နှစ် ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့ဟုရေးထိုးထားရာ ခရစ်နှစ်နှင့် ဖလှယ်ပါက ၁၂၄၁ ခုနှစ် ဧပြီ ၂၆ ရက်ဖြစ်သည်။ အမိဖုရားစောသည် ရွာလယ်ကျွန် ၁၇၈ ယောက်၊ လယ် ၂၆၀၊ ဥယျာဉ်နှစ်ခုနှင့် တူရိယာပညာရှင် ၄၁ ယောက်ကို ဘုရားသို့လှူဒါန်းခဲ့သည်။

**ဒုတိယဖွားစောကျောက်စာ**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ မင်းနန်သူရွာ၏အနောက်မြောက်ဘက်ရှိ မင်းဝိုင်းဂူဘုရားတွင် ဒုတိယဖွားစော ရေးထိုးစိုက်ထူခဲ့သည့် ကျောက်စာသည် မင်းဝိုင်းဖွားစောကျောက်စာဟု ထင်ရှားသည်။

မင်းဝိုင်းတစ်ထပ်ဂူဘုရားသည် လေးမျက်နှာဘုရား၏အနောက်မြောက်ဘက်တွင် တည်ရှိသည်။ မင်းဝိုင်းဘုရားကို ၁၂၆၅ ခုနှစ်တွင်တည်ထားခဲ့သည်ဟု ပုဂံစေတီပုထိုးများစာရင်း မှတ်တမ်းစာအုပ်တွင် ဖော်ပြထားသည်။

မင်းဝိုင်းဂူဘုရားကျောက်စာကို ရေးထိုးခဲ့သည့် ဖွားစောသည်လည်း နရသိင်္ခဥစ္စနာမင်း (၁၂၃၀–၁၂၃၅)၏မိဖုရားပင်ဖြစ်သည်။ နရသိင်္ခဥစ္စနာမင်းတွင် မိဖုရားနှစ်ပါးရှိရာ မိဖုရားနှစ်ပါးစလုံးသည် ဖွားစောဟုပင် ထင်ရှားကြသည်။ ပထမဖွားစောသည် မိဖုရားကြီး အမိဖုရားစော၊ ဒုတိယဖွားစောသည် မင်းဝိုင်းဖွားစောဖြစ်သည်။

နရသိင်္ခဥစ္စနာမင်း၏ မိဖုရားနှစ်ပါးစလုံးသည် ဂူဘုရားတည်၍ ကျောက်စာရေးထိုးခဲ့ကြရာ ပထမဖွားစောဖြစ်သည့် အမိဖုရားစောသည် မြောက်ဂူနီဘုရားတွင် ကျောက်စာရေးထိုးခဲ့သဖြင့် မြောက်ဂူနီဖွားစောကျောက်စာဟု ထင်ရှားခဲ့သည်။ ဒုတိယဖွားစောဖြစ်သည့် မင်းဝိုင်းမိဖုရားကလည်း မင်းဝိုင်းဂူဘုရားတွင် ကျောက်စာတစ်ချပ်ကို ရေးထိုးခဲ့ရာ မင်းဝိုင်းဖွားစောကျောက်စာဟုလည်းကောင်း၊ သခင်ဖွားစောကျောက်စာဟုလည်းကောင်း ထင်ရှားခဲ့သည်။

မင်းဝိုင်းဖွားစောကျောက်စာကို မျက်နှာနှစ်ဖက် ရေးထိုးထားကာ ရှေ့ဘက်မျက်နှာတွင် စာကြောင်းရေ ၄၄ ကြောင်းနှင့် ကျောဘက်မျက်နှာတွင် စာကြောင်းရေ ၄၂ ကြောင်းပါရှိသည်။

ကျောက်စာကို နမောသဗ္ဗဗုဒ္ဓါနံဟူသည့် ဘုရားရှိခိုးဖြင့် စတင်ပြီး သက္ကရာဇ် ၆၂၇ ခုနှစ် ပြာသိုလပြည့် ဗုဒ္ဓဟူးနေ့တွင် အာမနာအရပ်၌ တင့်တယ်သော အုတ်အရံတံတိုင်းပြုလုပ်၍ တံတိုင်းအတွင်း၌ ကလသာအိုးနှင့်တူသော စကြံအထက်၌ လေးမျက်နှာရှိသည့် ဂူဘုရားကိုတည်ကြောင်း၊ ဂူတွင် အရပ်လေးမျက်နှာ၌ ဘုရားဆင်းတုများကို ပူဇော်ထားရှိကြောင်း၊ ပိဋကသုံးပုံထားရှိမည့် ကုလားကျောင်းကိုဆောက်လုပ်၍ ထိုကျောင်းတွင် ပိဋကတ်တော်များကို ရွှေတလားနှင့်ထားရှိကြောင်း၊ လယ်၊ ကျွန်နှင့် ဥယျာဉ်များကိုလည်း လှူဒါန်းကြောင်း ရေးထိုးခဲ့သည်။

မင်းဝိုင်းဘုရားသည် လေးထောင့်ပန္နက်ပေါ်၌ တည်ထားသည့် လေးမျက်နှာ ဂူဘုရားတစ်ဆူဖြစ်သည်။ ကျောက်စာတွင် ရေးထိုးထားသည့်အတိုင်း မင်းဝိုင်းဂူဘုရား၏မုခ်ပေါက် အရပ်လေးမျက်နှာတွင် ဗုဒ္ဓဆင်းတုများကို ယနေ့တိုင် မြင်တွေ့နိုင်သည်။ မင်းဝိုင်းဖွားစောသည် နရသိင်္ခဥစ္စနာမင်း လက်ထက်မှ နရသီဟပတေ့မင်းလက်ထက်ထိ ရှိခဲ့ကာ ပုဂံဘုရင်အဆက်ဆက်တွင် ဘုရင်များ၏ အရေးပေးခြင်းခံရပုံများကို ကျောက်စာတွင် ဖတ်ရှုနိုင်သည်။

နရသိင်္ခဥစ္စနာမင်းနတ်ရွာစံပြီးနောက် ညီတော် ကျစွာမင်းကနန်းတက်ခဲ့ကာ ကျစွာမင်းသည် နောင်တော်မရှိတော့ချိန်တွင် မိဖုရားဖွားစောကို ကောင်းစွာစောင့်ရှောက်ခဲ့သည်။

အပြစ်ကြောင့် ကွန်ပြောက်ယ်အရပ်တွင် နေရသည့် သိဃ်ပိကြံဆိုသူကို ကျစွာမင်းက ပုဂံတွင် နေထိုင်ခွင့်ရရန် စောင့်ရှောက်ခဲ့သဖြင့် သိဃ်ပိကြံ၏ မယားက ကျေးဇူးဆပ်သည့်အနေဖြင့် ကျစွာမင်းအား လယ်၊ ဥယျာဉ်နှင့်ကျွန်များကို ပေးခဲ့သည်။ ကျစွာမင်းက ထိုလယ်၊ ဥယျာဉ်နှင့် ကျွန်များကို ဖွားစောအားပေးခဲ့သည်။ ကျစွာမင်းနောက်တွင် နန်းတက်ခဲ့သည့် ဥစ္စနာသည် ဖွားစော၏သားတော်ဖြစ်၍ သားတော်ကလည်း ဖွားစောကို မြေနှင့်ကျွန်များကို သုံးကြိမ်တိုင် ပေးကမ်းချီးမြှင့်ခဲ့သည်။ ဖွားစောသည် မြေးတော် နရသီဟပတေ့လက်ထက်တိုင် အဘွားတစ်ဦးအဖြစ် အလေးပေးခံခဲ့ရသည်။

ဖွားစောပိုင်ဆိုင်သည့် မြေတချို့ကို အိမ်နိမ့်ကျွန်ရေစ်သင်က သူ၏မယ်တော်ပိုင်ပစ္စည်းဟု စွပ်စွဲလာချိန်တွင် မြေးဖြစ်သူဘုရင်ကို ဖွားစောက အသိပေးခဲ့သည်။ မြေးဖြစ်သူ နရသီဟပတေ့မင်းက ဖွားစောဘက်မှ ရပ်တည်ကာ အဖွားစောကို မဟာဒါန်ပေးခဲ့သည့်အတိုင်း နိုင်အောင်မူစေဟု မှာကြားသဖြင့် ဖွားစော အမှုနိုင်ခဲ့သည်။ မင်းကြီးက ဖွားစောကို မြေနှင့် ကျွန်များ ထပ်မံပေးခဲ့သည်။ မင်းဝိုင်းဖွားစောသည် မင်းအဆက်ဆက် ချီးမြှင့်ခဲ့သည့် ဝတ္ထုအစုစုကို လှူဒါန်းမှုအကြိမ်ကြိမ် ပြုလုပ်ကာ ရေစက်သွန်းချခဲ့ကြောင်း မှတ်တမ်းပြုခဲ့သည်။

**တတိယဖွားစောကျောက်စာ**

တတိယဖွားစောဖြစ်သည့် စောလှဝန်းဖွားစောက ပုဂံ မင်းနန်သူရွာရှိ စောလှဝန်းဘုရားဝင်းအတွင်း၌ ကျောက်စာစိုက်ထူခဲ့ရာ သားတော်ဖြစ်သူ ရာဇသူကို အစွဲပြုလျက် သခင်ရာဇသူနှင့် အမိဖွားစော ကျောက်စာ သို့မဟုတ် ရာဇသူဖွားစောကျောက်စာ ဟုထင်ရှားခဲ့သည်။ သခင်ရာဇသူသည် ဖွားစော၏ သားတော်ဖြစ်၍ သားတော် အနိစ္စရောက်ပြီးမှ ကျောက်စာရေးထိုးခဲ့သဖြင့် ကျောက်စာအမည်ကို သားတော်အမည်နှင့် ပူးတွဲမှတ်သားခဲ့ကြသည်။ တတိယဖွားစောရေးထိုးခဲ့သည့် ကျောက်စာသည် နှစ်ချပ်ဖြစ်၍ ကျောက်စာတစ်ချပ်စီတွင် နှစ်မျက်နှာစီ ရေးထိုးထားသည်။

❖ မင်းနန်သူရွာရှိ စောလှဝန်းဘုရားဝင်းအတွင်း၌ တတိယဖွားစော စိုက်ထူခဲ့သည့် ကျောက်စာတိုင်နှစ်ခုစလုံးသည် နှစ်မျက်နှာထိုးကျောက်စာများဖြစ်ပြီး မြောက်ဘက်ကျောက်စာတိုင်၌ ရှေ့ဘက်မျက်နှာတွင် စာကြောင်း ၃၇ ကြောင်းနှင့် ကျောဘက်မျက်နှာတွင် စာကြောင်း ၃၆ ကြောင်းပါရှိသည်။ တောင်ဘက်ကျောက်စာတိုင်တွင်မူ ရှေ့ဘက်မျက်နှာတွင် စာကြောင်း ၃၇ ကြောင်းနှင့် ကျောဘက်မျက်နှာတွင် စာကြောင်း ၂၉ ကြောင်းပါရှိသည်။ ကျောက်စာနှစ်ချပ်စလုံးကို နမောသဗ္ဗဗုဒ္ဓါနံ (အလုံးစုံသော ဘုရားရှင်အပေါင်းကို ရှိခိုးပါ၏)ဟု အစချီသည်။ ❖

တတိယဖွားစောသည် နားတောင်းများမင်း (၁၂၁၁-၁၂၃၁)၏ သားတော်ဖြစ်သော ကျစွာမင်း (၁၂၃၅- ၁၂၄၉)နှင့် မိဖုရားစောမင်းလှတို့၏ မြေးဖြစ်သည်။

တတိယဖွားစော၏ မိခင်သည် ကျစွာမင်းနှင့် စောမင်းလှတို့၏ သမီးတော် မင်းမိဖြစ်၍ ခမည်းတော်သည် ဟန်လင်းသည်၏မြေး အမတ်သရေဖြစ်သည်။ ဥစ္စနာမင်း (၁၂၄၉-၁၂၅၆)၏မိဖုရား သုံးလုလှသည် ဖွားစော၏ အဒေါ်ဖြစ်သဖြင့် ဖွားစောသည် မင်းမျိုးမင်းနွယ်မှ ဆင်းသက်လာသူဖြစ်သည်။

ဥစ္စနာမင်းနှင့် ပန်းပွတ်သည်သမီး စုလည်းထုံးတို့၏သားတော်ဖြစ်သည့် နရသီဟပတေ့ နန်းတက်ချိန်တွင် ဖွားစော၏အစ်မ ရတနာပုံကို မိဖုရားမြှောက်ခဲ့သည်။ ၁၂၆၂ ခုနှစ်တွင် ရတနာပုံမိဖုရား အနိစ္စရောက်ခဲ့ပြီးနောက် နရသီဟပတေ့သည် ညီမဖြစ်သူ ဖွားစောကို မိဖုရားမြှောက်ခဲ့ပြီး သားတော်ရာဇသူကို ဖွားမြင်ခဲ့သည်။

မင်းနန်သူရွာရှိ စောလှဝန်းဘုရားဝင်းအတွင်း၌ တတိယဖွားစော စိုက်ထူခဲ့သည့် ကျောက်စာတိုင်နှစ်ခုစလုံးသည် နှစ်မျက်နှာထိုးကျောက်စာများဖြစ်ပြီး မြောက်ဘက်ကျောက်စာတိုင်၌ ရှေ့ဘက်မျက်နှာတွင် စာကြောင်း ၃၇ ကြောင်းနှင့် ကျောဘက်မျက်နှာတွင် စာကြောင်း ၃၆ ကြောင်းပါရှိသည်။ တောင်ဘက် ကျောက်စာတိုင်တွင်မူ ရှေ့ဘက်မျက်နှာတွင် စာကြောင်း ၃၇ ကြောင်းနှင့် ကျောဘက်မျက်နှာတွင် စာကြောင်း၂၉ ကြောင်းပါရှိသည်။

ကျောက်စာနှစ်ချပ်စလုံးကို နမောသဗ္ဗဗုဒ္ဓါနံ (အလုံးစုံသော ဘုရားရှင်အပေါင်းကို ရှိခိုးပါ၏)ဟု အစချီသည်။ မြောက်ဘက်ကျောက်စာကို သက္ကရာဇ် ၆၂၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ ရက် (၁၂၆၄ ခုနှစ် အောက်တိုဘာ ၃၁ ရက်) သောကြာနေ့တွင် ရေးထိုး၍ တောင်ဘက်ကျောက်စာကို သက္ကရာဇ် ၆၃၁ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၂ ရက် (၁၂၆၉ ခုနှစ် အောက်တိုဘာ ၇ ရက်) တနင်္လာနေ့တွင် ရေးထိုးခဲ့သည်။

ဖွားစောသည်သက္ကရာဇ် ၆၂၆ ခုနှစ်တွင် သာသနာနှစ် ၅၀၀၀ တည်စိမ့်သောငှာ အဖကျောင်းသို့ လယ်နှင့်ကျွန်များ လှူခဲ့သည်။ သက္ကရာဇ် ၆၃၁ ခုနှစ်တွင် လယ်နှင့်ကျွန်များကို ထပ်မံလှူဒါန်းခဲ့ပြီး ကျော်စွာမင်းလက်ထက် (၁၂၈၇-၁၂၉၈)တွင်လည်း အလှူဒါနများပြု၍ သက္ကရာဇ် ၆၅၃ ခုနှစ်တွင် စေတီတစ်ဆူ တည်ခဲ့သည်။

တတိယဖွားစောရေးထိုးခဲ့သည့် ကျောက်စာများသည် အခြားသောပုဂံကျောက်စာများကဲ့သို့ အလှူမှတ်တမ်းပင်ဖြစ်သော်လည်း ဖွားစော၏ ဘဝပုံရိပ်များနှင့် ခံစားမှုများပါရှိနေသဖြင့် စိတ်ဝင်စားနှစ်သက်ဖွယ်ကျောက်စာများဖြစ်လာခဲ့သည်။

**တတိယဖွားစောရင်ဆိုင်ခဲ့ရသည့် ပြဿနာများ**

ဖွားစောသည် သက္ကရာဇ် ၆၅၂ ခုနှစ်တွင် မြတ်ကြီးအစလဗုဒ္ဓိကို ကျောင်းတင်သော အလှူပွဲသို့ သားတော်ရာဇသူနှင့်အတူ တက်ရောက်ခဲ့သည်။

ဖွားစောသည် မြေများကိုမလှူမီ ထိုမြေများနှင့် ဆက်စပ်နေသည့် အကြောင်းခြင်းရာများကိုစဉ်းစား ဆင်ခြင်ခဲ့သည်။ ထိုမြေများသည် မူလက မင်းအမတ်လက်ဝဲရဲဆုရခဲ့သည့် မြေများဖြစ်သည်။ လက်ဝဲမရှိတော့ချိန်တွင် လက်ဝဲ၏မယားသည် ဖွားစော၏ ခမည်းတော်(အမတ်သရေ)ကို စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင် ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရှူးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျှော့ချပေးနိုင်ပါတယ်။

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဖရဲသီးအလုံးရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့



**ကျိုက်လတ် ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဖရဲသီးအလုံးရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြ၍ သိရသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဖရဲသီးများကို တင်ပို့ရောင်းချနေကြောင်း၊ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ဖရဲသီးအလုံးရေ ၂၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ဖရဲသီးအလုံးရေ ၃၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ဖရဲသီးများကို ရန်ကုန်ဈေးကွက် ဝယ်လက်များက အဝယ်လိုက်နေကြောင်း သိရသည်။

"ရန်ကုန်ဈေးကွက်ကို ဖရဲသီး တင်ပို့မှုက တစ်လထက်တစ်လ ပိုမိုတင်ပို့ရောင်းချလာရပါတယ်။ ဇန်နဝါရီလထဲမှာ ဖရဲသီးအလုံးရေ ၃၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိဒေသထွက် ဖရဲသီးတွေကို ရန်ကုန်ဘက်က အဝယ်တော်တော်လေး လိုက်နေပါတယ်။ ဒါကလဲ ရန်ကုန်ကို အခြားဒေသတွေက ဖရဲသီးတွေ အဝင်နည်းနေတာကြောင့်လို့ ရန်ကုန်ဈေးကွက်က သစ်သီးပွဲရုံပိုင်ရှင်တွေရဲ့ ပြောပြချက်အရ သိရပါတယ်"ဟု ကျိုက်လတ်မြို့နယ် လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြသည်။

ကျိုက်လတ်မြို့နယ်တွင် ဖရဲသီးကို မြေနုကျွန်းကျေးရွာများ၌ အများဆုံးစိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် ကျေးရွာ ၁၄ ရွာမှ ဒေသခံ ၁၀၄ ဦးတို့က တစ်ဦးလျှင် တစ်ဧကမှ ငါးဧကထိ စိုက်ပျိုးထားကြောင်း၊ လက်ရှိ ဖရဲသီး တစ်လုံးလျှင် ငွေကျပ် ၃၀၀၀ မှ ၉၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

အဆိုပါဖရဲသီးများ အရောင်းအဝယ် ကောင်းလာသောကြောင့် ဖရဲသီးစိုက်တောင်သူများ၊ လယ်ယာထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

á **စာမျက်နှာ ၄ မှအဆက်**

မြေတချို့ပေးခဲ့ကြောင်း ခမည်းတော်ပြောပြသဖြင့် ဖွားစောက သိရှိခဲ့သည်။ ထို့ကြောင့် ထိုမြေများသည် စင်ကြယ်စွာရခဲ့သော မြေများဖြစ်သဖြင့် လှူဒါန်းကြောင်း "ဤမြေကား အရစင်၏။ ငါကျောင်းလှူ၏"ဟု ကျောက်စာတွင် ရေးထိုးခဲ့သည်။

ထိုမြေများကို ခမည်းတော်ကိုယ်တိုင်က လှူဒါန်းလိုခဲ့သော်လည်း အထမမြောက်ခဲ့သဖြင့် သမီးဖြစ်သူဖွားစောက ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း "ခမည်းအသံတိုင်းလျှင် ခမည်းကျောင်း လှူသတည်း"ဟူ၍ ရေးထိုးခဲ့သည်။

သက္ကရာဇ် ၆၅၂ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့ ကထိန်အလှူတွင် ဖွားစောသည် သားတော် ရာဇသူနှင့်တိုင်ပင်ပြီး မြေ ၂၀၀၀ နှင့် ကျွန်များလှူခဲ့ရာ ပုစ်တိုက်သူကြီး ကုသဝတ်၊ မုန်တောင်သူကြီး သတ္တာပိုတို့နှင့် အချင်းများခဲ့သည်။ ထိုသူကြီးနှစ်ဦးက ဖွားစောလှူသောမြေများသည် မိမိတို့ပိုင်သည့် မြေများအတွင်းဝင်နေသည်ဟု တိုင်ကြားခဲ့သည်။

တိုင်ကြားမှုကို စစ်မေးရာတွင် ဘုရင်က ကျစွာမင်းသမီး(မြေး) ဖြစ်သည့် ဖွားစောကို မြေများပေးကြောင်း၊ ဖွားစောက အဖကျောင်း၌ လှူကြောင်းပေါ်လွင်ခဲ့သည်။ ထို့ကြောင့် လှူစေဟု အမိန့်ချမှတ်ခဲ့သဖြင့် ဖွားစောနှင့် သားတော် ရာဇသူတို့က ရေစက်သွန်းချခဲ့ကြသည်။ နောက်ကာလကြာလာချိန်တွင် အငြင်းပွားမှုမဖြစ်စေရန် အမတ်များနှင့် သုခမိန်များ ရှေ့မှောက်တွင် စာချုပ်ချုပ်ဆိုခဲ့သည်။

သက္ကရာဇ် ၆၅၃ ခုနှစ်တွင် သားတော် ရာဇသူ နာမကျန်းဖြစ်ကာ အဖကျောင်း(ရာဇသူ၏ အဘိုးကျောင်း)၌ မြေနှင့် ကျွန်များလှူခဲ့ပြန်သည်။ ထိုမြေများသည် ဖွားစော များစွာမြတ်နိုးခဲ့သည့် လယ်မြေများဖြစ်၍ "ဤမြေကား ငါငယ်ကလျှင် ထမင်းရည်လယ်ဟု အစောပေးတော်မူသတည်း"ဟုဖော်ပြခဲ့သည်။ ထိုမြေများသည် နားတောင်းများမင်းလက်ထက်တွင် အသဝတ်သမီး တလုပ်ကြပိုဝ်နှင့် တရားဆိုင်ခဲ့ရသည့် မြေများဖြစ်ကြောင်းကိုပါ ဖော်ပြခဲ့သည်။

ဖွားစောသည် သားတော်ရာဇသူ၏ ကျန်းမာရေးအတွက် ကောင်းမှုပြုခြင်းဖြစ်ကြောင်း ရေးထိုးထားသည်။ ကုသိုလ်ကောင်းမှုဖြင့် အသက်အန္တရာယ်ကာကွယ်ခဲ့ခြင်းဖြစ်သောကြောင့် ယတြာချေခဲ့ခြင်းဖြစ်ကြောင်း ပါမောက္ခ ဆရာစောလူက ကောက်ချက်ချခဲ့သည်။

ပုဂံခေတ်တွင် အလွန်ထင်ရှားခဲ့သော မိဖုရားဖွားစော သုံးပါးသည် အလှူဒါနများကိုပြုကြပြီး ကျောက်စာများ ရေးထိုးခဲ့ကြသည်။ ဖွားစောကျောက်စာတစ်ချပ်စီသည် ထူးခြားမှုတစ်မျိုးစီဖြင့် သမိုင်းမှတ်တမ်းကျောက်စာများဖြစ်လာခဲ့ကြပေသည်။

**ကိုးကား**

- **ရှေးဟောင်းမြန်မာကျောက်စာများ(ဦးငြိမ်းမောင်)**
- **ပုဂံခေတ် မြန်မာစာ(စောလူ)**
- **ပုဂံခေတ်ဖွားစောများ(ဗိုလ်မှူးဘရှင်)**
- **ပုဂံဆက်(ဒေါက်တာသန်းထွန်း)**

## သာတပေါင်း

- တပေါင်းနွေဦး မင်းလွင်မြူး
ကြည်နူးဖွယ်ရာ ရှုခင်းသာ
သာတယ်လေ့ သာတယ်လေး။

- ရော်ရွက်နီဝါ မြေသက်ခါ
ကြွေလာမစဲ လေမှာဝဲ
ဝဲတယ်လေ့ ဝဲတယ်လေး။

- နှင်းကြွင်းငွေသွင် ရစ်ရပ်ခွင်
တိုးဝင်နေလုံး ပန်းသွေးဖုံး
ဖုံးတယ်လေ့ ဖုံးတယ်လေး။

- နွေကြိုဥသြ လွမ်းသံနှော
မြိုင်တောတစ်ခွင် ချိုသံလွင်
လွင်တယ်လေ့ လွင်တယ်လေး။

- မရန်း သရက် အစေ့ယှက်
မပျက်သီးခိုင် ရွှန်းရွှန်းမြိုင်
မြိုင်တယ်လေ့ မြိုင်တယ်လေး။

- တောင်သူလုပ်ငန်း ကျွမ်းမှကျွမ်း
တစ်ဝှမ်းလယ်ယာ သီးနှံဖြာ
ဖြာတယ်လေ့ ဖြာတယ်လေး။

- သဲပုံစေတီ မှန်းမျှော်ရည်
တူညီရှိခိုး လက်စုံမိုး
မိုးတယ်လေ့ မိုးတယ်လေး။

- ရာသီတပေါင်း ပျော်ဖို့ကောင်း
ဖော်ပေါင်းလာလို ဆီးလို့ကြို
ကြိုမယ်လေ့ ကြိုမယ်လေး။ ။

**မန်းတင့်မော်**

# နောင်မွန်မြို့နယ် ထုံလာကျေးရွာ၌ ရေတားတမံတည်ဆောက်ပြီးစီးမှု စစ်ဆေး

**နောင်မွန် ဖေဖော်ဝါရီ ၁၇**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေဖြင့် ထုံလာကျေးရွာ၌ ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၆ ရက်က တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပူတာအိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မေညွန့်၊ နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လှိုင်နှင့် စီမံကိန်းတာဝန်ခံတို့က ထုံလာကျေးရွာတွင် ကွန်ကရစ်ဘောင်ဖြင့် ရေတားတမံ တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထုံလာကျေးရွာ၌ အရှည် ၂၅ ပေ၊ အကျယ် သုံးပေ၊ အမြင့် ငါးပေရှိ ကွန်ကရစ်ဘောင်ဖြင့် ရေတားတမံ တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ် ၁၅ သန်းအသုံးပြု၍ ဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလစတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**

# နိုင်ငံတကာ သတင်းများ

## အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ ငြိမ်းချမ်းရေးဘုတ်အဖွဲ့ ပထမဆုံးဆွေးနွေးပွဲ၌ ဥရောပသမဂ္ဂပါဝင်တက်ရောက်မည်



**ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၁၇**

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ဦးဆောင်သော ငြိမ်းချမ်းရေးဘုတ်အဖွဲ့၏ ပထမဆုံး ဆွေးနွေးပွဲတွင် ဥရောပသမဂ္ဂ တာဝန်ရှိသူများလည်း ပါဝင်တက်ရောက်မည်ဖြစ်ကြောင်း ယနေ့ သတင်းများတွင် ရေးသားတင်ပြထားသည်ဟု Xinhua သတင်းဌာနက ဖော်ပြထားသည်။

ငြိမ်းချမ်းရေးဘုတ်အဖွဲ့ ပထမဆုံးဆွေးနွေးပွဲကို ဝါရှင်တန်မြို့၌ ဖေဖော်ဝါရီ ၁၉ ရက်တွင်ကျင်းပရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က စီစဉ်ထားသည်။

ဥရောပသမဂ္ဂအနေဖြင့် ငြိမ်းချမ်းရေးဘုတ်အဖွဲ့၌ အဖွဲ့ဝင်တစ်ဦးအဖြစ် ပါဝင်မှုမရှိသော်လည်း ဖေဖော်ဝါရီ ၁၉ ရက် ဆွေးနွေးပွဲ၌ ပါဝင်ရန် စီစဉ်ထားကြောင်း ဥရောပသမဂ္ဂ ပြောရေးဆိုခွင့်ရှိသူက ထုတ်ဖော်ပြောကြားထားသည်။

ငြိမ်းချမ်းရေးဘုတ်အဖွဲ့ ပထမဆုံးဆွေးနွေးပွဲတွင် ဥရောပသမဂ္ဂကို ကိုယ်စားပြု၍ မြေထဲပင်လယ်ဒေသဆိုင်ရာဥရောပသမဂ္ဂမင်းကြီး ဒူဘရာကာဆူအီကာ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်မည်ဖြစ်ကြောင်း ဥရောပသမဂ္ဂတာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

ငြိမ်းချမ်းရေးဘုတ်အဖွဲ့အနေဖြင့် မူလက ဂါဇာဒေသပြန်လည်တည်ဆောက်ရေးအတွက် ရည်ရွယ်ဖွဲ့စည်းထားသော်လည်း နောက်ပိုင်းတွင် နိုင်ငံတကာပြဿနာများကိုလည်း ကြားဝင်ဖြေရှင်းမည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

သို့ဖြစ်ရာ ငြိမ်းချမ်းရေးဘုတ်အဖွဲ့မှာ ကုလသမဂ္ဂနှင့် အပြိုင်အဖွဲ့အစည်းဖြစ်လာမည့်အရေးကို ဥရောပသမဂ္ဂအဖွဲ့ဝင် နိုင်ငံအချို့က စိုးရိမ်လျက်ရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အေအိုင်နည်းပညာ ထိပ်သီးညီလာခံ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ စတင်ကျင်းပ

**ဒေလီ ဖေဖော်ဝါရီ ၁၇**

လူ့ဉာဏ်ရည်တု နည်းပညာ အကျိုးသက်ရောက်မှုဆိုင်ရာ နိုင်ငံတကာထိပ်သီးညီလာခံကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ ဖေဖော်ဝါရီ ၁၆ ရက်တွင် စတင်ကျင်းပနေပြီဖြစ်ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ထိပ်သီးညီလာခံတွင် အလုပ်အကိုင် အခွင့်အလမ်းများ ပျောက်ဆုံးမှုမှသည် ကလေးသူငယ်များ ဘေးကင်းလုံခြုံမှုထိ အကျုံးဝင်သော လူ့ဉာဏ်ရည်တု နည်းပညာ၏ အကျိုးသက်ရောက်မှုများကို ဆွေးနွေးကြမည်ဖြစ်သည်။

ငါးရက်ကြာမြင့်မည့် အဆိုပါ ညီလာခံသို့ ကမ္ဘာ့နိုင်ငံပေါင်း ၂၀ တို့မှ ခေါင်းဆောင်များနှင့် ဝန်ကြီးအဆင့်တာဝန်ရှိသူ ၄၅ ဦးတို့ ပါဝင်တက်ရောက်မည်ဖြစ်သည်။

ထို့ပြင် ဂူဂဲလ်ကုမ္ပဏီအပါအဝင် နိုင်ငံတကာ အေအိုင်နည်းပညာကုမ္ပဏီကြီးများမှ အမှုဆောင်အရာရှိချုပ်များလည်း တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် အေအိုင်နည်းပညာ နိုင်ငံတကာ ထိပ်သီးညီလာခံကို အိန္ဒိယကဲ့သို့ ဖွံ့ဖြိုးဆဲတတိယကမ္ဘာ့နိုင်ငံတစ်နိုင်ငံက လက်ခံကျင်းပခဲ့သော ပထမဆုံးညီလာခံဖြစ်သည်။

၂၀၂၅ ခုနှစ် အေအိုင်နည်းပညာ ထိပ်သီးညီလာခံကို ပြင်သစ်နိုင်ငံက ပဲရစ်မြို့တွင် လက်ခံကျင်းပခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## နိုင်ဂျီးရီးယားနိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင် ဦးရေ ၁၀၀ ခန့်ရောက်ရှိ

**အဘူဂျာ ဖေဖော်ဝါရီ ၁၇**

အစ္စလာမ္မစ် အကြမ်းဖက်အုပ်စု(အိုင်အက်စ်) ချေမှုန်းရေး လုပ်ငန်းစဉ်များတွင် ပါဝင်ကူညီရေးအတွက် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေ ၁၀၀ ခန့် နိုင်ဂျီးရီးယားနိုင်ငံသို့ ရောက်ရှိနေပြီဖြစ်ကြောင်း နိုင်ဂျီးရီးယားကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ဖေဖော်ဝါရီ ၁၆ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

နိုင်ဂျီးရီးယားနိုင်ငံရှိ အိုင်အက်စ် စစ်သွေးကြွများ ချေမှုန်းရေး လုပ်ငန်းစဉ်ကို အမေရိကန်အစိုးရက မြှင့်တင်နေချိန်တွင် နိုင်ဂျီးရီးယားနိုင်ငံသို့ အမေရိကန်တပ်ဖွဲ့ဝင် ဦးရေ ၁၀၀ ခန့် ရောက်ရှိလာခြင်း ဖြစ်သည်။

အမေရိကန်အစိုးရသည် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလကလည်း နိုင်ဂျီးရီးယားနိုင်ငံအတွင်းရှိ အိုင်အက်စ် ပစ်မှတ်များကို လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီးဖြစ်သည်။

နိုင်ဂျီးရီးယားနိုင်ငံသို့ ရောက်ရှိနေသော အမေရိကန်တပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ဂျီးရီးယားလက်နက်ကိုင်တပ်ဖွဲ့ဝင်များကို လေ့ကျင့်မှုများ ပြုလုပ်ပေးမည်ဖြစ်ကြောင်း နိုင်ဂျီးရီးယားကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

အမေရိကန် အစိုးရအနေဖြင့် နိုင်ဂျီးရီးယားနိုင်ငံသို့ တပ်ဖွဲ့ဝင် ဦးရေ၂၀၀ ခန့်ထိ စေလွှတ်ရန်စီစဉ်ထားကြောင်း နိုင်ဂျီးရီးယား တပ်မတော် တာဝန်ရှိသူများက ပြောကြားထားသည်။

အိုင်အက်စ် စစ်သွေးကြွများကို ရင်ဆိုင်ရေးအတွက် နိုင်ဂျီးရီးယားအနေဖြင့် အမေရိကန်နိုင်ငံ၏ စစ်လက်နက် အကူအညီများ လိုအပ်နေသည်ဟု နိုင်ဂျီးရီးယား တာဝန်ရှိသူများက ဝန်ခံထားကြောင်း သိရသည်။

Ref : RT

Trs : KKO



## ဟော်မုဇ်ရေလက်ကြားစစ်ရေးလေ့ကျင့်မှု အီရန်တော်လှန်ရေးအစောင့်တပ် စတင်

**တီဟီရန် ဖေဖော်ဝါရီ ၁၇**

အီရန်တော်လှန်ရေးအစောင့်တပ်သည် ပါရှန်ပင်လယ်ကွေ့ ဟော်မုဇ်ရေလက်ကြား၌ ဖေဖော်ဝါရီ ၁၆ ရက်မှစ၍ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်နေကြောင်း အီရန်အစိုးရမီဒီယာများက သတင်းထုတ်ပြန်ထားသည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အီရန်နှင့် အမေရိကန်အစိုးရ တာဝန်ရှိသူများကြား ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ တစ်ဆင့်ခံ နျူကလီးယား ဆွေးနွေးပွဲများ မစတင်မီ တစ်ရက်အလိုတွင် အီရန်တော်လှန်ရေးအစောင့်တပ်က ဟော်မုဇ်ရေလက်ကြား၌ စစ်ရေးလေ့ကျင့်မှုများ စတင်ခဲ့ခြင်းဖြစ်သည်။

အမေရိကန်နှင့် အီရန်တာဝန်ရှိသူများသည် အီရန်နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ သဘောတူညီချက်တစ်ရပ်ရယူရန် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ယနေ့တွင် ဒုတိယအကျော့ နျူကလီးယား ဆွေးနွေးပွဲများကျင်းပရန် စီစဉ်ထားသည်။

အီရန်နှင့် အမေရိကန်အစိုးရ ကိုယ်စားလှယ်များသည် အိုမန်နိုင်ငံ မတ်စ်ကတ်မြို့၌ ဖေဖော်ဝါရီ ၆ ရက်တွင်ပထမအကျော့နျူကလီးယားဆွေးနွေးပွဲများ ကျင်းပခဲ့ပြီး ဖြစ်သည်။

အီရန်နိုင်ငံအနေဖြင့် နျူကလီးယား သဘာတူညီချက်ရယူနိုင်မှု မရှိပါက ဆိုးရွားသည့်အကျိုးဆက်များနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

အီရန်နိုင်ငံသည် အရှေ့အလယ်ပိုင်းဒေသ၌ တင်းမာမှုများမြင့်တက်လာချိန်တိုင်း ဟော်မုဇ်ရေလက်ကြား၌ စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်လေ့ရှိကြောင်း သိရသည်။

Ref : RT

Trs : KKO




## စပိန်နိုင်ငံ၌ အဆောက်အအုံတစ်လုံးမီးလောင် လူငါးဦးသေဆုံးပြီး ကလေးလေးဦး ဒဏ်ရာရ

**မက်ဒရစ် ဖေဖော်ဝါရီ ၁၇**

စပိန်နိုင်ငံ အရှေ့မြောက်ပိုင်း ကာတာလိုနီးယားဒေသ၌ ဖေဖော်ဝါရီ ၁၆ ရက် ညပိုင်းက လူနေတိုက်အဆောက်အအုံ တစ်လုံး မီးလောင်မှုဖြစ်ပွားခဲ့ရာ လူ ငါးဦး သေဆုံး၍ ကလေး လေးဦးဒဏ်ရာ ရရှိခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

လူနေတိုက် အဆောက်အအုံ မီးလောင်မှုတွင် သေဆုံးခဲ့သူ အားလုံးမှာ လူငယ်များဖြစ်ကြကြောင်း မီးသတ်တပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

မီးလောင်မှု ဖြစ်ပွားခဲ့သည့် ငါးထပ် လူနေအဆောက်အအုံသည် မင်လ်လူမြို့၌ တည်ရှိသော အဆောက်အအုံဖြစ်သည်။

လက်ရှိတွင် အဆိုပါ လူနေတိုက် မီးလောင်မှုနှင့်ပတ်သက်၍ နောက်ခံ အကြောင်းရင်းကို ကာတာလိုနီးယား ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

အဆောက်အအုံ မီးလောင်မှုအတွင်း သေဆုံးခဲ့သူများကို မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်နိုင်ရေးအတွက် မှုခင်းကျွမ်းကျင်သူများက ကြိုးပမ်းလျက်ရှိသည်။

ဖေဖော်ဝါရီ ၁၆ ရက် မီးလောင်မှုသည် အဆောက်အအုံ၏ စတိုခန်းတစ်ခန်း၌ စတင်ခဲ့ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့တာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# SCIENCE AND TECHNOLOGY

## အမေရိကန်နိုင်ငံအခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီက စတားလင့်ခ်ဂြိုဟ်တုမစ်ရှင်နှစ်ခု ဆက်တိုက်လွှတ်တင်ခဲ့



**ဝါရှင်တန် ဖေဖော်ဝါရီ ၁၇**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ဖေဖော်ဝါရီ ၁၅ ရက်နှင့် ၁၆ ရက်တို့တွင် စတားလင့်ခ်ဂြိုဟ်တုမစ်ရှင် နှစ်ခု ဆက်တိုက် လွှတ်တင်ခဲ့ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၅ ရက်တွင် စပေ့စ်အိတ်ကုမ္ပဏီသည် စတားလင့်ခ် အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၄ စင်းကို ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါမစ်ရှင် လွှတ်တင်ပြီး တစ်နာရီခန့်အကြာတွင် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသော စတားလင့်ခ် ဂြိုဟ်တုများကို သတ်မှတ်ပတ်လမ်းပေါ်သို့အောင်မြင်စွာပို့ဆောင်နိုင်ခဲ့သည်။

ဖေဖော်ဝါရီ ၁၅ ရက် စတားလင့်ခ်မစ်ရှင်သည် ဖယ်လ်ကွန်-၉ ဒုံးပျံများ၏ အကြိမ် ၆၀၀ မြောက် မစ်ရှင်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် စပေ့စ်အိတ်ကုမ္ပဏီသည် ဖေဖော်ဝါရီ ၁၆ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံဖြင့် စတားလင့်ခ် ဂြိုဟ်တု ၂၉ စင်းကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှတစ်ဆင့် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့ကြောင်း သိရသည်။

အထက်ပါမစ်ရှင်နှစ်ခု အောင်မြင်မှုကြောင့် စပေ့စ်အိတ်ကုမ္ပဏီ၏ စတားလင့်ခ်အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်၌ ဝန်ဆောင်မှုပေးနိုင်သည့် ဂြိုဟ်တုစင်းရေ ၉၆၀၀ ကျော်ထိ ရှိလာပြီဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

## C/2024 E1 ကြယ်တံခွန်က လက်ရှိရယူထားသည့် ပတ်လမ်းအနေအထားအရ နေအဖွဲ့အစည်းအတွင်းမှ ကြယ်တာရာဟင်းလင်းပြင်နယ်မြေများအတွင်းသို့ ဝင်ရောက်သွားနိုင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၇**

C/2024 E1 အမည်ရှိ ရှေးဟောင်း ကြယ်တံခွန်ကြီး တစ်စင်းသည် လက်ရှိရယူထားသည့် ပတ်လမ်း အနေအထားအရ နေအဖွဲ့အစည်း အတွင်းမှ ကြယ်တာရာဟင်းလင်း ပြင်နယ်မြေများအတွင်းသို့ ဝင်ရောက်သွားနိုင်ကြောင်း အမေရိကန်သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ ဖေဖော်ဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

C/2024 E1 ကြယ်တံခွန်ကို ၂၀၂၄ ခုနှစ် မတ်လတွင် ပိုလန် နက္ခတ္တရူပဗေဒပညာရှင် ကတ်စပါးဝီယာချော့က ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်သည်။



အရွယ်အစားအားဖြင့် အချင်း ၈ ဒသမ ၅ မိုင်ခန့်ရှိသော C/2024 E1 ကြယ်တံခွန်သည် ယခုနှစ် ဇန်နဝါရီ ၁၀ ရက်တွင် နေကို အနီးဆုံးမှတ်ဖြစ်သည့် မိုင်ပေါင်း ၅၂ သန်းအကွာမှတစ်ဆင့် ဖြတ်ကျော် ပျံသန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် လက်ရှိရယူထားသော ပတ်လမ်းအနေအထားအရ C/2024 E1 ကြယ်တံခွန်သည် နေအဖွဲ့အစည်းအတွင်းမှ လွတ်ထွက်သွားလိမ့်မည်ဖြစ်ကြောင်း၊ ကြယ်တာရာဟင်းလင်းပြင် နယ်မြေထဲရောက်သွားချိန်တွင် C/2024 E1 ကြယ်တံခွန်သည် အခြားကြယ်စနစ်များကိုဖြတ်ကျော်၍ နှစ်သန်းပေါင်းများစွာ ဆက်လက်မျောလွင့်နေလိမ့်မည် ဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

C/2024 E1 ကြယ်တံခွန်သည် ယနေ့တွင် ကမ္ဘာဂြိုဟ်ကို မိုင်ပေါင်း ၉၄ သန်းအကွာမှ ဖြတ်ကျော် ပျံသန်းမည်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## နာဆာက ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်ကို ကယ်တင်နိုင်ရေးအတွက် ကြိုးပမ်းနေ

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၇**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်ကို ကယ်တင်နိုင်ရေးအတွက် ကြိုးပမ်းနေရကြောင်း ဖေဖော်ဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

၂၀၀၄ ခုနှစ်တွင် လွှတ်တင်ခဲ့သည့် ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်သည် စကြဝဠာ၏ စွမ်းအားအကြီးဆုံးပေါက်ကွဲမှုများဖြစ်ကြသော ဂမ်မာရောင်ခြည်ပေါက်ကွဲမှုများကို လေ့လာနေသည့် အာကာသရေဒီယိုတယ်လီစကုပ်ဖြစ်သည်။

သို့ရာတွင် မကြာသေးမီနှစ်များအတွင်း ဖြစ်ပွားခဲ့သော နေမျက်နှာပြင်စွမ်းအင်လှုပ်ရှားမှုများကြောင့် ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်၏ ပတ်လမ်းမှာ တဖြည်းဖြည်းနိမ့်ဆင်းလာသည်။

ထိုသို့ပတ်လမ်းအမြင့်ကျဆင်းလာခြင်းကြောင့် ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်သည် ကမ္ဘာ့လေထုလွှာအတွင်းသို့ အထိန်းအကွပ်မဲ့ ပြန်လည်ဝင်ရောက်လာနိုင်ကြောင်း နာဆာတာဝန်ရှိသူများက ပြောကြားသည်။

လက်ရှိအချိန်တွင် ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်၏ သက်တမ်းကို ထပ်တိုးနိုင်ရေးအတွက် နာဆာအဖွဲ့သည် ၎င်းအာကာသရေဒီယိုတယ်လီစကုပ်၏ စူးစမ်းလေ့လာရေးစနစ်အများစုကို ရပ်ဆိုင်းထားကြောင်း၊ အလားတူ ၂၀၂၅ ခုနှစ် နွေရာသီအတွင်း ဆွစ်ဖ်အာကာသရေဒီယိုတယ်လီစကုပ်၏ ပတ်လမ်းအမြင့်ကို မြှင့်တင်ရန်လည်း နာဆာအဖွဲ့က စီစဉ်ထားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# HEALTH

## Dementia ဖြစ်စဉ်သုံးခုလျှင်တစ်ခုမှာ ဦးနှောက်နှင့်မသက်ဆိုင်သည့်ရောဂါများနှင့်ဆက်စပ်နေ

**ပေကျင်း ဖေဖော်ဝါရီ ၁၇**

ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ(Dementia)ဖြစ်စဉ်သုံးခုလျှင် တစ်ခုမှာ ဦးနှောက်နှင့် မသက်ဆိုင်သည့် ရောဂါများနှင့်ဆက်စပ်နေကြောင်း သုတေသန ပညာရှင်များက ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြောကြားသည်။

တရုတ်နိုင်ငံ ဆွန်ယက်ဆွန် တက္ကသိုလ်မှ သုတေသနပညာရှင်များသည် Dementia ရောဂါဆိုင်ရာလေ့လာချက်ပေါင်း ၂၀၀ ကျော်တို့ကို ပြန်လည်ဆန်းစစ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ Dementia ဖြစ်စဉ်သုံးခုလျှင် တစ်ခုမှာ ဦးနှောက်နှင့် မသက်ဆိုင်သည့် ရောဂါများနှင့်ဆက်စပ်နေသည်ကို တွေ့ရကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

Dementia ရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်နေသည့် ရောဂါများထဲတွင် သွေးဖုံးရောင်ရောဂါ၊ နာတာရှည်အသည်းရောဂါ၊ အကြားအာရုံနှင့် အမြင်အာရုံဆုံးရှုံးမှု၊ ပုံစံ-၂ ဆီးချိုရောဂါတို့ ဖြစ်ကြောင်း၊ ထို့ပြင် အရိုးပွရောဂါ၊ ကျောက်ကပ်ရောဂါ၊ နှလုံးသွေးကြောရောဂါ၊ နာတာရှည်လေပြွန်ကျဉ်းမှုပြဿနာနှင့် အူမကြီးရောင်ရမ်းမှုရောဂါတို့သည်လည်း Dementia ရောဂါဖြစ်ပွားမှုနှင့် ဆက်စပ်နေကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Xinhua News

Trs : KKO

## ပြေးခြင်း၊ ရေကူးခြင်း၊ ကခုန်ခြင်းကဲ့သို့သော လေ့ကျင့်ခန်းများက စိတ်ကျန်းမာရေးပြဿနာများ ကုသရာတွင် ဦးစားပေးကုထုံးများဖြစ်လာနိုင်

**ကင်ဘာရာ ဖေဖော်ဝါရီ ၁၇**

ပြေးခြင်း၊ ရေကူးခြင်း၊ ကခုန်ခြင်းကဲ့သို့သော လေ့ကျင့်ခန်းများသည် စိတ်ကျန်းမာရေးပြဿနာများကုသရာတွင် ဦးစားပေးကုထုံးများဖြစ်လာနိုင်ကြောင်း ဩစတြေးလျသုတေသနပညာရှင်များက ဖေဖော်ဝါရီ ၁၆ ရက်တွင် ပြောကြားသည်။

ဩစတြေးလျနိုင်ငံ ဂျိမ်းကွတ်တက္ကသိုလ်မှသုတေသနပညာရှင်များသည် လေ့ကျင့်ခန်းပြုလုပ်မှုနှင့် စိတ်ကျန်းမာရေးပြဿနာများကြား ဆက်စပ်မှုကို ဖော်ထုတ်ထားသော သုတေသနလုပ်ငန်းများမှ ရရှိသည့် အချက်အလက်များကို ပြန်လည်ဆန်းစစ် လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ ပြေးခြင်း၊ ရေကူးခြင်း၊ ကခုန်ခြင်းကဲ့သို့သော လေ့ကျင့်ခန်းများသည် စိတ်ကျဝေဒနာနှင့် စိုးရိမ်သောကဝင်ရောက်နိုင်ခြေတို့ကို လျှော့ချပေးသည့် အထိရောက်ဆုံး လေ့ကျင့်ခန်းများ ဖြစ်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ လေ့ကျင့်ခန်းပြုလုပ်မှုသည် စိတ်ကျန်းမာရေးပြဿနာများကို ကုသရာတွင် ပုံမှန်ဆေးဝါးကုထုံးများကဲ့သို့ပင် ထိရောက်မှုရှိသည်ကို တွေ့ရကြောင်း၊ အထူးသဖြင့် နှလုံးခုန်နှုန်းကို မြှင့်တင်ပေးသည့် အေရိုးဗစ် လေ့ကျင့်ခန်းများမှာ စိတ်ကျဝေဒနာအပေါ် အကျိုးသက်ရောက်မှု အကြီးမားဆုံးဖြစ်သည်ဟု ဩစတြေးလျသုတေသန ပညာရှင်များက ပြောကြားကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# အာဆီယံအမျိုးသမီးဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲဝင်ရောက်မည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်း ထိုင်းနိုင်ငံသို့ရောက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

မြန်မာ့လက်ရွေးစင်အမျိုးသမီး ဖူဆယ်အသင်းနည်းပြ ဒေါ်ဝါဝါခိုင်နှင့် အာဆီယံအမျိုးသမီးချန်ပီယံရှစ် ပြိုင်ပွဲဝင်ရောက်မည့် မြန်မာ့လက်ရွေးစင် အမျိုးသမီးအသင်းသည် အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ထိုင်းနိုင်ငံသို့ ယနေ့တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။




ထိုင်းနိုင်ငံသို့ ရောက်ရှိခဲ့သည့် မြန်မာ့လက်ရွေးစင် အမျိုးသမီး ဖူဆယ်အသင်းကို နည်းပြအဖြစ် ဒေါ်ဝါဝါခိုင်က တာဝန်ယူကိုင်တွယ်မည်ဖြစ်ပြီး အုပ်ချုပ်သူ၊ နည်းပြအဖွဲ့ဝင် ၁၀ ဦးနှင့်အတူ ကစားသမား ၁၆ ဦး လိုက်ပါခဲ့ကြသည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းသည် ပြိုင်ပွဲမတိုင်မီ ထိုင်းနိုင်ငံရှိ Kasem Bundit University တွင် စခန်းသွင်းလေ့ကျင့်မှုများ လုပ်ဆောင်မည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြိုင်ပွဲကျင်းပမည့် Nakhon Ratchasima မြို့သို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်အမျိုးသမီးဖူဆယ်အသင်းသည် အာဆီယံအမျိုးသမီး ဖူဆယ်ချန်ပီယံရှစ်ပြိုင်ပွဲတွင် အုပ်စု(B)၌ ဗီယက်နမ်အသင်း၊ ဖိလစ်ပိုင်အသင်း၊ ဩစတြေးလျ အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စုပွဲစဉ်များအဖြစ် ဖေဖော်ဝါရီ ၂၄ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဖေဖော်ဝါရီ ၂၅ ရက်တွင် ဩစတြေးလျအသင်း၊ ဖေဖော်ဝါရီ ၂၆ ရက်တွင် ဗီယက်နမ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။ STA

# နောက်ကျောဒဏ်ရာသက်သာလာသည့် ဒီလစ် မန်ယူအသင်းနှင့် ပြန်လည်ပူးပေါင်းမည်

**မန်ချက်စတာ ဖေဖော်ဝါရီ ၁၇**

ပြီးခဲ့သည့်နှစ် နိုဝင်ဘာ ၃၀ ရက်က ကစားခဲ့သည့် ပဲလေ့စ် အသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်တွင် နောက်ကျောဒဏ်ရာရရှိခဲ့သည့် ခံစစ်ကစားသမား ဒီလစ်သည် ဒဏ်ရာပြန်လည်သက်သာလာသောကြောင့် လာမည့်မတ်လတွင် မန်ယူအသင်းနှင့် ပြန်လည်ပူးပေါင်းနိုင်မည် ဖြစ်ကြောင်း Mirrror သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဒီလစ်၏ နောက်ကျောဒဏ်ရာသည် ကနဦးစစ်ဆေးချက်အရ ပြင်းထန်မှုမရှိသော်လည်း ကစားသမားအနေဖြင့် ကြံ့ခိုင်မှုအားနည်းချက်ကြောင့် အသင်း၏ ပွဲစဉ် ၁၅ ပွဲထိလွဲချော်ခဲ့ပြီး ယခုနှစ် ဘောလုံးရာသီတွင် အသင်းအတွက် ပြိုင်ပွဲစုံ ၁၄ ပွဲသာပါဝင်ကစားခဲ့သည်။

လက်ရှိတွင် မန်ယူအသင်း ခံစစ်ပိုင်းကို မက်ဂွိုင်းယားနှင့် မာတီနက်ဇ်တို့အတွဲက ဦးဆောင်နေပြီး ၎င်းတို့ခံစစ်အတွဲသည် ယာယီနည်းပြ ကာရစ် လက်အောက်တွင် နောက်ဆုံးကစားခဲ့သည့် ငါးပွဲဆက်ရှုံးပွဲမရှိအောင် စွမ်းဆောင် ထားသောကြောင့် ဒီလစ် ပြန်လည်ကစားနိုင်ပါက ပွဲထွက်ခွင့်အတွက် ထပ်မံယှဉ်ပြိုင်ရမည်ဖြစ်သည်။

ထို့ပြင် နည်းပြကာရစ်အနေဖြင့်လည်း ဒီလစ်ကို လက်ရှိတွင် အသုံးပြုရန် မဖြစ်နိုင်သေးသောကြောင့် လာမည့်အဲဗာတန်အသင်း နှင့် အမှတ်ပေးပွဲစဉ်တွင် ထည့်သွင်းအသုံးပြုမည် မဟုတ်ဘဲ လာမည့် မတ် ၁ ရက်တွင်ကစားမည့် ပဲလေ့စ်အသင်းနှင့် ပွဲစဉ်၌သာ ပြန်လည်ပါဝင်ရန်သေချာမည်ဖြစ်ကြောင်း သိရသည်။

Ref : Mirror

Trs : ML




# ရီးရဲလ်မက်ဒရစ်အသင်းက ဘယ်လင်ဟမ် တံကောက်ကြောဒဏ်ရာကြောင့် ရက်သတ္တရှစ်ပတ်ခန့် ထပ်မံအနားယူရမည်

**မက်ဒရစ် ဖေဖော်ဝါရီ ၁၇**

ရီးရဲလ်မက်ဒရစ် အသင်းက အသင်းမှ အဓိက ကွင်းလယ်ကစားသမား ဘယ်လင်ဟမ်အနေဖြင့် တံကောက်ကြောဒဏ်ရာသက်သာခြင်းမရှိသည့်အတွက် ရက်သတ္တရှစ်ပတ်ခန့် ထပ်မံအနားယူရမည်ဟု အတည်ပြုကြေညာခဲ့ကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘယ်လင်ဟမ်သည် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၁ ရက်က စပိန်လာလီဂါပွဲစဉ်အဖြစ်ကစားခဲ့သည့် ဗယ်လ်ကာနိုအသင်းနှင့် ပွဲစဉ်တွင် တံကောက်ကြောဒဏ်ရာ ရရှိခဲ့ပြီး နောက် အနားယူနေခဲ့ရသူဖြစ်ပြီး လက်ရှိတွင် ဒဏ်ရာနှင့်ပတ်သက်၍ အသေးစိတ် ဆေးစစ်မှုများလုပ်ဆောင်ခဲ့ပြီးနောက်ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန် ရက်သတ္တရှစ်ပတ်ခန့် ထပ်မံအနားယူရမည်ဖြစ်သည်။

ဘယ်လင်ဟမ်သည် ယခုနှစ်ဘောလုံးရာသီမစတင်မီက ပခုံးဒဏ်ရာခွဲစိတ်ကုသမှုခံယူခဲ့ရသည့်အတွက် အနားယူနေခဲ့ရပြီး ရာသီအစပိုင်းပွဲစဉ်များကို လွဲချော်ခဲ့ရပြီးနောက် ယခုအခါတွင်လည်း ဒဏ်ရာကြောင့် လနှင့်ချီထပ်မံအနားယူရမည်ဖြစ်သဖြင့် ယခုနှစ် ဘောလုံးရာသီ နှောင်းပိုင်းထိ အနားယူရမည်ဖြစ်သည်။

ရီးရဲလ်မက်ဒရစ် အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် အဓိက ကစားသမားများကို ဒဏ်ရာ ပြဿနာများကြောင့် မကြာခဏ လက်လွှတ်နေရပြီး ယခုအခါတွင်လည်း ဘယ်လင်ဟမ်အနေဖြင့် ဒဏ်ရာကြောင့် ကာလရှည်အနားယူရမည်ဖြစ်ပြီး ချန်ပီယံဆုအတွက် အားပြိုင်နေရသည့် ရီးရဲလ်မက်ဒရစ် အသင်းအတွက် ထိုးနှက်ချက်ဖြစ်လာဖွယ်ရှိနေကြောင်း သိရသည်။

Ref : One Football

Trs : STA

# မိုက်တိုင်ဆန်နှင့် မေဝယ်သာတို့ ယှဉ်ပြိုင်ထိုးသတ်မည့်အချိန်နှင့်နေရာကို တရားဝင်ထုတ်ပြန်

**နယူးယောက် ဖေဖော်ဝါရီ ၁၇**

လက်ဝှေ့လောက၏ ဂန္ထဝင်လက်ဝှေ့သမားများအဖြစ် သတ်မှတ်ခြင်းခံထားရသော အမေရိကန် လက်ဝှေ့သမားများဖြစ်ကြသည့် မိုက်တိုင်ဆန်နှင့် မေဝယ်သာတို့သည် ရန်ပုံငွေစိန်ခေါ်ပွဲထိုးသတ်ရန် သဘောတူညီချက်ရရှိခဲ့ပြီးနောက် အဆိုပါ စိန်ခေါ်ပွဲကို ကွန်ဂိုနိုင်ငံတွင် ယခုနှစ် ဧပြီ ၂၅ ရက်၌ ထိုးသတ်မည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်ဟု TMZ Sports သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မိုက်တိုင်ဆန်သည် လက်ဝှေ့လောကတွင်သံမဏိလူသားအဖြစ် တင်စားခံထားရသူဖြစ်ပြီး ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံဟောင်းတစ်ဦးလည်းဖြစ်သကဲ့သို့ မေဝယ်သာသည်လည်း မတူညီသော ဝိတ်တန်း ငါးခုတွင် ကမ္ဘာ့ချန်ပီယံခါးပတ်များကို ဆွတ်ခူးခဲ့ဖူးသူဖြစ်ပြီး စိန်ခေါ်ပွဲပေါင်း ၅၀ တွင် ရှုံးပွဲမရှိသည့် မှတ်တမ်းဖြင့် လက်ဝှေ့လောကမှ အနားယူခဲ့သူဖြစ်သည်။

မိုက်တိုင်ဆန်က "မေဝယ်သာနဲ့ ထိုးသတ်သွားမယ်။ သူ့ဘက်က ကျွန်တော့်ကို စိန်ခေါ်လာတာပါ။ ကျွန်တော် လက်ခံလိုက်တယ်။ ကိုယ့်အကြောင်း ကိုယ်သိလို့ လက်ခံလိုက်တာပါ"ဟု ပြောကြားခဲ့သည်။

TMZ Sports သတင်းဌာနက " မိုက်တိုင်ဆန်နဲ့ မေဝယ်သာတို့ရဲ့ စိန်ခေါ်ပွဲအတွက် နေရာနဲ့အချိန် သတ်မှတ်ပြီးပါပြီ။ လာမဲ့ ဧပြီ ၂၅ ရက် ကွန်ဂိုနိုင်ငံမှာ ထိုးသတ်သွားကြမှာဖြစ်ပါတယ်"ဟု ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

Ref : TMZ Sports

Trs : AZL

# အင်္ဂလန်အမျိုးသမီး ဂေါက်သီးရိုက်လောက၏ ကမ္ဘာ့အဆင့်သတ်မှတ်ချက် အမြင့်ဆုံးနေရာသို့တက်လှမ်းနိုင်သည့် ကစားသမားအဖြစ် ချာလေဟူး မှတ်တမ်းဝင်

**လန်ဒန် ဖေဖော်ဝါရီ ၁၇**

အင်္ဂလန်အမျိုးသမီး ဂေါက်သီး ရိုက်မယ် ချာလေဟူးသည် နောက်ဆုံးထုတ်ပြန်သည့် ကမ္ဘာ့အဆင့်သတ်မှတ်ချက်တွင် ကမ္ဘာ့အဆင့်(၃)နေရာ၌ ရပ်တည်ခဲ့ပြီး နောက် အင်္ဂလန်အမျိုးသမီး ဂေါက်သီးရိုက်လောကတွင် ကမ္ဘာ့အဆင့်သတ်မှတ်ချက် အမြင့်ဆုံးနေရာသို့ တက်လှမ်းနိုင်သည့်ကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Deadspin သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ချာလေဟူးသည် ဖေဖော်ဝါရီ ၁၁ ရက်မှ ၁၄ ရက်အတွင်း ဆော်ဒီအာရေဗျနိုင်ငံတွင် ကျင်းပခဲ့သော PIF Saudi Ladies International ပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးခဲ့ပြီးနောက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်၌ အဆင့်(၃)နေရာတွင် ရပ်တည်နိုင်ခဲ့ပြီး ထိုင်းဂေါက်သီးရိုက်မယ် သီတီဂူလ်က ကမ္ဘာ့အဆင့်(၁) နေရာတွင် ဆက်လက်ရပ်တည်ခဲ့ကာ အမေရိကန်ဂေါက်သီးရိုက်မယ် နယ်လီကော်ဒါက ကမ္ဘာ့အဆင့်(၂) နေရာ၌ ဆက်လက်ရပ်တည်ခဲ့ကြကြောင်း သိရသည်။

ချာလေဟူးက "၂၀၂၅ ခုနှစ် ဂေါက်သီးရိုက်ရာသီပြီးဆုံးသွားတဲ့အချိန်ကစပြီးတော့ လေ့ကျင့်ပြင်ဆင်မှုတွေမှာ အချိန်ပေးခဲ့ပါတယ်။ ၂၀၂၆ ခုနှစ်အတွင်းမှာ ကစားသမားဘဝရဲ့ အရွေ့တစ်ခုကို အောင်မြင်စွာ ပြုလုပ်နိုင်ရမယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ စွမ်းဆောင်ရည်တွေ တိုးတက်လာအောင် ကြိုးစားခဲ့ပါတယ်။ ပြင်ဆင်လေ့ကျင့်မှုတွေကြောင့် ရလဒ်အနေနဲ့ပြိုင်ပွဲကြီးတစ်ရပ်ဖြစ်တဲ့ PIF Saudi Ladies International မှာ အောင်မြင်မှုရခဲ့တယ်။ ကစားသမားဘဝအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက် အမြင့်ဆုံးနေရာကိုလဲ ရောက်လာနိုင်ခဲ့ပါပြီ"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Deadspin

Trs : AZL

# Qatar Open တင်းနစ်ပြိုင်ပွဲ ဒုတိယအဆင့်ကို ကမ္ဘာ့အဆင့်(၂) အီတလီတင်းနစ်ကစားသမား ဂျန်နစ်ခ်ဆင်နာ တက်လှမ်း



**ဒိုဟာ ဖေဖော်ဝါရီ ၁၇**

ကာတာနိုင်ငံ ဒိုဟာမြို့တွင် ကျင်းပနေသည့် Qatar Open တင်းနစ်ပြိုင်ပွဲ ပထမအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၂) နေရာတွင် ရပ်တည်နေသည့် အီတလီတင်းနစ် ကစားသမား ဂျန်နစ်ခ်ဆင်နာနှင့် ချက်တင်းနစ်ကစားသမား မာချက်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂျန်နစ်ခ်ဆင်နာက (၆-၁၊ ၆-၄) ရလဒ်ဖြင့် အနိုင်ရပြီး ဒုတိယအဆင့်သို့ တက်လှမ်းခဲ့ကြောင်း Tennis 365 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျန်နစ်ခ်ဆင်နာ အနေဖြင့် ချက်တင်းနစ် လောက၏ အကောင်းဆုံးကစားသမားစာရင်းတွင်ပါဝင်နေသည့် မာချက်ကို ပြတ်သားသည့်ရလဒ်ဖြင့် အနိုင်ရခဲ့ပြီး ချန်ပီယံလက်စွမ်းကိုလည်း ပြသခဲ့သကဲ့သို့ ပွဲဦးထွက်တွင် အနိုင်ရလဒ်ကို စွမ်းဆောင်ခဲ့ပြီး မာချက်ကို hard court ကွင်းအမျိုးအစားတွင် မိနစ် ၇၀ ကြာကစားခဲ့ပြီး အနိုင်ရခဲ့ခြင်းဖြစ်သည်။

ဂျန်နစ်ခ်ဆင်နာက "အနိုင်ရခဲ့လို့ ဝမ်းသာပါတယ်။ ဒါပေမဲ့ hard court ကွင်းအမျိုးအစားက တစ်ကွင်းနဲ့တစ်ကွင်း အခြေအနေ မတူကြပါဘူး။ ကွင်းအခြေအနေ ဘယ်လိုပဲဖြစ်ဖြစ် ကစားရတဲ့ကွင်းနဲ့ လိုက်လျောညီထွေဖြစ်အောင် ကစားနိုင်ဖို့ကြိုးစားရမယ်။ မာချက်နဲ့က အခုပြိုင်ပွဲမတိုင်မီ ပြိုင်ပွဲတချို့မှာ ယှဉ်ပြိုင်ကစားခဲ့ဖူးပါတယ်။ ဒါကြောင့် သူ့အကြောင်းကို သိသင့်သလောက် သိထားလို့ ကြိုတင်ပြင်ဆင်မှုတွေ ပြုလုပ်ထားနိုင်ခဲ့ပါတယ်။ လေ့ကျင့်ရေးအစီအစဉ်မှာလောက်ကောင်းအောင် မကစားနိုင်ခဲ့ပေမဲ့လဲ ရလဒ်ကောင်းနဲ့ အနိုင်ရခဲ့တဲ့အတွက် အားရကျေနပ်မှုရှိပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Tennis 365**

**Trs : AZL**

# လီဗာပူးအသင်း၏ ဇန်နဝါရီလအတွက် အကောင်းဆုံးသွင်းဂိုးဆုကို ဆိုဘော့ဆလိုင် ဆွတ်ခူး

**လီဗာပူး ဖေဖော်ဝါရီ ၁၇**

လီဗာပူး အသင်းပရိသတ်များက ရွေးချယ်သည့် ဇန်နဝါရီလအတွက် အကောင်းဆုံးသွင်းဂိုးဆုကို ကွင်းလယ်ကစားသမား ဆိုဘော့ဆလိုင်က ဆွတ်ခူးခဲ့ကြောင်း Liverpool.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

၎င်းသည် ပြီးခဲ့သည့် ဇန်နဝါရီလက ဘန်စလေအသင်းနှင့်ကစားခဲ့သည့် အက်ဖ်အေဖလားပွဲစဉ်တွင် သွင်းဂိုးတစ်ဂိုးသွင်းယူခဲ့ပြီး အဆိုပါသွင်းဂိုးသည် ၂၅ ကိုက်အကွာမှသွင်းယူခဲ့သည့် အလွတ်ကန်ဘောကြောင့် ပြိုင်ဘက်ဂိုးသမားကာကွယ်မှုမလုပ်နိုင်သည့် သွင်းဂိုးဖြစ်သည့်အတွက် အသင်းပရိသတ်များ၏ ဆန္ဒမဲအများဆုံးရရှိခဲ့ကာ အကောင်းဆုံးသွင်းဂိုးဆုအဖြစ် ရွေးချယ်ခံရခြင်းဖြစ်သည်။

အဆိုပါသွင်းဂိုးဆု ဆန်ခါတင်စာရင်းတွင် နယူးကာဆယ်အသင်းနှင့်ပွဲစဉ်တွင် သွင်းယူခဲ့သည့် အီကီတီကီ၏ သွင်းဂိုးက ဒုတိယ၊ မာဆေးအသင်းနှင့် ပွဲစဉ်တွင် သွင်းယူခဲ့သည့် ဆိုဘော့ဆလိုင်၏ သွင်းဂိုးက တတိယ၊ ကွာရာဘတ်အသင်းနှင့်ပွဲစဉ်တွင် သွင်းယူခဲ့သည့် ဆာလာဟ်၏ သွင်းဂိုးက စတုတ္ထ၊ ဘုန်းမောက်အသင်းနှင့် ပွဲစဉ်တွင်သွင်းယူခဲ့သည့် ဆိုဘော့ဆလိုင်၏ သွင်းဂိုးက ပဉ္စမနေရာတွင် ရပ်တည်ခဲ့ပြီး ၎င်း၏သွင်းဂိုးများက ဆန်ခါတင်ငါးဦးစာရင်းတွင် သုံးကြိမ်ထိ ပါဝင်ခဲ့ကာ အကောင်းဆုံး သွင်းဂိုးဆုကိုရရှိခဲ့ခြင်းဖြစ်သည်။

ဆိုဘော့ဆလိုင်သည် ယခုနှစ်ဘောလုံးရာသီတွင် လီဗာပူးအသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၅ ပွဲတွင် သွင်းဂိုး ၁၀ ဂိုးနှင့် ဂိုးဖန်တီးမှုခုနစ်ကြိမ် ပြုလုပ်ထားကြောင်း သိရသည်။

**Ref : Liverpool FC.com**

**Trs : ML**



# ထိပ်တန်းအသင်းကြီးများက ခေါ်ယူရန်ပစ်မှတ်ထားနေသည့် ဂစ်ဝှိုက်ကို နော်တင်ဟမ်အသင်းက ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၇၀ သတ်မှတ်

**လန်ဒန် ဖေဖော်ဝါရီ ၁၇**

နော်တင်ဟမ် အသင်းက လာမည့် နွေရာသီကစားသမားအပြောင်းအရွှေ့ ကာလတွင် ထိပ်တန်းအသင်းကြီးများ ခေါ်ယူရန်ပစ်မှတ်ထားနေသည့် အသင်းမှ ကွင်းလယ်ကစားသမား ဂစ်ဝှိုက်အတွက် ပြောင်းရွှေ့ကြေးကို စတာလင်ပေါင် သန်း ၇၀ သတ်မှတ်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဂစ်ဝှိုက်သည် ပြီးခဲ့သည့် ဘောလုံးရာသီ ကတည်းက နော်တင်ဟမ် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသခဲ့ပြီးနောက် အင်္ဂလန်အသင်းတွင်ပါ ရွေးချယ်ခံခဲ့ရပြီး ပြီးခဲ့သည့် နွေရာသီ ကစားသမားအပြောင်းအရွှေ့ကာလက ထိပ်တန်းအသင်းကြီးများ၏ ကမ်းလှမ်းမှုများ ရရှိခဲ့သော်လည်း နော်တင်ဟမ်အသင်းက ကမ်းလှမ်းမှုများကို ပယ်ချခဲ့သည့်အတွက် အသင်းနှင့် ဆက်လက် ပူးပေါင်းခဲ့ရခြင်းဖြစ်သည်။

နော်တင်ဟမ် အသင်းက ဂစ်ဝှိုက်သည် ယခုနှစ်ဘောလုံးရာသီတွင်လည်း အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသနေပြီး ကွင်းလယ်ကစားသမား တစ်ဦးဖြစ်သော်လည်း တိုက်စစ်ထိ လိုက်ပါကာ ဂိုးသွင်းယူနိုင်စွမ်းရှိသည့် ကစားသမားတစ်ဦးဖြစ်သည့်အတွက် လာမည့်နွေရာသီ ကစားသမား အပြောင်းအရွှေ့ကာလတွင် စပါးအသင်းနှင့် မန်စီးတီးအသင်းတို့က ခေါ်ယူရန် ပစ်မှတ်ထားနေခြင်းဖြစ်သည်။

ဂစ်ဝှိုက်ကို မရောင်းချလိုသော်လည်း အသင်းအနေဖြင့် ယခုနှစ်ဘောလုံးရာသီတွင် တန်းဆင်းဇုန်ဖိအားများနှင့် ရုန်းကန်နေရသည့်အတွက် လာမည့်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ၎င်းကိုယ်တိုင်က အသင်းမှထွက်ခွာရန် ဆုံးဖြတ်ထားသဖြင့် နော်တင်ဟမ်အသင်းက မြင့်မားသည့် ပြောင်းရွှေ့ကြေးတစ်ရပ်သတ်မှတ်ထားကြောင်း သိရသည်။

**Ref : Fotmob**

**Trs : STA**

# အက်ဖ်အေဖလား ပဉ္စမအဆင့်တွင် မန်စီးတီးအသင်းနှင့် နယူးကာဆယ်အသင်းတို့ ထပ်မံတွေ့ဆုံ

**လန်ဒန် ဖေဖော်ဝါရီ ၁၇**

အက်ဖ်အေဖလား ပဉ္စမအဆင့် မဲခွဲပွဲကို စတုတ္ထအဆင့်ပွဲစဉ်များ အပြီးတွင်ပြုလုပ်ခဲ့ရာ မန်စီးတီးအသင်းက နယူးကာဆယ်အသင်းနှင့် ထပ်မံတွေ့ဆုံခဲ့ကြောင်း The-fa.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

မန်စီးတီးအသင်းသည် စတုတ္ထအဆင့်တွင် အင်္ဂလန်လိဂ်-၂ ကလပ် ဆဲလ်ဖို့ဒ်အသင်းကို နှစ်ဂိုးဂိုးမရှိဖြင့် အနိုင်ရခဲ့သည့်အတွက် အေဗီလာအသင်းကို သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့သည့် နယူးကာဆယ်အသင်းနှင့် တွေ့ဆုံခဲ့သည်။

အဆိုပါနှစ်သင်းသည် ဖေဖော်ဝါရီ ၅ ရက်က ကစားခဲ့သည့် ကွာရာဘောင်းဖလား ဆီမီးဖိုင်နယ်အဆင့်တွင် တွေ့ဆုံခဲ့စဉ်က မန်စီးတီးအသင်းက အိမ်ကွင်းတွင်ကစားခဲ့ရပြီး မန်စီးတီးအသင်းက သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီးနောက် ယခုအက်ဖ်အေဖလားပွဲစဉ်တွင်လည်း မန်စီးတီးအသင်းအိမ်ကွင်းတွင် ထပ်မံကစားရမည်ဖြစ်သည်။

ပဉ္စမအဆင့် မဲခွဲမှုအပြီးတွင် ဖူလ်ဟမ်အသင်းနှင့် ဆောက်သမ်တန်အသင်း၊ ပေ့ါဗေးလ်အသင်းနှင့် ဘရစ္စတိုးအသင်းမှ အနိုင်ရမည့်အသင်းနှင့် ဆန်းဒါးလန်းအသင်း၊ လိဒ်ယူနိုက်တက် အသင်းက နော့ဝှစ်အသင်း၊ မန်ဖီးအသင်းနှင့် အာဆင်နယ်အသင်း၊ ဝုဗ်အသင်းနှင့် လီဗာပူးအသင်း၊ ဝီဟမ်းအသင်းနှင့် ချဲလ်ဆီးအသင်း၊ ဝက်စ်ဟမ်းအသင်းနှင့် ဘရန့်ဖို့ဒ်အသင်းတို့တွေ့ဆုံနေပြီး အဆိုပါ ပွဲစဉ်များကို လာမည့် မတ် ၇ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**Ref : Thefa.com**

**Trs : ML**

# ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မတူညီသည့်ကလပ်အသင်း ခုနစ်သင်းဖြင့်ရှုံးထွက်အဆင့်ပွဲစဉ် ကိုင်တွယ်ခဲ့သည့် ပထမဆုံးနည်းပြအဖြစ် ဘင်ဖီကာနည်းပြမော်ရင်ဟို မှတ်တမ်းဝင်

**လစ္စဘွန်း ဖေဖော်ဝါရီ ၁၇**

ဘင်ဖီကာအသင်း နည်းပြမော်ရင်ဟိုသည် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတစ်လျှောက်တွင် မတူညီသည့် ကလပ်အသင်း ခုနစ်သင်းဖြင့် ရှုံးထွက်အဆင့်ပွဲစဉ်တာဝန်ယူကိုင်တွယ်ခဲ့သည့် ပထမဆုံးနည်းပြအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း One Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

နည်းပြမော်ရင်ဟိုသည် ချန်ပီယံလိဂ်ပြိုင်ပွဲ ရှုံးထွက်အဆင့် ပထမအကျော့ပွဲစဉ်အဖြစ် ကစားခဲ့သည့် ဘင်ဖီကာအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ပွဲစဉ်ကို တာဝန်ယူ ကိုင်တွယ်ခဲ့ပြီးနောက် မှတ်တမ်းကောင်း တစ်ရပ်ကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။



နည်းပြမော်ရင်ဟိုသည် ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ပေါ်တိုအသင်း၊ ချဲလ်ဆီးအသင်း၊ အင်တာမီလန်အသင်း၊ ရီးရဲလ်မက်ဒရစ်အသင်း၊ မန်ယူအသင်း၊ စပါးအသင်း၊ ဖီနာဘာချီအသင်း အစရှိသည့် မတူညီသည့် ကလပ်အသင်း ခုနစ်သင်းဖြင့် ရှုံးထွက်အဆင့်ပွဲစဉ်များကို တာဝန်ယူကိုင်တွယ်ခဲ့ခြင်းဖြစ်သည်။

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် မတူညီသည့်ကလပ်အသင်းများနှင့် ရှုံးထွက်အဆင့်တက်ရောက်နိုင်သည့် နည်းပြများအဖြစ် မော်ရင်ဟို၏နောက်တွင် လက်ရှိ ဘာရာဇီးအသင်းနည်းပြ အန်ဆယ်လော့တီက ခြောက်သင်း၊ ရိုးမားအသင်းနည်းပြဟောင်း ရေနီယာရီက ငါးသင်း၊ လက်ရှိအေဗီလာအသင်းနည်းပြအမ်မရီက လေးသင်းဖြင့် အသီးသီးရပ်တည်နေကြကြောင်း သိရသည်။

**Ref : One Football**

**Trs : STA**

# ကမ္ဘာလုံးဆိုင်ရာတန်ဖိုးပြောင်းလဲမှုများနှင့် ၂၀၂၆ ခုနှစ် စီးပွားရေးအလားအလာ

ကမ္ဘာ့စီးပွားရေးသည် ကိုဗစ်-၁၉ ရောဂါအလွန် ပြန်လည်ကောင်းမွန်လာမှုမှ ပြောင်းလဲလာသော လုပ်ဆောင်ချက်အဆင့်သို့ ကူးပြောင်းလာသည်။ ၂၀၂၆ ခုနှစ်တွင် တန်ဖိုးကို မည်သို့ဖန်တီးသည်၊ ရောင်းဝယ်သည်၊ နိုင်ငံတကာစီးပွားရေးကွန်ရက်များတွင် မည်သို့ထည့်သွင်းသည်ဆိုသည့်အချက်များ ထင်ရှားလာသည်။ ရိုးရှင်းသော GDP တိုးတက်မှု ခန့်မှန်းချက်များအောက်တွင် အခြေခံအပြောင်းအလဲများသည် ကမ္ဘာလုံးဆိုင်ရာတန်ဖိုးကွင်းဆက်များ၊ နည်းပညာဦးဆောင်သောယှဉ်ပြိုင်မှုနှင့် ပထဝီနိုင်ငံရေးစီးပွားရေးညှိနှိုင်းမှုများကို ပြန်လည်ပုံဖော်နေပြီး ကမ္ဘာတစ်ဝန်းရှိ ထုတ်လုပ်မှု၊ ခံနိုင်ရည်ရှိမှုနှင့် မူဝါဒမူဘောင်များအတွက် နက်ရှိုင်းသောသက်ရောက်မှုများရှိသည်။

**တည်ငြိမ်သောတိုးတက်မှု၊ ဖွဲ့စည်းပုံပြောင်းလဲမှု**

အဓိကနိုင်ငံတကာအဖွဲ့အစည်းများ၏ ခန့်မှန်းချက်များအရ ကမ္ဘာ့စီးပွားရေးသည် ၂၀၂၆ ခုနှစ်တွင် ၂ ဒသမ ၆ မှ ၂ ဒသမ ၇ ရာခိုင်နှုန်းခန့် တိုးချဲ့လာမည်ဖြစ်ပြီး မကြာသေးမီက သမိုင်းဝင်စံနှုန်းများထက် အနည်းငယ်နိမ့်ကျပြီး ကိုဗစ်-၁၉ မတိုင်မီ ပျမ်းမျှထက် နိမ့်ကျနေမည်ဖြစ်သည်။ ခေါင်းစဉ်ကိန်းဂဏန်းများတွင် ဤစဉ်ဆက်မပြတ်ဖြစ်ပေါ်နေမှုသည် ဖွဲ့စည်းပုံနှင့်ကြီးထွားမှု၏ မောင်းနှင်အားများတွင် ပိုမိုနက်ရှိုင်းသောအပြောင်းအလဲကို ဖုံးကွယ်ထားသည်။ ကမ္ဘာ့ဘဏ်၏ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးအလားအလာများအရ ကမ္ဘာလုံးဆိုင်ရာ GDP တိုးတက်မှုသည် ၂၀၂၆ ခုနှစ်တွင် ယေဘုယျအားဖြင့် တည်ငြိမ်နေမည်ဟု ခန့်မှန်းထားသော်လည်း ရင်းနှီးမြှုပ်နှံမှုနည်းပါးသော အသေးစားစီးပွားရေးလုပ်ငန်းများ၏ မရေမရာမှုများက ယခင်ဆယ်စုနှစ်များနှင့်နှိုင်းယှဉ်ပါက ဖွဲ့စည်းပုံနှေးကွေးနိုင်ခြေကို ညွှန်ပြနေသည်။

ဤပြောင်းလဲနေသောအခြေအနေကို အခြေခံသည့်အချက်များစွာရှိသည်။ အစိုးရနှင့် ပုဂ္ဂလိကကြွေးမြီများ အဆက်မပြတ်မြင့်မားနေခြင်း၊ ဒေသများတစ်လျှောက် ရင်းနှီးမြှုပ်နှံမှုစီးဆင်းမှုမညီမျှခြင်းနှင့် ဖွံ့ဖြိုးပြီးစီးပွားရေးများတွင် လူသားအရင်းအမြစ်ဆိုင်ရာ အခက်အခဲများရှိသည်။ ဤအခြေအနေများသည် စီးပွားရေးကျဆင်းမှုကို မဖြစ်ပေါ်စေသော်လည်း ထုတ်လုပ်တိုးတက်မှုနှင့်တန်ဖိုးဖန်တီးမှုတွင် အရေးကြီးသည်။

**ကမ္ဘာလုံးဆိုင်ရာတန်ဖိုးကွင်းဆက်များတွင် (New Normal) ပုံမှန်သစ်အနေဖြင့် မတည်ငြိမ်မှု**

၂၀၂၆ ခုနှစ်တွင် အထင်ရှားဆုံးပြောင်းလဲမှုမှာ GDP ရာခိုင်နှုန်းများမဟုတ်ဘဲ ကမ္ဘာလုံးဆိုင်ရာတန်ဖိုးကွင်းဆက်များ(GVC)ကို မည်သို့ပြန်လည်ဖွဲ့စည်းနေသည်ဆိုသည့်အချက်ဖြစ်သည်။ ကမ္ဘာ့စီးပွားရေးဖိုရမ်၏ ကမ္ဘာလုံးဆိုင်ရာတန်ဖိုးကွင်းဆက်များအလားအလာအရ ၂၀၂၆ တွင် ယာယီအနှောင့်အယှက်ထက် ဖွဲ့စည်းပုံဆိုင်ရာမတည်ငြိမ်မှုကို ထင်ဟပ်စေသည့် ထောက်ပံ့ရေးကွင်းဆက်ဗိသုကာ၏ အခြေခံပြန်လည်ချိန်ညှိမှုကို ဖော်ထုတ်ထားသည်။ ဤပြန်လည်ပြင်ဆင်မှုတွင် အဓိကသက်ရောက်မှုသုံးခုရှိသည်။

**ထိရောက်မှုထက် ပြန်လည်ကောင်းမွန်လာခြင်း**

ကော်ပိုရေးရှင်းများနှင့်အစိုးရများသည် အစဉ်အလာနည်းဗျူဟာ၊ ကုန်ကျစရိတ်လျှော့ချသည့်ပုံစံများထက် ပေးသွင်းသူများ၊ ကုန်ပစ္စည်းစာရင်းကြားခံများနှင့် ဒေသတွင်းထုတ်လုပ်မှုဗဟိုချက်များကွဲပြားခြင်းအပါအဝင် မဟာဗျူဟာမြောက်ပြန်လည်ကောင်းမွန်လာမှုကို ဦးစားပေးလျက်ရှိသည်။ ကုန်သွယ်ရေးစည်းမျဉ်းများနှင့် ထောက်ပံ့ပို့ဆောင်ရေးစံနှုန်းများလျင်မြန်စွာပြောင်းလဲနိုင်သည့် ပြိုကွဲနေသောပထဝီနိုင်ငံရေးအခင်းအကျင်းတွင် ပြန်လည်ကောင်းမွန်လာခြင်းကို ယှဉ်ပြိုင်နိုင်စွမ်းအားသာချက်၏ အရင်းအမြစ်တစ်ခုအဖြစ် ပိုမိုမြင်တွေ့လာကြသည်။

**မရေရာမှုများကို လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ခြင်း**

ကုန်သွယ်မှုပုံစံများမတည်ငြိမ်မှု၊ စည်းမျဉ်းပြောင်းလဲမှုများနှင့် အလုပ်သမားရှားပါးမှုများသည် ရံဖန်ရံခါသာဖြစ်ပွားလေ့ရှိခြင်းမဟုတ်ဘဲ ကမ္ဘာ့ဂေဟာစနစ်တွင်သာ ဖြစ်ပွားလေ့ရှိသည်။ ရွေးချယ်နိုင်သောလုပ်ငန်းလည်ပတ်မှု၊ ထုတ်လုပ်မှုခြေရာများကို လျင်မြန်စွာပြန်လည်ပြင်ဆင်နိုင်စွမ်းကို ပြုစုပျိုးထောင်သောကုမ္ပဏီများသည် ရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ပြီး ဈေးကွက်ဝင်ရောက်ခွင့်ကို ထိန်းသိမ်းလေ့ရှိသည်။

**❖ ဒစ်ဂျစ်တယ်စနစ်များသည် ယခုအခါ စီးပွားရေးထုတ်လုပ်မှု၏ အဓိကကျောရိုးဖြစ်ပြီး ဆိုက်ဘာခြိမ်းခြောက်မှုများ မြင့်တက်လာခြင်းနှင့်အတူ ဒစ်ဂျစ်တယ်ယုံကြည်မှု၊ ဒေတာစနစ်များ၏ ယုံကြည်စိတ်ချရမှုသည် ငွေရှာနိုင်သောပိုင်ဆိုင်မှုတစ်ခုဖြစ်လာခဲ့သည်။ အတည်ပြုနိုင်သောဆိုက်ဘာလုံခြုံရေးစံနှုန်းများရှိသော ကုမ္ပဏီများသည် ဦးစားပေးငွေကြေးထောက်ပံ့မှုနှင့် အာမခံနှုန်းထားများကို ခံစားကြသည်။ အစိုးရများသည် ပြည်တွင်းဒစ်ဂျစ်တယ်စီးပွားရေးများတွင် ယုံကြည်မှုကိုခိုင်မာစေရန် ဒစ်ဂျစ်တယ်အထောက်အထားမူဘောင်များကို ပြဋ္ဌာန်းနေကြသည်။ ❖**

**မူဝါဒနှင့် စက်မှုလုပ်ငန်းမဟာဗျူဟာ ဆက်စပ်နေခြင်း**

အမျိုးသားစက်မှုလုပ်ငန်းမူဝါဒများသည် စည်းမျဉ်းစည်းကမ်းဆိုင်ရာလျင်မြန်မှုနှင့် နည်းပညာလက်ခံကျင့်သုံးမှုအတွက် လှုံ့ဆော်မှုများကိုရောနှောထားသည့် ယှဉ်ပြိုင်မှုဆိုင်ရာမူဘောင်များဆီသို့ ပေါင်းစည်းလာနေပါသည်။ အရင်းအနှီးဆွဲဆောင်ရန်နှင့် ထောက်ပံ့ရေးကွင်းဆက်များလုံခြုံစေရန် ရှာဖွေနေသောအစိုးရများသည် ကုန်သွယ်ရေးမူဝါဒကို စက်မှုလုပ်ငန်းအသင့်ဖြစ်မှုညွှန်းကိန်းများနှင့် ပိုမိုသဟဇာတဖြစ်အောင် လုပ်ဆောင်လာကြသည်။

ကမ္ဘာကြီးသည် ၂၀၂၆ ခုနှစ်ကို ဖြတ်သန်းလာသည်နှင့်အမျှ ကမ္ဘာ့စီးပွားရေးသည် စီးပွားရေး၊ လူမှုရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာတန်ဖိုးများကို တိတ်ဆိတ်စွာပြန်လည်သတ်မှတ်ခြင်းဟု ခွဲခြမ်းစိတ်ဖြာသူများစွာက သုံးသပ်ထားသည်။ နိုင်ငံများ၊ ကုမ္ပဏီများနှင့် စားသုံးသူများသည် လုပ်သား၊ အရင်းအနှီး၊ နည်းပညာ၊ လုံခြုံရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုတို့ကို မည်သို့တန်ဖိုးသတ်မှတ်မှုတွင် ဖွဲ့စည်းပုံဆိုင်ရာပြောင်းလဲမှုများကို ကိုယ်စားပြုသည်။ အပြည်ပြည်ဆိုင်ရာငွေကြေးရန်ပုံငွေအဖွဲ့နှင့် ကမ္ဘာ့ဘဏ်ကဲ့သို့သောအဖွဲ့အစည်းများက နည်းပညာအရှိန်မြှင့်တင်မှု၊ လူဦးရေဆိုင်ရာအသွင်ကူးပြောင်းမှုများနှင့် ပထဝီနိုင်ငံရေးဆိုင်ရာပြိုကွဲမှုများ ပေါင်းစပ်ခြင်းသည် စီးပွားရေးအခင်းအကျင်းသစ်တစ်ခုကို အရှိန်မြှင့်တင်ပေးသည်ဟု ထောက်ပြခဲ့ကြသည်။

**အလိုအလျောက်စနစ်ခေတ်တွင် အလုပ်သမားတန်ဖိုး ပြန်လည်သတ်မှတ်ခြင်း**

၂၀၂၆ ခုနှစ်တွင် အလိုအလျောက်စနစ်နှင့် AI တို့သည် ယခင်အသုံးပြုပုံလမ်းကြောင်းများကို ကျော်လွန်ပြီး အလုပ်သမားကို တိုက်ရိုက်အစားထိုးမည့်အစား ကုမ္ပဏီများသည် လူသားဆုံးဖြတ်ချက်နှင့် တီထွင်ဖန်တီးမှုဆိုင်ရာပြဿနာဖြေရှင်းခြင်းအတွက် ပရီမီယံတန်ဖိုးကို ပိုမိုပေးအပ်လာကြသည်။ ပုံမှန်အလုပ်ခွင်အလုပ်သမားဈေးကွက်များ တင်းကျပ်လာပြီး ကျွမ်းကျင်သောသိမြင်မှုဆိုင်ရာကဏ္ဍများသည် လုပ်ခလစာပိုမိုမြင့်မားသော ပြောင်းလွယ်ပြင်လွယ်ရှိလာသည်။

ဤပြောင်းလဲမှုသည် ကမ္ဘာလုံးဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်စီးဆင်းမှုကို ပြန်လည်အဓိပ္ပာယ်ဖွင့်ဆိုနေပြီး နိုင်ငံများကို ရွှေ့လျားသွားလာရလွယ်ကူသော လူဝင်မှုကြီးကြပ်ရေးမူဝါဒများနှင့် အဝေးမှ အလုပ်လုပ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းဘောင်များမှတစ်ဆင့် အရည်အချင်းရှိသူများအတွက် အပြင်းအထန်ယှဉ်ပြိုင်ရန် ဦးတည်စေသည်။

**အရင်းအနှီးစီးဆင်းမှုများသည် တည်ငြိမ်မှုနှင့် ပြန်လည်ကောင်းမွန်လာမှုဆီသို့ ဦးတည်လာခြင်း**

အစဉ်အလာတန်ဖိုးမောင်းနှင်အားများဖြစ်သော အထွက်နှုန်း၊ ငွေဖြစ်လွယ်မှုနှင့် အန္တရာယ်ကွဲပြားမှုတို့သည် ဦးစားပေးအသစ်တစ်ခုဖြစ်သည့် ပြန်လည်ကောင်းမွန်လာမှုဖြင့် အရိပ်အယောင်ဖုံးလွှမ်းခံခဲ့ရသည်။ ရင်းနှီးမြှုပ်နှံမှုစီးဆင်းမှုများသည် တည်ငြိမ်သော နိုင်ငံရေးအဖွဲ့အစည်းများ၊ ခိုင်မာသောဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံနှင့် ယုံကြည်စိတ်ချရသော အခြေအနေပြန်လည်ကောင်းမွန်လာမှုမူဝါဒများရှိသောနိုင်ငံများကို ပိုမိုဦးစားပေးလာကြသည်။ အချုပ်အခြာအာဏာပိုင်ရန်ပုံငွေများနှင့် ပင်စင်စနစ်များသည် ရေတိုအမြတ်ထက် ရေရှည်မဟာဗျူဟာမြောက်လုံခြုံရေးကိုဦးစားပေးရန် ရင်းနှီးမြှုပ်နှံမှုအစုစုကို ပြန်လည်ချိန်ညှိနေကြသည်။

**စိမ်းလန်းသောနည်းပညာပို့ကုန်များ**

ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စွမ်းရည်သည် အမျိုးသားယှဉ်ပြိုင်နိုင်စွမ်း၏အဆုံးအဖြတ်ပေးသည့် အချက်တစ်ခုဖြစ်လာပြီး စိမ်းလန်းသောနည်းပညာပို့ကုန်များသည် အဓိကကမ္ဘာလုံးဆိုင်ရာကုန်သွယ်ရေးကဏ္ဍအဖြစ် ပေါ်ထွက်လာသည်။

**အပိုင်းပိုင်းကွဲနေသော ကမ္ဘာလုံးဆိုင်ရာပေါင်းစည်းမှုနှင့် ဒေသတွင်းတန်ဖိုးကွင်းဆက်များ**

၂၀၂၀ ပြည့်နှစ်နောက်ပိုင်း "အန္တရာယ်လျှော့ချရေး ကမ္ဘာလုံးဆိုင်ရာပေါင်းစည်းမှု" လမ်းကြောင်းသည် ခိုင်မာလာခဲ့သည်။ ဒေသတွင်းစီးပွားရေးအုပ်စုများသည် အားကောင်းလာပြီး ပထဝီနိုင်ငံရေးအရ ထိခိုက်လွယ်မှုကိုလျှော့ချရန်အတွက် တန်ဖိုးကွင်းဆက်များသည်ဒေသတွင်းသို့ပိုမိုတိုးချဲ့လာကြသည်။ နိုင်ငံများသည် တစ်ပိုင်းလျှပ်ကူးပစ္စည်းများ၊ ဆေးဝါးများနှင့် စွမ်းအင်သိုလှောင်မှုကဲ့သို့သော အရေးကြီးသောစက်မှုလုပ်ငန်းများတွင် များစွာရင်းနှီးမြှုပ်နှံနေကြသည်။ ၎င်းသည် အဆင့်နှစ်ဆင့်ရှိသော ကမ္ဘာလုံးဆိုင်ရာစနစ်တစ်ခုကို ဖန်တီးပေးခဲ့သည်။ တစ်ခုမှာ နက်ရှိုင်းသောဒေသဆိုင်ရာပေါင်းစည်းမှုနှင့် နောက်တစ်ခုမှာရွေးချယ်ထားသော ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဖြစ်သည်။

**ဒစ်ဂျစ်တယ်ယုံကြည်မှုသည် အဓိကစီးပွားရေးပိုင်ဆိုင်မှုတစ်ခုဖြစ်လာခြင်း**

ဒစ်ဂျစ်တယ်စနစ်များသည် ယခုအခါ စီးပွားရေးထုတ်လုပ်မှု၏ အဓိကကျောရိုးဖြစ်ပြီး ဆိုက်ဘာခြိမ်းခြောက်မှုများ မြင့်တက်လာခြင်းနှင့်အတူ ဒစ်ဂျစ်တယ်ယုံကြည်မှု၊ ဒေတာစနစ်များ၏ ယုံကြည်စိတ်ချရမှုသည် ငွေရှာနိုင်သော ပိုင်ဆိုင်မှုတစ်ခုဖြစ်လာခဲ့သည်။ အတည်ပြုနိုင်သောဆိုက်ဘာလုံခြုံရေးစံနှုန်းများရှိသောကုမ္ပဏီများသည် ဦးစားပေးငွေကြေးထောက်ပံ့မှုနှင့် အာမခံနှုန်းထားများကို ခံစားကြသည်။ အစိုးရများသည် ပြည်တွင်းဒစ်ဂျစ်တယ်စီးပွားရေးများတွင် ယုံကြည်မှုကိုခိုင်မာစေရန် ဒစ်ဂျစ်တယ်အထောက်အထား မူဘောင်များကို ပြဋ္ဌာန်းနေကြသည်။

**စားသုံးသူတန်ဖိုးဦးစားပေးမှုများ အပြီးအပိုင်ပြောင်းလဲခြင်း**

၂၀၂၀ ပြည့်လွန်အစောပိုင်းနှစ်များတွင် ငွေကြေးဖောင်းပွမှုစက်ဝန်းများသည် စားသုံးသူစိတ်ခံစားမှုတွင် ရေရှည်ပြောင်းလဲမှုကို ဖြစ်ပေါ်စေခဲ့သည်။ အိမ်ထောင်စုများသည် ယခုအခါ ဈေးနှုန်းကို ပိုမိုထိခိုက်လွယ်ပြီး တာရှည်ခံမှုကို အလေးထားကာ ကိုယ်ပိုင်ဆုံးဖြတ်ခွင့်ရှိသော သုံးစွဲမှုနှင့်ပတ်သက်၍ သတိထားလာကြသည်။ တစ်ချိန်တည်းမှာပင် ၎င်းတို့သည် ပွင့်လင်းမြင်သာမှု၊ ရေရှည်တည်တံ့မှုနှင့် အချက်အလက်လုံခြုံရေးအတွက် ပရီမီယံများပေးဆောင်ရန် ဆန္ဒရှိကြသည်။ ဤဦးစားပေးမှုများ ချွေတာမှုနှင့်မူကိုအခြေခံသောစားသုံးမှုသည် ကမ္ဘာလုံးဆိုင်ရာ လက်လီရောင်းဝယ်ရေး၊ ထုတ်လုပ်ရေးနှင့်ဝန်ဆောင်မှုကဏ္ဍများကို ပြန်လည်ပုံဖော်နေသည်။

**နိဂုံးချုပ်**

၂၀၂၆ ခုနှစ်တွင် ကမ္ဘာ့စီးပွားရေးကို စီမံခန့်ခွဲသည့် တန်ဖိုးစနစ်ကိုအချိန်နှင့်တစ်ပြေးညီ ပြန်လည်ရေးသားနေသည်။ အရင်းအနှီးများသည် ခံနိုင်ရည်ရှိမှုကို တန်ဖိုးထားသည်။ ကုမ္ပဏီများသည် ဒစ်ဂျစ်တယ်ယုံကြည်မှုကို တန်ဖိုးထားသည်။ စားသုံးသူများသည် ဂုဏ်သိက္ခာသမာဓိကို တန်ဖိုးထားသည်။ နိုင်ငံများသည် မဟာဗျူဟာမြောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ကို တန်ဖိုးထားသည်။ ဤပြောင်းလဲမှုများသည် လာမည့်ဆယ်စုနှစ်အတွက် စီးပွားရေးဖွဲ့စည်းပုံများကို ဆက်လက်သတ်မှတ်ပေးမည်ဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုဗျူဟာများ၊ မူဝါဒမူဘောင်များနှင့် နယ်စပ်ဖြတ်ကျော်ပူးပေါင်းဆောင်ရွက်မှုများကို ပုံဖော်ပေးမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

1. Baldwin, R. (2024). The Globotics Shift: Technology, Trade, and the Future of Work. Oxford University Press.
2. IMF. (2025). World Economic Outlook: Structural Shifts in a Fragmenting World. International Monetary Fund Publications.

မောင်မောင်မြင့်သိန်း(စက်မှုတက္ကသိုလ်)

# ၇၇ နှစ်မြောက် ပအိုဝ့်အမျိုးသားနေ့နှင့် ပအိုဝ့်တိုင်းရင်းသားရိုးရာ တပေါင်းပွဲတော်ကို ကရင်ပြည်နယ် သာမညဒေသတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်


ယခင်နှစ်က ပအိုဝ့်အမျိုးသားနေ့ကျင်းပနေသည်ကို တွေ့ရစဉ်။

**ဘားအံ ဖေဖော်ဝါရီ ၁၇**

၇၇ နှစ်မြောက် ပအိုဝ့်အမျိုးသားနေ့နှင့် ပအိုဝ့်တိုင်းရင်းသားရိုးရာ တပေါင်းပွဲတော်ကို ကရင်ပြည်နယ် သာမညဒေသတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ပအိုဝ့်တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ (ကရင်ပြည်နယ်) အဖွဲ့ဝင် ဦးခွန်ဆိုင်ဖထံမှ သိရသည်။

ပအိုဝ့်တိုင်းရင်းသားများ၏ ၇၇ နှစ်မြောက် ပအိုဝ့်အမျိုးသားနေ့သည် ၂၀၂၆ ခုနှစ် မတ် ၂ ရက်တွင် ကျရောက်မည်ဖြစ်ပြီး ပအိုဝ့်တိုင်းရင်းသားတို့၏ ရိုးရာ တပေါင်းပွဲတော်သည်လည်း အဆိုပါနေ့ (တပေါင်းလပြည့်နေ့) တွင် ကျရောက်မည် ဖြစ်ကြောင်း သိရသည်။

"ပအိုဝ့်တိုင်းရင်းသားတွေရဲ့ ၇၇ နှစ်မြောက် ပအိုဝ့်အမျိုးသားနေ့ကတော့ မတ် ၂ ရက်မှာ ကျရောက်မှာ ဖြစ်ပါတယ်။ တပေါင်းပွဲတော်ကိုလဲ တစ်ပါတည်း ကျင်းပသွားမှာဖြစ်ပါတယ်။ ဒီပွဲတော်ကိုတော့ ပအိုဝ့်တိုင်းရင်းသားတွေ အဓိကနေထိုင်ရာ ပအိုဝ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနဲ့ ရှမ်းပြည်နယ်တောင်ပိုင်းက မြို့ကြီးတွေမှာ ပအိုဝ့်တိုင်းရင်းသားရိုးရာ အဆို၊ အတီး၊ အကတွေနဲ့ စည်စည်ကားကား ကျင်းပသွားမှာဖြစ်သလို အနယ်နယ် အရပ်ရပ်မှာရှိတဲ့ ပအိုဝ့်တိုင်းရင်းသားတွေနေထိုင်ရာ ဒေသတွေမှာလဲ ကျင်းပသွားမှာပါ။ ကရင်ပြည်နယ်မှာဆိုရင်တော့ သာမညဒေသမှာ စည်စည်ကားကားကျင်းပဖို့ ပြင်ဆင်နေပြီဖြစ်ပါတယ်" ဟု ဦးခွန်ဆိုင်ဖက ပြောပြသည်။

၂၀၂၆ ခုနှစ်အတွက် ကျင်းပမည့် ၇၇ နှစ်မြောက် ပအိုဝ့်အမျိုးသားနေ့နှင့် ပအိုဝ့်တိုင်းရင်းသားရိုးရာ တပေါင်းပွဲတော်ကို ကရင်ပြည်နယ်ရှိ သာမညဒေသတွင် တပေါင်းလဆန်း ၁၃ ရက် (ဖေဖော်ဝါရီ ၂၈ ရက်) မှ စတင်ကာ ရိုးရာယဉ်ကျေးမှုအကများ၊ ဖျော်ဖြေရေးအစီအစဉ်များ၊ အကပြိုင်ပွဲများဖြင့် စတင်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Charlie's Angels ရုပ်သံဇာတ်လမ်းတွဲကို ရုပ်ရှင်ဇာတ်ကားအဖြစ်ရိုက်ကူးရန် ဆိုနီကုမ္ပဏီစီစဉ်

**နယူးယောက် ဖေဖော်ဝါရီ ၁၇**

Charlie's Angels ရုပ်သံဇာတ်လမ်းတွဲကို ရုပ်ရှင်ဇာတ်ကားအဖြစ် ပြန်လည်ဆန်းသစ်ရိုက်ကူးရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း ဖေဖော်ဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Charlie's Angels ဇာတ်ကားသစ်အတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ပီတီချီယာရယ်လီက တာဝန်ယူရေးသားပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် Charlie's Angels ဇာတ်ကားသစ်အား တာဝန်ယူရိုက်ကူးမည့် ဒါရိုက်တာကို ဆိုနီကုမ္ပဏီက ရွေးချယ်နေဆဲဖြစ်ကြောင်း သိရသည်။

Charlie's Angels ရုပ်သံဇာတ်လမ်းတွဲသည် အေဘီစီရုပ်သံဌာနက ၁၉၇၆ ခုနှစ်မှ ၁၉၈၁ ခုနှစ်ထိ ထုတ်လွှင့်ခဲ့သော မှုခင်းဒရာမာရုပ်သံဇာတ်လမ်းတွဲဖြစ်သည်။

အဆိုပါ ဇာတ်လမ်းတွဲသည် ရဲသင်တန်းတက်ရောက်ပြီးနောက် ပုဂ္ဂလိက အလွတ်စုံထောက်များ ဖြစ်လာသည့် မိန်းကလေးသုံးဦးတို့၏ စွန့်စားမှုများကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်လမ်းတွဲဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO




# ဂန္ထဝင်များရဲ့ ဂီတည တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar တွင် ပြုလုပ်သွားမည်ဖြစ်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

ဂန္ထဝင်များရဲ့ ဂီတည တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Judson Entertainment Bar ၌ ဖေဖော်ဝါရီ ၂၈ ရက် ညတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် စိုးပိုင်ထံမှ သိရသည်။

အဆိုပါ ဂန္ထဝင်များရဲ့ ဂီတည တေးဂီတဖျော်ဖြေပွဲတွင် ဂန္ထဝင်တေးသံရှင်များ ဖြစ်ကြသည့် တေးသံရှင် စိုးပိုင်၊ ချိုပြုံး၊ နွဲ့ယဉ်ဝင်း၊ မေရွက်ဝါတို့၏ တစ်ခေတ်တစ်ခါက အောင်မြင်ထင်ရှားခဲ့သည့် တေးသီချင်းများကို ဖျော်ဖြေပေးသွားမည် ဖြစ်ကြောင်း သိရသည်။

"ဖေဖော်ဝါရီ ၂၈ ရက် ညမှာ ဂန္ထဝင်များရဲ့ ဂီတညအမည်နဲ့ Legendary Night တေးဂီတဖျော်ဖြေပွဲမှာ ကျွန်တော်နဲ့အတူ မချို၊ ဂျိုက်စ်၊ မေရွက်ဝါတို့ အတူတူရှိပါမယ်။ တစ်ချိန်က ကျွန်တော်တို့နဲ့ ပရိသတ်တွေကြား အမှတ်တရရှိခဲ့တဲ့ တစ်ကိုယ်တော်သီချင်းတွေ၊ စုံတွဲသီချင်းတွေကို ပြန်လည်တင်ဆက်ပေးမှာဖြစ်ပါတယ်။ လာရောက်အားပေးကြဖို့ ဖိတ်ခေါ်လိုက်ပါတယ်"ဟု တေးသံရှင် စိုးပိုင်က ပြောပြသည်။




မြန်မာ့ဂီတလောက၏ ရွှေရောင်နေ့ရက်များကို ပိုင်စိုးခဲ့ကြပြီး ယနေ့တိုင် ပရိသတ်နှလုံးသားထဲမှာ ရှင်သန်နေဆဲဖြစ်သည့် ဂီတကြယ်ပွင့်ကြီးများ၏ ဂီတဖျော်ဖြေပွဲတွင် Judson ၏ ပင်တိုင်တေးသံရှင်များကလည်း ဝန်းရံသီဆို ဖျော်ဖြေပေးကြမည်ဖြစ်ကြောင်း သိရသည်။

ASH

# Player Piano ဇာတ်ကားကို ဒါရိုက်တာ ရိုမိုရာနိုက တာဝန်ယူရိုက်ကူးမည်

**နယူးယောက် ဖေဖော်ဝါရီ ၁၇**

Picture Films ရုပ်ရှင်ကုမ္ပဏီ၏ Player Piano အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို အမျိုးသမီးဒါရိုက်တာ ရိုမိုရာနိုက တာဝန်ယူရိုက်ကူးပေးမည် ဖြစ်ကြောင်း ဖေဖော်ဝါရီ ၁၆ ရက် သတင်းများအရ သိရသည်။

Player Piano ဇာတ်ကားသည် အမေရိကန်စာရေးဆရာ ကာ့ဗွန်နီဂတ်၏ ခေါင်းစဉ်အမည်တူ ဝတ္ထုကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Player Piano ဇာတ်ကားသည် စက်ယန္တရားစနစ်ကြီးတစ်ခုကြောင့် လူသားအလုပ်သမားများ ရင်ဆိုင်ရမည့် ပြဿနာများကို ရိုက်ကူးမည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

Player Piano ဇာတ်ကားအတွက် ဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မက်သရူးဝေါကာက ရေးသားပေးထားသည်။

လက်ရှိတွင် Player Piano ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်မည့် အနုပညာရှင်များကို ထုတ်လုပ်သူများက ရွေးချယ်နေဆဲဖြစ်ကြောင်း၊ အဆိုပါ ဇာတ်ကားရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကိုလည်း ထုတ်လုပ်သူများက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# တန်တယ် ရုပ်ရှင်ဇာတ်ကားကို မတ်လပထမပတ်တွင် နိုင်ငံတစ်ဝန်းအဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၇**

Lucky 10 Production က ရိုက်ကူးထုတ်လုပ်သည့် တန်တယ် ရုပ်ရှင်ဇာတ်ကားကို မတ်လ ပထမပတ်တွင် နိုင်ငံတစ်ဝန်း အဆင့်မြင့်ရုပ်ရှင်ရုံများ၌ ရုံတင်ပြသမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးခဲ့သူ ဒါရိုက်တာ စိုးမိုးမင်းထံမှ သိရသည်။


အဆိုပါတန်တယ် ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို နှင်းဇင်က ရေးသားထားပြီး အင်ကြင်းဟန်က ဇာတ်ညွှန်း ရေးသားထားကာ ဒါရိုက်တာ စိုးမိုးမင်းက Lucky 10 Production အတွက် တွဲဖက်ဒါရိုက်တာ သားငယ်၊ ဇာတ်ပုံဒါရိုက်တာ ဒီအိုပီ မင်းမင်းကျော်တို့နှင့်အတူ တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။


"ဇာတ်လမ်းကတော့ မိသားစုဒရာမာဇာတ်လမ်းပါ။ မိသားစုဒရာမာထဲမှာမှ အချိုးအကွေ့အလှည့်အပတ်တွေနဲ့ သည်းထိတ်ရင်ဖိုဖြစ်အောင် လှည့်စားထားတဲ့ အပိုင်းတွေလဲပါပါတယ်။ မိသားစုအတွင်းက ချစ်ခြင်းမေတ္တာကို အသွင်သစ်နဲ့ တင်ပြထားပါတယ်" ဟု ဒါရိုက်တာ စိုးမိုးမင်းက ပြောပြသည်။

တန်တယ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ရဲအောင်၊ မင်းဟိုဏ်း၊ မင်းသူ၊ အေးချမ်းမောင်၊ ကျော်ထက်၊ ဟိန်းသီဟ၊ လင်းဇာနည်ဇော်၊ မေဂရေ့စ်၊ ထွန်းပုလဲရတနာ၊ ခင်လှမ်း၊ ချစ်ခွန်းချို၊ ရှင်ပြုံးခင်နှင့်အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Thanlwin Bridge (Hpasawng) in Mese Township destroyed by landmine attack by KNPP, KNDF groups and PDF terrorists


Damage to the bridge caused by the landmine attack by KNPP, KNDF groups and PDF terrorists on the Thanlwin Bridge (Hpasawng).


Damage to the bridge caused by the landmine attack by KNPP, KNDF groups and PDF terrorists on the Thanlwin Bridge (Hpasawng).


Damage to the bridge caused by the landmine attack by KNPP, KNDF groups and PDF terrorists on the Thanlwin Bridge (Hpasawng).


Damage to the bridge caused by the landmine attack by KNPP, KNDF groups and PDF terrorists on the Thanlwin Bridge (Hpasawng).

**Nay Pyi Taw February 17**

It is reported that the Thanlwin Bridge (Hpasawng), located near Hpasawng Town in Mese Township, Kayah State, was destroyed by a landmine explosion this morning by KNPP, KNDF groups and so-called PDF terrorist insurgents.

The incident occurred around 7:20 AM today when KNPP, KNDF groups and PDF terrorist insurgents planted and detonated explosives to destroy the public-utilized Thanlwin Bridge (Hpasawng), situated approximately 320 meters west of Hpasawng Town, Mese Township, Kayah State. The bridge is located between mile posts 0/3 and 0/4 on the Hpasawng-Mese-BP(13) road. The reinforced concrete bridge measured 1,260 feet in length and 24 feet in width. The explosion caused approximately 250 feet in length and 24 feet in width of the western abutment to collapse. No injuries have been reported. The attack was carried out to hinder the Tatmadaw columns, which had successfully recaptured and secured Hpasawng Town, from continuing necessary area security operations and pursuing the insurgent groups.

The terrorists, claiming to be working for regional development but in reality acting solely for their own selfish interests, have viciously destroyed the non-military target Thanlwin Bridge (Hpasawng). This bridge was a critical public infrastructure for local transportation and the flow of goods. Its destruction has caused significant hardship and loss to the socio-economic life of the local population.

It has been reported that the destruction of the bridge has rendered it impassable for people and vehicles. Relevant officials and staff from the Department of Roads and Bridges are working to repair the damage as quickly as possible. Security forces have increased security operations to ensure peace and stability in the region.

100

# Kitchen crops planted on targeted acres in Wakema Township

**Wakema February 17**

All sown acreage of kitchen crops was cultivated in Wakema Township of Ayeyawady Region this year, according to the Myaungmya District Agriculture Department.

During this year's winter crop cultivation season in Wakema Township, Ayeyarwady Region, planting of kitchen crops on the earmarked 3,021 acres began in the first week of October 2025 and has now been completed at 100 per cent. It is also learned that, to ensure full cultivation of all winter crops including the designated 3,021 acres of kitchen crops, the Department of Agriculture, the Department of Agricultural Mechanization, related departments, and local farmers worked together in a systematic and coordinated manner.

"In order to achieve 100 per cent cultivation of winter crops, we cooperated with farmers as well as the Department of Agriculture and related departments. During this year's winter cropping season, Wakema Township cultivated the designated 3,021 acres of kitchen crops. To ensure successful crop establishment and to prevent pest infestations, the Department of Agriculture carried out advance farmer awareness and extension activities. Farmers are mainly cultivating kitchen crops that are suitable for local conditions. In addition, to ensure that crops produce expected yields and that seeds are used correctly, farmer education activities have been conducted since before planting began," said Daw Khin Htay Myint, Head of the Myaungmya District Department of Agriculture.

During this year's winter cropping season in Wakema Township, local farmers and the Department of Agriculture are working together to ensure full cultivation of the 3,021 acres of kitchen crops. The most commonly grown kitchen crops include chilli, mustard greens, roselle, cabbage, coriander, radish, eggplant, gourd, Thai basil, curry leaf, and yardlong bean.

Kyaw Kyaw Lin


A kitchen crop garden.

# 66,000 bags of Pakhan paddy shipped to Yangon market in January


Bags of paddy being unloaded from trucks.

**Labutta February 17**

Businesspersons from Labutta Township of Ayeyawady Region sold 66,000 bags of Pakhan variety paddy to Yangon market in January, said Daw San San Win, the rice and paddy trader in Labutta Township.

Businesspersons from Labutta Township in the Ayeyawady Region sold up to 45,000 baskets of Pakhan variety paddy to the Yangon market in December 2025. From January 1 to 31 of this year, shipments increased to as much as 66,000 baskets of the Pakhan variety, according to Daw San San Win.

"From Labutta Township, we managed to transport and sell up to 66,000 baskets of Pakhan paddy last month. The paddy sent from Labutta to Yangon is of very good quality. The Pakhan variety belongs to the coarse category of rice. High demand from buyers in the Yangon market has driven up shipments. Currently, paddy prices are also rising, and the Pakhan variety continues to be in demand across the local rice market," said Daw San San Win.

In Labutta Township, the Pakhan variety paddy sold to Yangon last month reached prices of up to K1.55 million per 100 baskets. Due to the strong sales of this paddy, farmers, traders, loading workers, and transport vehicle rental operators have been able to secure employment and business opportunities.

Kyaw Kyaw Lin

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Mawlamyinegyun Township supplies hilsa fish to Yangon market in January

**Mawlamyinegyun February 17**

Local merchants of Mawlamyinegyun Township of Ayeyawady Region sent large volume of hilsa fish to Yangon market in January this year, said Daw Lei Lei, the owner of fishery product trading wholesale in Mawlamyinegyun Township.

During December 2025, Mawlamyinegyun Township was able to transport and sell up to 50,000 viss of hilsa fish to the Yangon market. From January 1 to 31 of this year, shipments increased to as much as 65,000 viss within the month, with buyers in Yangon actively purchasing the hilsa fish from the area.

"We regularly transport and sell seafood products from the region to Yangon. Yangon is the main market for hilsa fish. Last month, we managed to transport and sell up to 65,000 viss of hilsa. Prices vary depending on freshness, size, and weight. Currently, buyers are still purchasing the hilsa, and besides selling in the local market, the fish transported from here are also redistributed and sold to other regions," said Daw Lei Lei.

In Mawlamyinegyun Township, small hilsa fish sell for K19,500 per viss, medium-sized ones range from K25,000 to K35,000 per viss, and large ones range from K55,000 to K75,000 per viss, depending on size. Since hilsa trade is conducted regularly, local fishermen, independent traders, trading center entrepreneurs, merchants, and transport vehicle rental operators are all operating smoothly.

Kyaw Kyaw Lin


Hilsa fish seen at a local market.

# Ngaputaw Township earmarks cultivation of more than 8,000 acres of summer paddy this year

**Ngaputaw February 17**

Local farmers planted 8,132 acres of summer paddy in Ngaputaw Township of Ayeyawady Region this year, according to the Pathein District Agriculture Department.

During this year's summer crop cultivation season in Ngaputaw Township, Ayeyawady Region, planting of summer paddy on the earmarked 8,132 acres will begin in the second week of February this year.

"During this year's summer cropping season, Ngaputaw Township plans to cultivate more than 8,000 acres of summer paddy. At present, efforts are being made through coordinated measures to ensure that all earmarked acreage can be fully cultivated as planned. In order to achieve 100 percent cultivation of summer paddy without difficulties, the Department of Agriculture has been conducting field visits down to the ground level and providing farmer awareness and extension activities since before the planting period," said Daw Aye Aye Mu, Head of the Pathein District Department of Agriculture.

In Ngaputaw Township, relevant departments and organizations, including the Department of Agriculture, the Department of Agricultural Mechanization, the Irrigation and Water Utilization Management Department, and administrative bodies, will work together during this year's summer cropping season to ensure that all designated summer paddy acreage is cultivated systematically and without difficulty. It is also learned that continued efforts will be made to ensure good yields, improved quality, and effective control of pests and diseases for the summer paddy crop.

Kyaw Kyaw Lin

# Monywa Township cultivates more than 16,000 acres of chickpea

**Monywa February 17**

Local farmers planted 16,511 acres of chickpea as cold season crops in Monywa Township of Sagaing Region this cold season, according to the township Agriculture Department.

During the 2025-2026 winter crop planting season, Monywa Township planned to cultivate chickpea on 17,790 acres. Planting began in October 2025, and as of now, 16,511 acres have been successfully planted.

"During the winter crop season in Monywa Township, 17,790 acres of chickpea were planned, and we have managed to plant 16,511 acres. To ensure good yields and high-quality chickpeas, we have worked closely with farmers to provide them with high-quality seeds, fertilizers, and training on proper post-harvest techniques," said U Soe Thet Aung, Head of the Monywa Township Agriculture Department.

For chickpea cultivation, farmers select varieties suitable to the local conditions, including Yezin-8 and Yezin-11 strains. It is estimated that planting one acre of chickpeas costs over K300,000.

In Monywa Township, during the winter crop season, various types of legumes are planted, and to ensure good yields and quality, high-quality seeds, fertilizers, and post-harvest technical guidance are provided in collaboration with farmers. Farmers are also guided on the use of Trichoderma mushrooms during the planting of different legume varieties to enhance productivity.

Sagaing Region is the largest area in the country for cultivating various types of legumes. Farmers can grow legumes as the main crop or interplant them with other crops, making legumes an important source of income.

206

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## အိန္ဒိယနိုင်ငံက အမေရိကန်ထုတ် P-8I Neptune ရေကြောင်းကင်းလှည့်လေယာဉ် ခြောက်စင်း ထပ်မံဝယ်ယူရန် အတည်ပြု




အိန္ဒိယနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာအတွင်း ရေအောက်ရေငုပ်သင်္ဘောလှုပ်ရှားမှုများကို ပိုမိုထိရောက်စွာ ထောက်လှမ်းနိုင်ရန်အတွက် အမေရိကန်ထုတ် P-8I Neptune ရေကြောင်းကင်းလှည့်လေယာဉ်ခြောက်စင်း ထပ်မံဝယ်ယူရန် အတည်ပြုလိုက်ပြီဖြစ်ကြောင်း Army Recognition သတင်းဌာနက ဖေဖော်ဝါရီ ၁၄ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် ကျင်းပခဲ့သော အိန္ဒိယကာကွယ်ရေးဝယ်ယူမှုကောင်စီ (DAC) အစည်းအဝေး၌ ဤဝယ်ယူမှုကို အတည်ပြုခဲ့ခြင်းဖြစ်ပြီး ယခုအခါ စီမံခန့်ခွဲမှုဆိုင်ရာ ခွင့်ပြုချက်အဆင့်မှ ငွေကြေးဆိုင်ရာ ညှိနှိုင်းမှုအဆင့်သို့ တရားဝင်ကူးပြောင်းရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

အိန္ဒိယရေတပ်အတွက် သီးသန့်အဆင့်မြှင့်တင်ထားသော P-8I Neptune လေယာဉ်သည် Boeing 737-800ERX လေယာဉ်ကိုယ်ထည်ကို အခြေခံထားပြီး ခေတ်သစ်ရေကြောင်း စစ်ဆင်ရေးများအတွက်လိုအပ်သည့် နည်းပညာရပ်များကို အပြည့်အစုံ ပေါင်းစပ်ထည့်သွင်းထားသည်။ ဤလေယာဉ်၏ အဓိကအားသာချက်မှာ အဆင့်မြင့်အာရုံခံစနစ်များဖြစ်ပြီး အထူးသဖြင့် ရေအောက်ရှိ ရေငုပ်သင်္ဘောများ၏ သံလိုက်စက်ကွင်းလှုပ်ရှားမှုကို အဝေးမှပင် တိကျစွာထောက်လှမ်းနိုင်သည့် Magnetic Anomaly Detector (MAD) နှင့် ရေတပ်၏ သင်္ဘောများ၊ ရေငုပ်သင်္ဘောများ၊ ကမ်းခြေအခြေစိုက်စခန်းများကြား လျှို့ဝှက်အချက်အလက်များကို အပြန်အလှန် လျင်မြန်စွာ ဖလှယ်နိုင်သော Data Link II စနစ်များ ပါဝင်ခြင်းဖြစ်သည်။ ထို့ပြင် အိန္ဒိယပြည်တွင်းဖြစ် ကုမ္ပဏီများကထုတ်လုပ်သည့် ရန်သူမိတ်ဆွေခွဲခြားမှုစနစ်(IFF)နှင့် ဆက်သွယ်ရေးလျှို့ဝှက်စနစ်များကိုပါ ပေါင်းစပ်ထားသဖြင့် အမျိုးသားလုံခြုံရေးအတွက် အလွန်ခိုင်မာသော ကွန်ရက်တစ်ခုကို ဖန်တီးပေးထားသည်။

တိုက်ခိုက်ရေးစွမ်းရည်ပိုင်းတွင်လည်း P-8I Neptune လေယာဉ်သည် ကမ္ဘာ့အဆင့်မီ လက်နက်များကို သယ်ဆောင်နိုင်စွမ်းရှိသည်။ လေယာဉ်၏ အတွင်းပိုင်းလက်နက်ခန်းနှင့် အပြင်ဘက်တပ်ဆင်ရန်နေရာများတွင် ရေငုပ်သင်္ဘောဖျက် Mark-54 တော်ပီဒိုများ၊ ရေမိုင်းများ၊ အနက်ထိန်းဗုံးများနှင့် ရေပြင်ပေါ်ရှိ သင်္ဘောများကို အဝေးမှ ပစ်ခတ်ချေမှုန်းနိုင်သည့် AGM-84L Harpoon Block II သင်္ဘောဖျက် ဒုံးကျည်များကို ပြည့်စုံစွာ တပ်ဆင်ထားနိုင်သည်။ ပျံသန်းနိုင်မှုစွမ်းရည်အရ ပင်လယ်ပြင်၏ အချက်အချာကျသော နေရာများတွင် ရေမိုင် ၁၂၀၀ အကွာအဝေးထိ လေးနာရီကြာ တောက်လျှောက်ကင်းလှည့်နိုင်ပြီး စုစုပေါင်းပျံသန်းမှု အကွာအဝေးမှာ ရေမိုင် ၄၅၀၀ ထိ ရှိသည်။ ဤမျှကြီးမားသော ပျံသန်းမှုအကွာအဝေးကြောင့် အိန္ဒိယကုန်းတွင်းပိုင်းမှနေ၍ မလက္ကာရေလက်ကြားကဲ့သို့သော အလွန်ဝေးကွာသည့် မဟာဗျူဟာမြောက် ရေကြောင်း လမ်းကြောင်းများကိုပါ တစ်ဆက်တစ်စပ်တည်း စောင့်ကြည့်ထိန်းချုပ်နိုင်စွမ်းရှိခြင်းပင် ဖြစ်ကြောင်း သိရသည်။

အိန္ဒိယရေတပ်သည် P-8I Neptune လေယာဉ်များကို ဘင်္ဂလားပင်လယ်အော်နှင့် အာရေဗျပင်လယ်အတွင်း တရုတ်ရေငုပ်သင်္ဘောများကို ခြေရာခံရာတွင် အဓိကအသုံးပြုနေသည်။

ဤဝယ်ယူမှုသည် အိန္ဒိယနှင့် အမေရိကန်ကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုနက်ရှိုင်းလာသည်ကို ပြသနေသည်။ အိန္ဒိယအနေဖြင့် ၎င်း၏ ရေကြောင်းပိုင်နက် လုံခြုံရေးအတွက် P-8I Neptune လေယာဉ်ကို ဗဟိုချက်အဖြစ်ထားရှိပြီး C-295 အခြေခံ ရေကြောင်း ကင်းလှည့်လေယာဉ်သစ်များကိုလည်း ထပ်မံဖြည့်တင်းရန် စီစဉ်နေကြောင်း သိရသည်။

**India approves purchase of 6 new P-8I Neptune maritime patrol aircraft to boost Indian Ocean coverage** ကို ဘာသာပြန်ဆိုထားပါသည်။


## အမေရိကန် Echodyne ကုမ္ပဏီက ရေဒါစနစ်များထုတ်လုပ်မှုကို တိုးချဲ့ရန်စီစဉ်နေ

အမေရိကန်အခြေစိုက် ရေဒါနည်းပညာကုမ္ပဏီတစ်ခုဖြစ်သော Echodyne သည် ၎င်းတို့၏ ရေဒါစနစ်များထုတ်လုပ်မှုကို တိုးချဲ့ရန်စီစဉ်နေပြီး ဝါရှင်တန်ပြည်နယ်တွင် ကုန်ထုတ်လုပ်မှုနှင့် ဂိုဒေါင်အဆောက်အအုံသစ်တစ်ခုကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်ဟု The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Echodyne ကုမ္ပဏီရုံးချုပ်အနီးတွင် တည်ရှိမည့် အဆိုပါစက်ရုံသစ်သည် ဧရိယာစတုရန်း ပေ ၈၆၃၅၀ ကျော် ကျယ်ဝန်းမည်ဖြစ်သည်။ အဆိုပါစက်ရုံ အပြည့်အဝလည်ပတ်နိုင်ပါက တစ်နှစ်လျှင် ရေဒါယူနစ်ပေါင်း ၃၀၀၀၀ ကျော်ထိ ထုတ်လုပ်ပြီး ဖြန့်ဖြူးပေးနိုင်ရန် ရည်မှန်းထားကြောင်း ကုမ္ပဏီက ထုတ်ပြန်ထားသည်။

လက်ရှိတွင် အစိုးရဌာနများ၊ စစ်ဘက်ဆိုင်ရာများနှင့် ပုဂ္ဂလိကကဏ္ဍများ၌ ဒရုန်းကဲ့သို့သော အလိုအလျောက်မောင်းနှင်သည့်စနစ်များ အသုံးများလာခြင်းကြောင့် ရေဒါအခြေပြုစောင့်ကြည့်ရေးစနစ်များကို ပိုမိုရင်းနှီးမြှုပ်နှံလာခဲ့ကြသည်။ ထို့ကြောင့် Echodyne ကုမ္ပဏီအနေဖြင့် ယခုကဲ့သို့ ထုတ်လုပ်မှုအင်အားကို တိုးမြှင့်ခဲ့ခြင်းဖြစ်သည်။ စက်ရုံသစ်တွင် ထုတ်ကုန်အမျိုးအစားအလိုက် ထုတ်လုပ်မှုကို လိုအပ်သလို ပြောင်းလဲပြင်ဆင်နိုင်မည့် Modular ထုတ်လုပ်မှုပုံစံကို အသုံးပြုသွားမည်ဖြစ်သဖြင့် နည်းပညာသစ်များကိုလည်း လွယ်ကူလျင်မြန်စွာ မိတ်ဆက်ပေးနိုင်မည်ဖြစ်သည်။

Echodyne ကုမ္ပဏီထုတ်ရေဒါများကို ဒရုန်းရန်တန်ပြန်ကာကွယ်ရေး၊ Force Protection တပ်ဖွဲ့ဝင်များ၏ လုံခြုံရေးကို ကာကွယ်ခြင်း၊ Border Monitoring နယ်စပ်ဒေသစောင့်ကြည့်ရေး၊ BVLOS Operations အဝေးထိန်းစနစ်ဖြင့် အဝေးကွင်းစစ်ဆင်ရေးများ ဆောင်ရွက်ခြင်းတို့တွင် ကျယ်ပြန့်စွာ အသုံးပြုလျက်ရှိသည်။



အထူးသဖြင့် သမားရိုးကျ ရေဒါများဖြင့် ထောက်လှမ်းရန်ခက်ခဲသော အနိမ့်ပျံလေယာဉ်ငယ်များနှင့် ဒရုန်းများကို Echodyne ကုမ္ပဏီထုတ်ရေဒါများက ပိုမိုတိကျစွာ ထောက်လှမ်းနိုင်စွမ်းရှိနေသည်။

သမားရိုးကျ ရေဒါများကဲ့သို့ စက်ပိုင်းဆိုင်ရာအရ လည်ပတ်ရှာဖွေခြင်းမျိုးမဟုတ်ဘဲ အီလက်ထရွန်နစ်နည်းဖြင့် လှိုင်းတန်းများကို လိုအပ်သလို ထိန်းချုပ်မောင်းနှင်နိုင်သဖြင့် ရန်သူ့လှုပ်ရှားမှုကို ပိုမိုမြန်ဆန်စွာနှင့် တိကျစွာ ခြေရာခံနိုင်သည်။ ထို့ပြင် ဤနည်းပညာကြောင့် ရေဒါစနစ်များကို ပိုမိုသေးငယ်ပြီး ကျစ်လျစ်အောင် ပြုလုပ်နိုင်သဖြင့် နိုင်ငံတကာ မိတ်ဖက်များထံသို့ တင်ပို့ရောင်းချရာတွင်လည်း ပိုမိုအဆင်ပြေချောမွေ့စေမည်ဖြစ်သည်။

မျက်မှောက်ခေတ် စစ်ပွဲဗျူဟာများတွင် ဒရုန်းနှင့် အလိုအလျောက်မောင်းနှင်သည့်စနစ်များသည် အဓိကအခန်းကဏ္ဍမှ ပါဝင်လာသည်နှင့်အမျှ ၎င်းတို့ကို ကြိုတင်ထောက်လှမ်းနိုင်သည့် ရေဒါစနစ်များမှာလည်း နိုင်ငံတော်လုံခြုံရေးအတွက် မရှိမဖြစ်သော့ချက်ဖြစ်လာသည်။ Echodyne ကုမ္ပဏီက ထုတ်လုပ်မှုအင်အားကို တစ်နှစ်လျှင် ယူနစ်ပေါင်း ၃၀၀၀၀ ကျော်ထိ အဆမတန် တိုးမြှင့်လိုက်ခြင်းမှာ ကမ္ဘာတစ်ဝန်းတွင် တိုးပွားလာနေသည့် ဒရုန်းခြိမ်းခြောက်မှုများကို တန်ပြန်ရန်အတွက် အရေအတွက်ရော အရည်အသွေးပါ ပြည့်မီရန် ကြိုးပမ်းခြင်းဖြစ်ကြောင်း သိရသည်။

**Echodyne Expands Radar Production With New Washington Facility** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီး



**ရေဦး ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၄၅၂၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှစတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၃ ဒသမ ၈၄ တင်းထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ရေဦးမြို့နယ်မှာ နှမ်း ၄၅၂၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ နှမ်းခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကလဲ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးခေါင်းပွ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကျိုက်လတ် ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးခေါင်းပွပိဿာချိန်အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာဝင်းက ပြောပြသည်။

ကျိုက်လတ်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ငါးခေါင်းပွ ပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ် ဇန်နဝါရီလအတွင်း ငါးခေါင်းပွ ပိဿာချိန် ၆၃၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးခေါင်းပွ တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ကျိုက်လတ်ဘက်ကနေ ငါးခေါင်းပွတွေ ရန်ကုန်ဈေးကွက်ကို အများဆုံး တင်ပို့ရောင်းချနေတာပါ။ ပြီးခဲ့တဲ့ တစ်လအတွင်း ငါးခေါင်းပွတွေ ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိလဲ ရန်ကုန်ဈေးကွက်က ငါးခေါင်းပွတွေဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခုလို ငါးခေါင်းပွတွေ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနေရတာကြောင့်ငါးလုပ်ငန်းရဲ့ နယ်ပယ်အသီးသီးကသူတွေ အလုပ်အကိုင်အဆင်ပြေနေပါတယ်"ဟု ကျိုက်လတ်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မာမာဝင်းက ပြောပြသည်။



ကျိုက်လတ်မြို့နယ်မှ ထွက်ရှိသည့်ငါးခေါင်းပွများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မှတစ်ဆင့် နေပြည်တော်နှင့်အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါငါးများ နေ့စဉ်တင်ပို့ ရောင်းချလာရသည့်အတွက်ငါးမွေးမြူရေး လုပ်ငန်းရှင်များ၊ မွေးမြူရေးလုပ်သားများ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ပိုမိုကောင်းမွန်လာကြောင်း ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မာမာဝင်းက ပြောပြ၍ သိရသည်။

ကျော်ကျော်လင်း

# ပြည်မြို့နယ် တောင်လုံးညိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပြည် ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မော်ဇာကျေးရွာအုပ်စု တောင်လုံးညိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် မိသားစု ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးဇော်၊ ဦးစီးအရာရှိ ဒေါ်သော်သော်သိန်းအေးနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ တောင်လုံးညိုကျေးရွာ၌ ဟင်းသီးဟင်းရွက် စိုက်ပျိုးထားရှိမှုအခြေအနေများ၊ ပန်းအလှစိုက်ပျိုးထားရှိမှုအခြေအနေများ၊ စီမံကိန်းဆိုင်ရာ လအလိုက်ပေးပို့ရသည့် စာရင်းဇယားများ ပြည့်စုံမှန်ကန်မှုရှိ၊ မရှိ အခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များနှင့် အညီဆောင်ရွက်ထားရှိခြင်းရှိ၊ မရှိ အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ပြည်မြို့နယ် တောင်လုံးညိုကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၁၅ ဦး၊ အသေးစားကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သူ ၄ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၁၉ ဦးကို ရန်ပုံငွေကျပ် ၄၈ ဒသမ ၂၅ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ချိုလေး


## လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံတော်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# သဲကုန်းမြို့နယ် ကန်နှစ်ဆင့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု စစ်ဆေး



**သဲကုန်း ဖေဖော်ဝါရီ ၁၇**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကန်နှစ်ဆင့်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ သဲကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးထက်နောင်နှင့် ဝန်ထမ်းများက ကန်နှစ်ဆင့်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၆ လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သန်းဖြင့် ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် ယခုနှစ် ဇန်နဝါရီလ ပထမပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့အချိန်မီ ပေးပို့နိုင်ပြီဖြစ်ကြောင်းနှင့် ယခင်ကထက် လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားတိုးတက်လာမည်ဖြစ်ကြောင်း နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

သုတ


ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ်စာပေဖတ်ကြစို့

# နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ ကျင်းပ



ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီ၌ ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ ဝိဇယမင်္ဂလာဓမ္မသဘင်တွင် ဆက်လက်ကျင်းပသည်။

အစည်းအဝေးသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်(စီမံ)နှင့် တိုင်းဒေသကြီး၊ ပြည်နယ်သာသနာရေးမှူးများ တက်ရောက်ကြည်ညိုကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တစန္ဒိမာဘိဝံသက ဆောင်ရွက်တော်မူပြီး အခမ်းအနားမှူးအဖြစ် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိဿရက ဆောင်ရွက်တော်မူသည်။

အစည်းအဝေးတွင် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ ဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တအာစိဏ္ဏကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသကလည်းကောင်း၊ ပညာရေးရာဆောင်ရွက်ချက်များအပေါ် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ဗဟုဇနဟိတဓရ ဘဒ္ဒန္တပညာသီဟာလင်္ကာရာဘိဝံသက လည်းကောင်း ဝေဖန်ဆွေးနွေးတော်မူကြပြီး အစည်းအဝေးကို နံနက် ၉ နာရီတွင် ရပ်နားသည်။

ထို့နောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေး ဒုတိယနေ့ ဒုတိယပိုင်းကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပခဲ့ပြီး ဝိနိစ္ဆယရေးရာကိစ္စများ၊ သာသနာရေးရာကိစ္စများ၊ ပညာရေးရာကိစ္စများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

ယင်းနောက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဝေဖန်ဆွေးနွေးချက်များအပေါ် ဝိနိစ္ဆယရေးရာဆောင်ရွက်ချက်ကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလကလည်းကောင်း၊ သာသနာရေးရာဆောင်ရွက်ချက်များကို အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသလ္လကလည်းကောင်း၊ ပညာရေးရာ ဆောင်ရွက်ချက်များကို အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မာနန္ဒာဘိဝံသကလည်းကောင်း ပြန်ကြားလျှောက်ထားတော်မူကြသည်။

ဆက်လက်၍ နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယအဖွဲ့ခွဲ၏ ဒုတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိဿရက အတည်ပြုချက်ရယူပြီး အစည်းအဝေး တက်ရောက်လာကြသည့် ဆရာတော်များအားလုံးက "ဇယန္တော ဗောဓိယာမူလေ"အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူကြပြီး သာဓုသုံးကြိမ်ခေါ်ဆိုလျက် နဝမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ စတုတ္ထအစည်းအဝေးကို အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

ယနေ့အစည်းအဝေးသို့ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများကို သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဝေဠုဝန်(ရွှေကျင်)ကျောင်းတိုက်ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တမာနိတ ဦးဆောင်သော တပည့်ဒါယကာ၊ဒါယိကာမ ဓမ္မမိတ်ဆွေများက စတုစတ္တာလီသတိမ ၄၄ ကြိမ်မြောက် အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းတစ်နေ့တာ ဆက်ကပ်လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တောင်ကြီးမြို့ ကုန်တင်ယာဉ်ရပ်နားစခန်းစီမံကိန်းဆောင်ရွက်မည့်မြေနေရာကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

တောင်ကြီး ဖေဖော်ဝါရီ ၁၇

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်သည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ တောင်ကြီးမြို့ လေးမိုင်ကွေ့- နောင်တလီ- ညိုမီး- နောင်ပနားဗွာ- လင်းကွင်း-ထီရီ (မွေးမြူရေးဇုန်လမ်း)ပေါ်တွင် သွားလာနေသည့် ကုန်တင်ယာဉ်ကြီးများ ရပ်နားနိုင်ရန် နောင်လေကျေးရွာအုပ်စု ပင်ငိုကျေးရွာအနီး ကုန်တင်ယာဉ်ရပ်နားစခန်းစီမံကိန်း ဆောင်ရွက်မည့်မြေနေရာကို ယနေ့နံနက်ပိုင်းက ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ရှင်းလင်းဆောင်၌ တောင်ကြီးမြို့ မြို့ရှောင်လမ်းဘေးရှိ မြေဧရိယာ ၁၉ ဒသမ ၈ ဧကပေါ်တွင် ကုန်တင်ယာဉ်ကြီးများ ရပ်နားစခန်း EOI ဆောင်ရွက်မှုနှင့် Site Layout Plan တို့နှင့်စပ်လျဉ်း၍ တောင်ကြီးမြို့နယ် စည်ပင်သာယာရေးဌာန တာဝန်ရှိသူက ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ကုန်တင်ယာဉ်ရပ်နားစခန်း ဆောင်ရွက်မည့်နေရာတွင် ကားပစ္စည်းဆိုင်များ၊ စားသောက်ဆိုင်များနှင့် အသေးစားကားပြင်ဆင်မှုဆောင်ရွက်နိုင်ရန် မြေနေရာ လျာထားဆောင်ရွက်ရေး၊ EOI ဆောင်ရွက်ပြီးစီးပါက လုပ်ငန်းများကို အမြန်ဆုံးအကောင်ထည်ဖော်ဆောင်ရွက်ရေးတို့အပါအဝင် လိုအပ်သည်များမှာကြားသည်။

ထို့နောက် ကားလေးကွင်းဆောင်ရွက်မည့် မြေနေရာ၊ မြို့ရှောင်လမ်းလေးမိုင်ကွေ့- နောင်တလီ- ညိုမီး- နောင်ပနားဗွာ-လင်းကွင်း-ထီရီ(မွေးမြူးရေးဇုန်လမ်း)ရှိ ဝါးရုံပင်အနီးအတက်နေရာလမ်းပြုပြင်ရန်လိုအပ်မှုနှင့် (S)ကွေ့ပြုပြင်ဆောင်ရွက်မည့်နေရာတို့ကိုကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လမ်းရေရှည်အသုံးပြုနိုင်ရန်၊ အရည်အသွေးပြည့်ဝကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် လမ်းအကွေ့ကြီးသည့်နေရာများတွင် အန္တရာယ်ကွေ့ဆိုင်းဘုတ်များဆောင်ရွက်ရန် မှာကြားပြီး တောင်ကြီးအတက်လမ်းရေတံခွန်ကျသည့်နေရာတွင်ကားလမ်းဘေးမြေထိန်းနံရံဆောင်ရွက်နေမှုကိုကြည့်ရှုစစ်ဆေးခဲ့ကြောင်းသတင်းရရှိသည်။ **မောင်မောင်သန်း(တောင်ကြီး)**



# စာဆိုဗိမာန်အဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့်သက်ဆိုင်သည့်ပစ္စည်းများ လှူဒါန်းနိုင်

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသောစာပေလောက၏ဂုဏ်ကိုညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခုအောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ်(RC)အဆောက်အအုံ တည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက်စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့အသုံးအဆောင်ပစ္စည်းများခင်းကျင်းပြသနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ဓာတ်ပုံ၊လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊၎င်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့်စာအုပ်စာစောင်များ၊ ခေတ်ကာလအလိုက် ချီးမြှင့်ပေးခဲ့ကြသည့်စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့စုဆောင်းသိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့်ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကိုလှူဒါန်းနိုင်ပြီး လှူဒါန်းသည့်အလှူရှင်များ၏ အမည်များကို မှတ်တမ်းကမ္ပည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(ရန်ကုန်)
အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းနှင့်
၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး ဖုန်း ဝ၁၈-၃၈၁၃၄၄၇

(ခ) **စာကြည့်တိုက်မှူး**
စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး)
အမှတ်(၁၅၉) ၈၆ လမ်း ၂၁ -၂၂ လမ်းကြား ပုလဲငွေရောင်ရပ်ကွက်
မန္တလေးတိုင်းဒေသကြီး ဖုန်း ဝ၉-၇၉၅၂၇၉ဝ၂၅

(ဂ) **စာတည်း**
စီမံရေးရာဌာနခွဲ
နေပြည်တော်ရုံးချုပ်
ရုံးအမှတ်(၇) နေပြည်တော် ဖုန်း ဝ၉-၅၁၉၄ဝ၇၁

**(သတင်းစဉ်)**

# နေပြည်တော်အတွင်းရှိ စိုက်ပျိုးရေးလုပ်ငန်းများ၊ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်လုပ်ငန်းများ ပြန်လည်ပြုပြင်နေမှုကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီဝင်များ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် သူဌေးကုန်းကျေးရွာ မြို့နယ်သမဝါယမအသင်းစုပိုင် ဘက်စုံသုံးခြံ၌ ရှရှား နေကြာ သုံးမျိုးစပ် ၁၅ ဧက စိုက်ပျိုးထားရှိမှုကိုကြည့်ရှုစစ်ဆေးပြီး တောင်သူများကို မျိုး၊ မြေ၊ ရေ၊ နည်း စိုက်နည်းစနစ်မှန်ကန်ရေး၊ ပန်းတိုင်အထွက်နှုန်းရရှိရေး သဘာဝမြေဩဇာကို အချိုးကျပေါင်းစပ်အသုံးပြုရေး၊ သီးနှံများ ရာသီပြည့်စိုက်ပျိုးနိုင်ရေးတို့ကို မှာကြားသည်။

ထို့နောက် ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လယ်ဝေးမြို့နယ် ရန်ကုန်-မန္တလေးလမ်းဟောင်း ကြောင်ရေကျေးရွာအနီးရှိ သံကူကွန်ကရစ်တံတားပြန်လည်တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်း ပြီးစီးရေး၊ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစေရေး မှာကြားသည်။

ယင်းနောက်လယ်ဝေးမြို့နယ် ကြောင်ရေကျေးရွာ တောင်သူအသိပညာပေးစင်တာ (KC)၌ နွေစပါးပန်းတိုင်အထွက်နှုန်းရရှိရေး တောင်သူများနှင့်တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက တောင်သူများအတွက် ယူရီးယားဓာတ်မြေဩဇာများ ပေးအပ်သည်။

ဆက်လက်၍ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် လယ်ဝေးမြို့ နေပြည်တော်မြို့ပတ်လမ်း(V4)လမ်း ကွန်ကရစ်လမ်းကျိုးကျပျက်စီးမှုကို ပြန်လည်ပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီသောပစ္စည်းများအသုံးပြုရေး၊ ငလျင်ဒဏ်အပြင် သဘာဝဘေးအန္တရာယ်ခံနိုင်ရည်ရှိအောင်ဆောင်ရွက်ရေးမှာကြားသည်။

ထို့နောက် လယ်ဝေးမြို့နယ် ကြို့ပင်ကျေးရွာရှိ တောင်သူများ၏ လယ်မြေများတွင် နွေစပါးစိုက်ပျိုးရန် စက်မှုလယ်ယာဦးစီးဌာနက လယ်ယာသုံးစက်ကိရိယာများဖြင့် မြေပြုပြင်နေမှုနှင့် သဘာဝမြေဩဇာပြုလုပ်ထားရှိမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**အောင်ကို(ပုဗ္ဗသီရိ)**

# ဟုမ္မလင်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှုကို စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**မုံရွာ ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် ဟုမ္မလင်းမြို့ ဟုမ္မလင်းရပ်ကွက်ရှိ တောင်သူ ဒေါ်နော်ဆဲလား စိုက်ပျိုးထားသည့် အောင်နိုင်တိုးစပါးမျိုး တစ်ဧကအတွင်း ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာရောနှောသုံးစွဲခြင်း ကွင်းသရုပ်ပြပွဲသို့ တက်ရောက်ကြည့်ရှုအားပေးကြပြီး လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးကာ တက်ရောက်လာကြသည့် ဒေသခံတောင်သူများကို သွင်းအားစု ဓာတ်မြေဩဇာများပေးအပ်၍ ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာ တောင်သူ ဒေါ်ရီရီသိန်း စိုက်ပျိုးထားသည့် "အာသန်"မျိုး လက်ဖက်စိုက်ခင်းရှစ်ဧက၌ လက်ဖက်ခူးဆွတ်နေမှုကိုသွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံတောင်သူများထံ မြက်ရိတ်စက်များပေးအပ်ကာ လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ဟုမ္မလင်းမြို့နယ် နောင်မခံကျေးရွာရှိ ဒေသခံတောင်သူများ စားရေရိက္ခာဖူလုံစေရေးအတွက် လယ်ယာမြေ ဧက ၃၀၀ ကို စိုက်ပျိုးရေလုံလောက်စွာပေးဝေနိုင်မည့် အလျားပေ ၄၅၀၊ အမြင့် ၁၀ ပေ၊ ရေထိပ်ပြင် အကျယ် ၁၂ ပေ မြေသားကန်ပေါင်တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဟုမ္မလင်းမြို့နယ် ခေါင်ခမ်းကျေးရွာရှိ စိုက်ပျိုးရေးကုန်ထုတ်လမ်းအရှည် တစ်မိုင် နှစ်ဖာလုံ ကျော် ရောမြေသားလမ်း ခင်းကျင်းပြီးစီးမှုကို သွားရောက် ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး ပြန်/ဆက်**



# ဆင်သေဆည်ရေသောက်စနစ် လက်ဝဲ၊ လက်ယာ မြောင်းများမှ နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးရေပေးဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက တပ်ကုန်းမြို့နယ်ရှိ ဆင်သေဆည် ရေသောက်စနစ် လက်ဝဲ၊ လက်ယာတူးမြောင်းစနစ်များမှ နွေစပါးနှင့် နွေသီးနှံစိုက်ပျိုးရေပေးဝေနေမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တပ်ကုန်းမြို့နယ်အတွင်း ရေအေးကွင်းစနစ်ကျလယ်ယာမြေ ညောင်တုန်းအိုင်ကျေးရွာ နွေစပါးစိုက်ခင်း၊ ပေတောကွင်းစနစ်ကျလယ်ယာမြေနှင့် ကျေးချောင်းကျေးရွာရှိ နွေစပါးနှင့် နွေသီးနှံစိုက်ခင်းများကို စိုက်ပျိုးရေပေးဝေမှု၊ မြေယာထွန်ယက်နေမှုနှင့် စိုက်ပျိုးဖြစ်ထွန်းနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကျေးရွာအလိုက် ဒေသခံတောင်သူများနှင့်တွေ့ဆုံရာ ဒုတိယဝန်ကြီးက ယခင်နှစ်နွေသီးနှံရေပေးရာသီတွင် မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် ဆင်သေရေလွှဲဆည်နှင့် ရေသောက်စနစ်များ ထိခိုက်ပျက်စီးခဲ့ရပြီး ယာယီအစီအစဉ်ဖြင့် ခက်ခက်ခဲခဲ စိုက်ပျိုးရေပေးဝေခဲ့ရကြောင်း၊ ယခုနှစ်တွင် ရေသောက်စနစ်များ ပြန်လည်ပြုပြင်ခဲ့ပြီး စိုက်ပျိုးရေပေးဝေရာတွင် အလေအလွင့်ဆုံးရှုံးမှုနည်းပါးစွာဖြင့် စနစ်တကျ ထိရောက်အကျိုးရှိစွာသုံးစွဲကြရန်၊ အချိန်အခါအလိုက် စိုက်ပျိုးရေရရှိမှုအပေါ်မူတည်၍ သုံးသီးစိုက်ပျိုးနိုင်ရေးကြိုးစားဆောင်ရွက်ကြရန်၊ ရေပေးမြောင်း၊ ရေနုတ်မြောင်းစနစ်များ ပုံမှန်ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြရန်နှင့်လယ်ကြားမြောင်းများကိုတောင်သူများပူးပေါင်းပါဝင်သည့်ရေအသုံးချသူများအဖွဲ့(WUG)များနှင့် သက်ဆိုင်ရာဌာနများပူးပေါင်း၍ အစဉ်ကောင်းမွန်စေရေး ထိန်းသိမ်းဆောင်ရွက်ကြရန်၊ မျိုးကောင်းမျိုးသန့်ရရှိရေး သွင်းအားစုစနစ်များ အားကောင်းစေရေး၊ နှစ်စဉ် မိုးစပါး၊နွေစပါး စိုက်ပျိုးလျက်ရှိသည့် ရေသောက်ဧရိယာများ၏ မြေဆီလွှာများကို စမ်းသပ်စစ်ဆေးပြီး အာဟာရဓာတ်များနှင့် အရည်အသွေးကျဆင်းပျက်စီးခြင်းမဖြစ်အောင် ကြိုတင်စီမံဆောင်ရွက်သင့်သည်များ၊ ဒေသရေမြေရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် သီးနှံပုံစံများနှင့် စိုက်နည်းစနစ်များကို သက်ဆိုင်ရာဦးစီးဌာန စိုက်ပျိုးရေးညှိနှိုင်းမှုအဖွဲ့များက ပူးပေါင်းကွင်းဆင်းအသိပညာပေး ဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။



ယင်းနောက် တပ်ကုန်းမြို့နယ် ကင်မွန်းတန်းကျေးရွာအနီးရှိ အချင်း ၁၀ လက်မ ၊ အနက် ပေ ၃၀၀ စက်ရေတွင်း အမှတ်(၁) တူးဖော်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ဒုတိယဝန်ကြီးက စက်ရေတွင်းများကို ဒေသအလိုက် မြေအောက်ရေအောင်းလွှာအခြေအနေပေါ်မူတည်၍ စနစ်တကျတူးဖော်ကြရန်၊ မြေအောက်ရေ ပြန်လည်ဖြည့်တင်းမှုအခြေအနေကို အမြဲမပြတ်စောင့်ကြည့်ဆန်းစစ်ကြရန်နှင့် အခြားလုပ်ငန်းလိုအပ်ချက်များ ဆွေးနွေးမှာကြားပြီး ဒေသခံတောင်သူများနှင့်တွေ့ဆုံကာ ဒေသခံတောင်သူများ၏ အခက်အခဲလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

# ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၆ ခုနှစ်) ပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ**
**ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို**
**ပြင်ဆင်သည့်ဥပဒေ (၂၀၂၆ ခုနှစ်)**
**(အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ**
**ဥပဒေအမှတ် ၇/၂၀၂၆)**
၁၃၈၇ ခုနှစ် တပေါင်းလဆန်း ၂ ရက်
(၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်)

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၇ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေကို ပြင်ဆင်သည့်ဥပဒေ(၂၀၂၆ ခုနှစ်)**ဟု ခေါ်တွင်စေရမည်။

၂။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၂ တွင်-

(က) ပုဒ်မခွဲ (ဏ)၏နောက်တွင် ပုဒ်မခွဲ(တ)နှင့် ပုဒ်မခွဲ (ထ) တို့ကို အောက်ပါအတိုင်းဖြည့်စွက်ရမည်-

"(တ) **ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း** ဆိုသည်မှာ အကူသူနာပြုများကိုဖြစ်စေ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်သူများကိုဖြစ်စေ ကျန်းမာရေးလုပ်ငန်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ နည်းပညာဘာသာရပ်အလိုက် စနစ်တကျ လေ့ကျင့်သင်ကြားမွေးထုတ်နိုင်ရန် သတ်မှတ်ထားသည့် အင်္ဂါရပ်များနှင့်အညီ သင်တန်းကျောင်း တည်ထောင်ဖွင့်လှစ်သော လုပ်ငန်းကိုဆိုသည်။

(ထ) **ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း** ဆိုသည်မှာ သတ်မှတ်ထားသည့် အင်္ဂါရပ်များနှင့်အညီ ဆေးကုသဌာန တည်ထောင်ဖွင့်လှစ်၍ မြန်မာနိုင်ငံဆေးကောင်စီက ထုတ်ပေးသော ဘာသာရပ်ဆိုင်ရာ အထူးဆေးကုသခွင့်လိုင်စင်ရရှိသူက အနည်းဆုံး ၂၄ နာရီ စောင့်ကြည့်ကုသရန် မလိုအပ်သည့် ပြင်ပလူနာများအား ခွဲစိတ်ကုသမှုကို စနစ်တကျကုသသည့်လုပ်ငန်းကို ဆိုသည်။

ရှင်းလင်းချက်။ **အနည်းဆုံး ၂၄ နာရီ စောင့်ကြည့်ကုသရန် မလိုအပ်သည့် ပြင်ပလူနာများအား ခွဲစိတ်ကုသမှု** ဆိုသည်မှာ ဤဥပဒေပုဒ်မ ၁၀-ခ ပါ အင်္ဂါရပ်များနှင့်ညီညွတ်မှုရှိသည့် ခွဲစိတ်ခန်း အသုံးပြု၍ ခွဲစိတ်မှုပြုလုပ်ကုသရန်လိုအပ်သော်လည်း ဆေးရုံတွင် ၂၄ နာရီထက် ကျော်လွန်၍ အတွင်းလူနာအဖြစ် တက်ရောက်ကုသရန် လိုအပ်ခြင်းမရှိသည့် ခွဲစိတ်ကုသမှုကိုဆိုသည်။"

(ခ) မူလပုဒ်မခွဲ (တ)၊ (ထ)၊ (ဒ)၊ (ဓ)နှင့် (န)တို့ကို ပုဒ်မခွဲ(ဒ)၊ (ဓ)၊ (န)၊ (ပ)နှင့် (ဖ)တို့အဖြစ် အသီးသီးပြန်လည် အမှတ်စဉ်ရမည်။

၃။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေတွင် ပါရှိသော "အစိုးရအဖွဲ့" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ကျန်းမာရေးဦးစီးဌာန" ဆိုသည့် စကားရပ်ကို "ကုသရေးဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ကြိုတင်ခွင့်ပြုချက်" ဆိုသည့် စကားရပ်ကို "ကြိုတင်ထောက်ခံချက်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "ပြည်နယ်၊ တိုင်း" ဆိုသည့် စကားရပ်ကို "နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးရမည်။

၄။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၇ ပုဒ်မခွဲ (ဈ)၏ နောက်တွင် ပုဒ်မခွဲ(ဈ)နှင့် (ည)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဈ) ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၊

(ည) ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း။"

၅။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေအခန်း(၈)၏ နောက်တွင် အခန်း(၈-က)နှင့် အခန်း(၈-ခ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

**"အခန်း (၈ - က)**
**ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၏**
**အင်္ဂါရပ်များ**

၁၀-က။ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်း လုပ်ငန်းသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရမည်-

(က) သင်တန်းကျောင်း၏ ရည်ရွယ်ချက်နှင့်ကိုက်ညီသည့် အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုစနစ်တို့ကို စီစဉ်ထားရှိခြင်း၊

(ခ) ဆေးလက်တွေ့သင်ကြားမည့် သင်တန်းများအတွက် သက်ဆိုင်သောဌာနများပါရှိသည့် ဆေးရုံများနှင့် တွဲဖက်ဖွင့်လှစ်ခြင်း၊

(ဂ) ဆေးလက်တွေ့မဟုတ်သည့် သင်တန်းများအတွက် လိုအပ်သည့် အထောက်အကူပစ္စည်းများ ပြည့်စုံစွာထားရှိခြင်း၊

(ဃ) အဆောက်အအုံ၏ပုံစံနှင့် အခန်းဖွဲ့စည်းမှုများသည် ကျောင်းအင်္ဂါရပ်များဖြင့် ညီညွတ်ခြင်း၊

(င) မီးဘေးအန္တရာယ်လုံခြုံရေး၊ လေဝင်၊ လေထွက်ကောင်းမွန်ရေးနှင့် လုံလောက်သော အလင်းရောင်ရရှိရေးတို့ကို စီစဉ်ထားခြင်း၊

(စ) သင်ကြားပြသပေးမည့် ဘာသာရပ်ဆိုင်ရာ ဆရာများ ခန့်အပ်ထားခြင်း၊

(ဆ) လုပ်ငန်းဆိုင်ရာ စံသတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများဖြင့် လေ့ကျင့်သင်ကြားခြင်း၊

(ဇ) သင်တန်းသားလက်ခံရေးမူဝါဒနှင့် စိစစ်အကဲဖြတ်ရေးမူဝါဒတို့ကို ရေးဆွဲထားခြင်း၊

(ဈ) ဗဟိုအဖွဲ့က အခါအားလျော်စွာသတ်မှတ်သည့် အခြားလိုအပ်ချက်များနှင့်အညီ ဆောင်ရွက်ထားခြင်း၊

**အခန်း(၈-ခ)**
**ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း၏ အင်္ဂါရပ်များ**

၁၀-ခ။ ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်းသည် အောက်ပါအင်္ဂါရပ်များနှင့် ညီညွတ်ရမည်-

(က) လုံလောက်သောအကျယ်အဝန်းရှိသည့် သီးခြားအဆောက်အအုံရှိခြင်းနှင့် သတ်မှတ်ချက်များနှင့်ပြည့်စုံသောနေရာတွင် တည်ထောင်ခြင်း၊

(ခ) အဆောက်အအုံပုံစံနှင့် အခန်းဖွဲ့စည်းမှုများသည် သတ်မှတ်ထားသောစံများနှင့် ညီညွတ်ခြင်း၊

(ဂ) ဆေးကုသဌာန အတွင်း၊ အပြင်နှင့် ပရဝဏ်တို့ကို သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့်ညီညွတ်စေရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဃ) ပြင်ပလူနာများကို ခွဲစိတ်ကုသမှုပြုလုပ်နိုင်ရန် ပိုးမွှားကင်းစင်သည့် အခန်းနှင့် လိုအပ်သော ခွဲစိတ်ပစ္စည်းကိရိယာများ ထားရှိခြင်း၊

(င) လူနာများကို အရေးပေါ်အသက်ကယ်ကုသ စောင့်ရှောက်မှုပေးနိုင်ခြင်း၊

(စ) သတ်မှတ်ထားသော စံနှင့်ညီညွတ်သော ပစ္စည်းကိရိယာနှင့် ဆေးဝါးများ ထားရှိခြင်း၊

(ဆ) လူနာညွှန်းပို့မှုစနစ်ရှိခြင်း၊

(ဇ) အန္တရာယ်ကင်းသော သွေးသွင်းကုသမှုအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဈ) ပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေရေး၊ ကူးစက်ရောဂါ မပြန့်ပွားစေရေးနှင့် စွန့်ပစ်ပစ္စည်းများကို သတ်မှတ်ထားသော စံနှင့်အညီ စနစ်တကျ စွန့်ပစ်ရေးတို့အတွက် ဆောင်ရွက်ထားခြင်း၊

(ည) သန့်ရှင်းသော သောက်ရေ၊ သုံးရေ လုံလောက်စွာရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဋ) ရေနှင့် မိလ္လာစနစ်ကို စနစ်တကျတည်ဆောက်ထားခြင်း၊

(ဌ) ဘေးအန္တရာယ်ကြိုတင်ကာကွယ်မှုနှင့် အရေးပေါ် ကယ်ဆယ်ရေးအတွက် စနစ်တကျစီစဉ်ဆောင်ရွက်ထားခြင်း၊

(ဍ) ကောင်းမွန်သော ဆက်သွယ်ရေးစနစ်ရှိခြင်း၊

(ဎ) လျှပ်စစ်မီး ၂၄ နာရီပတ်လုံး ရရှိရေးအတွက် စီစဉ်ဆောင်ရွက်ထားခြင်း၊

(ဏ) ဗဟိုအဖွဲ့က အခါအားလျော်စွာ သတ်မှတ်သည့် အခြားလိုအပ်ချက်များကို ဆောင်ရွက်ထားခြင်း။"

၆။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဥပဒေပုဒ်မ ၁၃ ကို အောက်ပါအတိုင်း အစားထိုးရမည်-

"၁၃။ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီသည် ပုဒ်မ ၁၁ အရ လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍-

(က) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်းများမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ်ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ထောက်ခံချက် လျှောက်ထားသည့်ကိစ္စဖြစ်ပါက သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့တင်ပြရမည်။

(ခ) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်းများ တည်ထောင်ဖွင့်လှစ်နိုင်ရေးအတွက် အဆောက်အအုံအသစ် ဆောက်လုပ်ရန် သို့မဟုတ် လက်ရှိအဆောက်အအုံကို ပြုပြင်ရန် ကြိုတင်ထောက်ခံချက် လျှောက်ထားသည့်ကိစ္စဖြစ်ပါက စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ ကြိုတင်ထောက်ခံချက် ထုတ်ပေးခြင်း သို့မဟုတ် ကြိုတင်ထောက်ခံချက်ထုတ်ပေးရန် ငြင်းပယ်ခြင်းပြုနိုင်သည်။"

၇။ ပုဂ္ဂလိက ကျန်းမာရေးဆိုင်ရာဥပဒေပုဒ်မ ၁၇ ကို အောက်ပါအတိုင်းအစားထိုးရမည်-

"၁၇။ နေပြည်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကြီးကြပ်ရေးကော်မတီသည်-

(က) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်းများမှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားချက်ကို သဘောထားမှတ်ချက်နှင့်အတူ ဗဟိုအဖွဲ့သို့ တင်ပြရမည်။

(ခ) ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းနှင့် ပုဂ္ဂလိက ရောဂါရှာဖွေရေးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုရန် လိုင်စင်လျှောက်ထားခြင်းကို စိစစ်ပြီး သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အတူ လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။"

၈။ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ ၂၅ ပုဒ်မခွဲ (ဏ)၏နောက်တွင် ပုဒ်မခွဲ (တ)၊ (ထ)၊ (ဒ)၊ (ဓ)၊ (န)၊ (ပ)နှင့် (ဖ)တို့အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(တ) သက်ဆိုင်ရာ လိုင်စင်အရ ခွင့်ပြုထားသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း၏ အချက်အလက်များကို မမှန်မကန်ကြော်ငြာခြင်းမှ ရှောင်ကြဉ်ခြင်း၊

(ထ) သက်ဆိုင်ရာ လိုင်စင်အရ ခွင့်ပြုထားသော ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်း၏ အချက်အလက်များနှင့်အညီ လုပ်ငန်းဆောင်ရွက်ခြင်း၊

(ဒ) ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းတွင် ဘာသာရပ်အလိုက် လိုအပ်သည့်သင်ကြားသင်ယူမှုအထောက်အကူပစ္စည်းများ ပြည့်စုံလုံလောက်စွာထားရှိပြီး သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများနှင့်အညီ သင်ကြားနိုင်ရန် စီမံထားရှိခြင်း၊

(ဓ) ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၏ သတ်မှတ်ထားသော သင်ရိုးညွှန်းတမ်းများနှင့် သက်ဆိုင်ခြင်းမရှိသည့် ပါတီနိုင်ငံရေးဆိုင်ရာ အကြောင်းအရာများ၊ ဘာသာရေးဆိုင်ရာ အကြောင်းအရာများနှင့် မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော အကြောင်းအရာများကို သင်ကြားပို့ချခြင်းမပြုရန် ကြပ်မတ်ခြင်း၊

(န) ဖွင့်လှစ်ဆဲ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်းတစ်ခုခု ရပ်နားလိုပါက သင်တန်းတက်ရောက်ဆဲ သင်တန်းသားများ၏ အခွင့်အရေး မဆုံးရှုံးစေရန် စီမံဆောင်ရွက်ခြင်း၊

စာမျက်နှာ ၁၉ သို့

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်းနှင့်**
**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြန်လည်ထူထောင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမင်းသိဏ်းအား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးသက်ထွန်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) | ဒေါက်တာထွန်းမင်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်(ဆေးရုံအုပ်ကြီး/ကုသရေး)<br>ရန်ကုန်ပြည်သူ့ဆေးရုံကြီး<br>ကုသရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |
| (ဂ) | ပါမောက္ခဒေါက်တာသဲနုထွေး<br>ဒုတိယပါမောက္ခချုပ်(သင်ကြား)<br>ဆေးတက္ကသိုလ်(တောင်ကြီး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးတက္ကသိုလ်(တောင်ကြီး)<br>ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

# "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"တော်လှန်ရေးအကြောင်းပြ အကြမ်းဖက်သမားတွေကြောင့် ပြည်သူတွေရဲ့ ခရီးသွားလာရေးမှာ အခုချိန်ထိ အခက်အခဲများ ကြုံနေရဆဲဖြစ်နေ"** ခေါင်းစဉ်ဖြင့် ၁၈-၂-၂၀၂၆ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။လာမည့်အပတ် ၂၅-၂-၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"ဆူပူသောင်းကျန်းမှုများကို အမြစ်ပြတ်ချေမှုန်းရန် အသိပညာမြှင့်တင်ရေးက ပိုမိုအရေးကြီး "** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ထူးခြားသည့် ညအပူချိန်များ (၁၇ - ၂ -၂၀၂၆)

| | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|
| ဟားခါး | ၃ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | ပင်လောင်း | ၅ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၃ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် | လားရှိုး | ၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၃ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် | တီးတိန် | ၆ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၃ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် | သီပေါ | ၇ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် | ပူတာအို | ၈ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| | | | | | ညောင်ရွှေ | ၈ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |

**ပြည်သူ့စစ်မှုထမ်း နည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း**

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၂)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို ကြိုဆို



တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်စိုး ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂)သို့တက်ရောက်မည့်နိုင်ငံ့သားကောင်းရတနာများကို ကြိုဆိုနှုတ်ဆက်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၇**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၂၂) သို့ တက်ရောက်ကြမည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများ ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်နိုင်စိုးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယတိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၂၂)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများကို အောင်သပြေပန်းများ၊ စားသောက်ဖွယ်ရာများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများကို လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၁)**

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီ ရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၀၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

**စာမျက်နှာ ၁၈ မှအဆက်**

(ပ) သင်တန်းသားတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်၊ သင်ယူတတ်မြောက်မှု အရည်အချင်းမှတ်တမ်းများကို သတ်မှတ်ချက်နှင့်အညီ ထားရှိခြင်း၊

(ဖ) သင်တန်းသားများ၏ အရည်အချင်းနှင့် ကျွမ်းကျင်မှုကို စစ်ဆေး၍ သင်တန်းပြီးဆုံးကြောင်း အောင်လက်မှတ်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ထုတ်ပေးခြင်း။"

၉။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ ၃၁ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၃၁။ မည်သူမဆို ပုဂ္ဂလိက ဆေးရုံလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း သို့မဟုတ် ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်းကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် တစ်နှစ်မှ အများဆုံး ထောင်ဒဏ် ငါးနှစ်ထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

၁၀။ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဥပဒေပုဒ်မ ၃၃ ကိုအောက်ပါအတိုင်းအစားထိုးရမည်-

"၃၃။ မည်သူမဆို ပုဂ္ဂလိက ဆေးရုံလုပ်ငန်း၊ ပုဂ္ဂလိက ကုသမှုအထောက်အကူပြုသင်တန်းကျောင်းလုပ်ငန်း၊ ပုဂ္ဂလိက ပြင်ပလူနာခွဲစိတ်ကုသရေးလုပ်ငန်း၊ ပုဂ္ဂလိက သားဖွားခန်းလုပ်ငန်းနှင့် ပုဂ္ဂလိက ဆေးခန်းလုပ်ငန်းတို့မှအပ အခြားပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းတစ်ရပ်ရပ်ကို လိုင်စင်မရှိဘဲ လုပ်ကိုင်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် သုံးလမှ အများဆုံး ထောင်ဒဏ် တစ်နှစ်ထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။"

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၇ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ယာယီသမ္မတ

# နိုင်ငံတော်ဩဝါဒါစရိယ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏အဓိပတိ သီတဂူဆရာတော်ကြီးအား မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် သွားရောက်ဖူးမြော်

မန္တလေး ဖေဖော်ဝါရီ ၁၇

နိုင်ငံတော်ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင်ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရ ဆရာတော်ကြီးအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းက သွားရောက်ဖူးမြော်ကြသည်။

ရှေးဦးစွာ သီတဂူဝိပဿနာ အကယ်ဒမီကျောင်းရှိသီတဂူစန္ဒြကန္တိ ကျောင်းဆောင်တွင် သီတင်းသုံးတော်မူနေသည့် နိုင်ငံတော်ဩဝါဒါစရိယ သောဠသမ ရွှေကျင်သာသနာပိုင်ဆရာတော် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ သီတဂူဆရာတော်ကြီးအားဖူးမြော်၍ သာသနာရေးဆိုင်ရာများလျှောက်ထားပြီး ဩဝါဒများခံယူကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းသည်။




ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် မဟာမုနိရုပ်ရှင်တော်သို့ရောက်ရှိပြီး မန္တလေးလျှင်ကြီး လှုပ်ခတ်ခဲ့မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၏ ဂန္ဓကုဋိတိုက်တော်၊ ရွှေကျောင်းတော်ကြီးနှင့် သာသနိကအဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ပြီးစီးမှု အခြေအနေများ၊ စိန်ဖူးတော်ကြီး၊ ငှက်မြတ်နားတော်၊ ရွှေထီးတော်များ တင်လှူပူဇော်နိုင်ရေးနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ငှက်မြတ်နားတော်တွင် ချိတ်ဆွဲရန် အလှူရှင်မိသားစုဖြစ်သည့် အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဦးအောင်အောင်နှင့် အဂ္ဂမဟာသီရိသုဓမ္မ သိင်္ဂီ ဒေါ်လှလှဝေ (ဂရိတ်စိန်-စိန်ရွှေရတနာဆိုင်)မိသားစုက လှူဒါန်းသည့် မိုးကုတ်ပတ္တမြား ၁၀၉ ပွင့်၊ စိန်ဖွေးသန့် ၈၅ ပွင့်၊ ရွှေတင်ချိန် ၁၆ ဒသမ ၀၁၆ ဂရမ်ကိုလှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဂေါပကအဖွဲ့ဝင်များကလက်ခံ၍ ဂုဏ်ပြုလွှာမှတ်တမ်း ပြန်လည်ပေးအပ်ခဲ့ကြောင်းနှင့် မဟာမုနိရုပ်ရှင်တော်ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူရှင်များကလာရောက်လှူဒါန်း လျက်ရှိကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

---

⚐ **ရှေ့ဖုံးမှအဆက်**

တရုတ်နှစ်သစ်ကူး ရုံးပိတ်ရက်တို့တွင် ခရီးသွားလာသူများ ကြိုက်နှစ်သက်ကြပြီး စီးနင်းမှုများပြားကြောင်း သိရသည်။

တောင်ကြီး-ပေါ်မူ-တောင်ကြီး(အသွား၊ အပြန်) ရှုခင်းကြည့်ရထားခရီးစဉ်ကို ရထားစီးခရီးသည် များပြားမှုကြောင့် ဖေဖော်ဝါရီ ၁၄ ရက်တွင် ရထားပြေးဆွဲမှုကို တောင်ကြီးဘူတာမှ နံနက် ၉ နာရီနှင့် မွန်းလွဲ ၁ နာရီခွဲတို့တွင် တစ်ရက် နှစ်ကြိမ် အသွား၊အပြန် ပြေးဆွဲပေးခဲ့ရပြီး ခရီးသည် စုစုပေါင်း ၄၆၁ ဦးနှင့် ဖေဖော်ဝါရီ ၁၅ ရက်တွင် နံနက်ပိုင်းတစ်ကြိမ် ပြေးဆွဲပေးခဲ့ပြီး ခရီးသည် ၂၃၇ ဦး လိုက်ပါခဲ့ကြောင်း သိရသည်။

တောင်ကြီး-ပေါ်မူခရီးစဉ်မှာ ၁၁ ဒသမ ၄၁ မိုင်ကွာဝေး၍ ပြေးဆွဲချိန် ၁ နာရီခွဲခန့်ကြာမြင့်ပြီး တောင်ကြီးဘူတာမှ နံနက် ၉ နာရီစတင်ထွက်ခွာ၍ လမ်းခရီးတွင် ဘဝသံသရာအဝိုင်းအနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီးသိမ်ဘူတာ၌ ၁၅ မိနစ်ရပ်တန့်ပေးခဲ့ကာ ပေါ်မူဘူတာသို့ နံနက် ၁၀ နာရီခွဲတွင်ရောက်ရှိ၍ ရထားတွဲဆိုင်းကို တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်ပေးခဲ့ပြီး ပေါ်မူဘူတာမှ နံနက် ၁၁ နာရီတွင် ပြန်လည်ထွက်ခွာ၍ တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။ အလားတူ တောင်ကြီးဘူတာမှ မွန်းလွဲ ၁ နာရီခွဲတွင် ထွက်ခွာသည့် ခရီးစဉ်တွင် တောင်ကြီးဘူတာသို့ ညနေ ၅ နာရီပြန်လည်ရောက်ရှိကြောင်း သိရသည်။

ထို့အတူ ဖေဖော်ဝါရီ ၁၄ ရက်တွင် ကလော-အောင်ပန်း-ဟဲဟိုး-ရွှေညောင် (အသွား၊ အပြန်) (ဟဲဟိုး) ဘဝသံသရာ ရှုခင်းကြည့်ရထားခရီးစဉ်ကို Package ဖြင့် အထူးရထား စီးလုံးငှားရမ်းပြေးဆွဲပေးခဲ့ပြီး ပုဂ္ဂလိကခရီးသွားအဖွဲ့မှ ခရီးသည် ၄၇ ဦးလိုက်ပါစီးနင်းခဲ့သည်။

ပြင်ဦးလွင်-ဂုတ်ထိပ်-ပြင်ဦးလွင် ရှုခင်းကြည့်ရထားခရီးစဉ်အနေဖြင့် ဒီဇင်ဘာ ၁၉ ရက်မှစတင်၍ အပတ်စဉ် စနေ၊ တနင်္ဂနွေရက်တို့တွင် ပြေးဆွဲပေးလျက်ရှိရာ ဇန်နဝါရီလထိ ပုံမှန် RBE ရထားခရီးစဉ်တွင် ခရီးသည် ၆၂၁ ဦး၊ Package ဖြင့် RBE ရထားစီးလုံးငှားရမ်းမှုတွင် ခရီးသည် ၄၃၂ ဦး၊ စီးလုံးငှားရထားကြီးဖြင့် ပြေးဆွဲပေးမှုတွင် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ ဆရာမ ဦးရေ ၁၁၄၀ ပို့ဆောင်ပေးခဲ့ပြီး ခရီးသည်စုစုပေါင်း ၂၁၉၃ ဦး လိုက်ပါစီးနင်းခဲ့သည်။

ယခု ဖေဖော်ဝါရီလ ရုံးပိတ်ရက်ကာလအတွင်း ခရီးသည်စီးနင်းမှုများပြားသဖြင့် ဂုတ်ထိပ်(၁)၊ ဂုတ်ထိပ်(၂) ပုံမှန် RBE ရထားခရီးစဉ်ကို အထက်တန်းတစ်တွဲနှင့် ရိုးရိုးတန်းငါးတွဲပါဝင်သော ရထားကြီးဖြင့် ပြေးဆွဲပေးခဲ့ပြီး ဖေဖော်ဝါရီ ၁၄ ရက်နှင့် ၁၅ ရက် နှစ်ရက်အတွင်း ခရီးသည် စုစုပေါင်း ၅၈၂ ဦး၊ Package ဖြင့် RBE ရထားစီးလုံးငှားရမ်းမှုတွင် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၆ ရက်ထိ အထက်တန်း RBE တွဲ ခရီးစဉ် သုံးကြိမ်၊ ရိုးရိုးတန်း RBE တွဲခရီးစဉ် နှစ်ကြိမ်နှင့် ရိုးရိုးတန်း RBE တွဲ နှစ်တွဲပါ ခရီးစဉ်တစ်ကြိမ်ဖြစ်၍ ခရီးသည် စုစုပေါင်း ၂၃၂ ဦးနှင့် စီးလုံးငှားရထားကြီးဖြင့် ပြေးဆွဲပေးမှုတွင် ဖေဖော်ဝါရီ ၁၁ ရက်၌ Mother Love ပုဂ္ဂလိကကျောင်းမှ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ဆရာမ ဦးရေ ၂၄၀ ပို့ဆောင်ပေးခဲ့ပြီး စတင်ပြေးဆွဲပေးချိန်မှ ယနေ့ထိခရီးသည် စုစုပေါင်း ၃၂၄၇ ဦး လိုက်ပါစီးနင်းခဲ့သည်။

ပြင်ဦးလွင်-ဂုတ်ထိပ်၊ ဂုတ်ထိပ်-ပြင်ဦးလွင် RBE ရထားခရီးစဉ်တွင် ခရီးသည်ဦးရေ၄၀ လိုက်ပါစီးနင်းနိုင်ပြီး ဂုတ်ထိပ်(၁) RBE ရထားသည် ပြင်ဦးလွင်ဘူတာမှ နံနက် ၈ နာရီတွင် ထွက်ခွာ၍ ဂုတ်ထိပ်ဘူတာသို့ နံနက် ၁၁ နာရီခွဲတွင် ရောက်ရှိရပ်နားပြီး ဂုတ်ထိပ်(၂) RBE ရထားသည် ဂုတ်ထိပ်ဘူတာမှ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ထွက်ခွာ၍ ပြင်ဦးလွင်ဘူတာသို့ ညနေ ၄ နာရီတွင် ပြန်လည်ရောက်ရှိမည်ဖြစ်သည်။ လမ်းခရီးတွင် ပွဲကောက်၊ ဝက်ဝံ၊ ဆမ်ဆယ်၊ နောင်ချိုဘူတာတို့တွင် ရပ်တန့်ပေးမည်ဖြစ်သည်။ ထို့အတူ ဂုတ်ထိပ်ဘူတာမှ ဂုတ်ထိပ်တံတားပေါ်ဖြတ်သန်းပြီး ရှုခင်းကြည့်နေရာထိ လူဦးရေ ၂၀ လိုက်ပါစီးနင်းနိုင်သည့် RGC ရထားကို တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဖြင့် ပြေးဆွဲပေးလျက်ရှိသည်။

အထက်ပါ ရှုခင်းကြည့် Sight Seeing ခရီးစဉ်များအတွက် Package ဖြင့် RBE သို့မဟုတ် ရထားကြီးစီးလုံးငှားရမ်းလိုပါက သုံးရက်ကြိုတင်၍ ရုံပိုင်ကြီး (အထူးတန်း) ပြင်ဦးလွင် ဖုန်း ၀၉-၄၄၈၅၃၈၈၃၀ နှင့် ကလော-ရွှေညောင် အသွား၊ အပြန်ခရီးစဉ်အတွက် Package ဖြင့် အထူးရထားငှားရမ်းမှုများကို ရုံပိုင် (တာဝန်ခံ)ကလော ဖုန်း ၀၈၁-၂၃၅၀၁၄၃ မှတစ်ဆင့် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

---

☆ **ကျောဖုံးမှအဆက်**

ပရိတ်၊ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ ဆီမီး၊ ပန်း၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ တရားဘာဝနာအားထုတ်ခြင်းနှင့် နံနက်အရုဏ်တက်ချိန်တွင် အရုဏ်ဆွမ်းကပ်၍ ဘုရားဝတ်ပြုခြင်းတို့ကို ပြုလုပ်ကြပြီး ဘုရားကြီး၏ ရင်ပြင်တော်တိုးချဲ့တည်ဆောက်နေမှု လုပ်ငန်းများနှင့် ဘက်စုံပြုပြင်ရန်အတွက် အလှူငွေများ ကုသိုလ်ယူ ပါဝင်လှူဒါန်းခဲ့ကြသည်။

ဆက်လက်ပြီး ဘုရားဖူးဧည့်သည်များသည် ပင်လယ်ကမ်းခြေဒေသ၏ လှပသောသဘာဝတရားကို ကြည့်ရှုခံစားပြီး ကျောက်ဆောင်များပေါ်တွင် အလှဓာတ်ပုံများရိုက်ခြင်း၊ ကျောက္ကလပ်သို့သွားရောက်လည်ပတ်ကြခြင်း၊ ဟိုင်းကြီးကျွန်းပေါ်ရှိ သမိုင်းဝင်နေရာများနှင့် ဘုရားစေတီပုထိုးများအား သွားရောက်ဖူးမြော်ကြပြီး ငွေတောင်ရေချိုးဆိပ်သို့သွားရောက်ကာ ရေကူးအပန်းဖြေအနားယူကြကြောင်း သိရသည်။

**လှိုင်မျိုးအောင်(ဟိုင်းကြီးကျွန်း ပြန်/ဆက်)**

---

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

(ခ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက် သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

(ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

(ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း(သို့မဟုတ်)စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေကပြဋ္ဌာန်းထားသည့်အတိုင်းသတ်မှတ်ခံရသူများ။

(ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

(င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

(စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့်သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

(ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။




KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက သံလွင်တံတား(ဖားဆောင်း)ကို မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် တံတားပျက်စီးနေမှုကို တွေ့ရစဉ်။

❖ **သံလွင်တံတား(ဖားဆောင်း)မှ**

၎င်းတို့ကို လိုက်လံချေမှုန်းခြင်းများ မဆောင်ရွက်နိုင်စေရန်အတွက် ယနေ့ နံနက် ၇ နာရီ မိနစ် ၂၀ ခန့်တွင် ကယားပြည်နယ် မယ်စဲ့မြို့နယ် ဖားဆောင်းမြို့၏ အနောက်ဘက် မီတာ ၃၂၀ ခန့်အကွာ ဖားဆောင်း-မယ်စဲ့-ဘီပီ(၁၃)သွား ကားလမ်းမိုင်တိုင်အမှတ် ဝ/၃ နှင့် ဝ/၄ ကြားရှိ အများပြည်သူအားထား အသုံးပြုလျက်ရှိသည့် အရှည် ပေ ၁၂၆၀၊ အကျယ် ၂၄ ပေ၊ သံကူကွန်ကရစ်အမျိုးအစား သံလွင်တံတား(ဖားဆောင်း)ကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့မှုကြောင့် အဆိုပါ တံတား၏ အနောက်ဘက်ကမ်းကပ်ခုံမှ အရှည် ပေ ၂၅၀၊ အကျယ် ၂၄ ပေခန့် ပြိုကျပျက်စီးခဲ့ကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သိရသည်။

အကြမ်းဖက်သမားများ အနေဖြင့် ဒေသကောင်းစားရေးဟု သုံးနှုန်း၍ အမှန်တကယ်တွင် ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက်သာ ရှေးရှု၍ ယုတ်မာရိုင်းစိုင်းစွာဖြင့် အများပြည်သူအဓိကသွားလာရာနှင့် ကုန်စည်များစီးဆင်းရာတွင် အဓိကအားထားအသုံးပြုနေသော စစ်ရေးပစ်မှတ်မဟုတ်သည့် သံလွင်တံတား(ဖားဆောင်း)ကို ဖောက်ခွဲဖျက်ဆီးခဲ့ခြင်းကြောင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ များစွာနစ်နာဆုံးရှုံးခဲ့ရသည်။

အဆိုပါ မိုင်းခွဲဖျက်ဆီးမှုကြောင့် လက်ရှိတွင် လူနှင့်ယာဉ်များ ဖြတ်သန်းသွားလာနိုင်မှုမရှိကြောင်း သိရှိရပြီး တံတားပျက်စီးမှုကို သက်ဆိုင်ရာ လမ်း၊ တံတားဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများက အမြန်ဆုံးပြန်လည်ပြင်ဆင်သွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးလုပ်ငန်းစဉ်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

(၅၀၁)



KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူများက သံလွင်တံတား(ဖားဆောင်း)ကို မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် တံတားပျက်စီးနေမှုကို တွေ့ရစဉ်။

# ငလျင်ဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံသည် မီးဘေး၊ ရေဘေး၊ မုန်တိုင်းဘေး၊ ငလျင်ဘေး၊ ဆူနာမီဘေး၊ မြေပြိုဘေး၊ မိုးခေါင်ရေရှားဘေး၊ မိုးကြိုးဘေးနှင့် လေပြင်းဘေး စသည့် သဘာဝဘေးများ ဖြစ်ပွားလေ့ရှိသော နိုင်ငံဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ငလျင်ဖြစ်ပေါ်နိုင်သည့် အဓိကပြတ်ရွေ့ကြော လေးခုအနက် စစ်ကိုင်းပြတ်ရွေ့သည် မြန်မာနိုင်ငံမြောက်ပိုင်း ကချင်ပြည်နယ်မှစတင်ကာ မြန်မာနိုင်ငံအလယ်ပိုင်းကို တောင်မြောက်ဖြတ်သန်းလျက် မုတ္တမပင်လယ်ကွေ့နှင့် ကပ္ပလီပင်လယ်ပြင်ထိ ကီလိုမီတာ ၁၂၀၀ ကျော်ရှည်လျားပါသည်။

၂။ ငလျင်ဘေးအန္တရာယ်သည် ကြိုတင်သတိပေးချက် မရရှိနိုင်ဘဲ ရုတ်တရက်ဖြစ်ပွားတတ်သဖြင့် ပျက်စီးဆုံးရှုံးမှုများပြားစေသော ဘေးအန္တရာယ်တစ်ခုဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှု ဖြစ်ပေါ်ရခြင်းသည် ကမ္ဘာမြေကြီးအောက်ရှိ ကျောက်လွှာများ ရုတ်တရက်ကျိုးပြတ်ရွေ့လျားမှုကြောင့် မြေသားများ ပြင်းပြင်းထန်ထန်တုန်ခါနေခြင်းကြောင့် ဖြစ်ပါသည်။ ငလျင်လှုပ်ခတ်မှုသည် ငလျင်စတင်ဖြစ်ပေါ်သည့် ဗဟိုချက်၏ အတိမ်၊ အနက်၊ မြို့ပြနှင့် ကျေးလက်၊ လူဦးရေအစိပ်အကျဲတို့အပေါ်မူတည်၍ ပျက်စီးဆုံးရှုံးမှုလည်း မတူညီနိုင်ပါ။ များသောအားဖြင့် ငလျင်လှုပ်ခြင်းကြောင့် လူ့အသက်သေဆုံးမှု မဖြစ်စေသော်လည်း အဆောက်အအုံများ ပြိုကျမှုနှင့် ခိုင်မာစွာတွယ်ဆက်ထားခြင်းမရှိသည့် ပစ္စည်းများ ပြုတ်ကျမှုများကြောင့် လူ့အသက်သေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှုများကို ဖြစ်ပေါ်စေခဲ့ပါသည်။ ၂၈-၃-၂၀၂၅ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် သေဆုံးသူ ၃၈၁၈ ဦး၊ ပျောက်ဆုံးသူ ငါးဦးနှင့် ဒဏ်ရာရရှိသူ ၅၁၀၄ ဦးရှိခဲ့ပါသည်။

၃။ ငလျင်လှုပ်ခတ်မှုများကြောင့် ထိခိုက်မှုများ လျော့နည်းစေရန်အတွက် အသိပညာပေးခြင်းကို ဒေသအလိုက်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်အတူ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၄။ ပြည်သူများအနေဖြင့်လည်း ငလျင်ဘေးအတွက် အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုန်တွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။

(ခ) ဘေးကင်းလုံခြုံသောနေရာ၊ လမ်းကြောင်းများကို သတ်မှတ်ထားပါ။ ငလျင်လှုပ်နေချိန်တွင် ပြုမူနေထိုင်ရမည့်နည်းလမ်းများကို မိသားစုဝင်များကို အသိပေးလေ့ကျင့်ထားပါ။

(ဂ) ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သောပစ္စည်းများ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။

(ဃ) မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊ အရေးကြီးစာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

(င) မိမိအိမ်၏ခိုင်ခံ့မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင် ကြိုတင်ပြင်ဆင်ထားပါ။

၅။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြောက်ရွံ့ထိတ်လန့်မှု မရှိပါနှင့်။ သတိရှိပါ။ တည်ငြိမ်မှုရှိပါ။

(ခ) ငါးစက္ကန့်အတွင်း အဆောက်အအုံအပြင်သို့ ရောက်နိုင်ပါက ပြေးထွက်ပါ။ မရောက်နိုင်ပါက ဘေးကင်းသောနေရာများတွင် (ဝပ်၊ ကာ၊ ကိုင်)ပုံစံဖြင့် နေပါ။

(ဂ) လယ်ကွင်း၊ ကွင်းပြင် သို့မဟုတ် ဘေးကင်းရာ (မြင့်မားသော အဆောက်အအုံ၊ လျှပ်စစ်မီးကြိုး၊ ဓာတ်တိုင်များ၊ သစ်ပင်များ၊ ပြိုကျနိုင်သောအရာများနှင့် ဝေးရာ)သို့ ပြေးပါ။

(ဃ) ငလျင်ကြောင့် ဆူနာမီလှိုင်းများ ဖြစ်ပေါ်လာနိုင်သည့်အတွက် ကမ်းခြေ သို့မဟုတ် မြစ်ကမ်းစပ်အနီးတွင် ရောက်ရှိနေပါက ကုန်းမြေမြင့်သို့ ရွှေ့ပြောင်းပါ။

(င) မီးအသုံးပြုနေစဉ် ငလျင်လှုပ်ပါက မီးတောက်ငြိမ်းပါ။ မီးခလုတ်များကို ပိတ်ပါ။

(စ) ဆိုင်ကယ်၊ ကား စသည်တို့မောင်းနှင်နေချိန်ဖြစ်ပါက အရှိန်လျှော့ပြီး ဘေးကင်းရာနေရာတွင် ရပ်ထားပါ။

၆။ ငလျင်လှုပ်နေစဉ်တွင် အောက်ပါတို့ကို ရှောင်ရှားရန် လိုအပ်ပါသည်-

(က) အဆောက်အအုံထဲသို့ ပြေးမဝင်ပါနှင့်။

(ခ) ဓာတ်လှေကားများ အသုံးမပြုပါနှင့်။

(ဂ) အထပ်မြင့်တိုက်များမှ ခုန်ထွက်ခြင်း မပြုပါနှင့်။

၇။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။ မိသားစုဝင်များ ပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။

(ခ) ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။

(ဂ) သက်ဆိုင်ရာအစိုးရဌာနက ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။အခြားသူများကိုမျှဝေပါ။ကောလာဟလသတင်းများကို မယုံပါနှင့်။

(ဃ) မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများအားလုံးကို ပြန်လည်စစ်ဆေးပါ။

(င) အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များ လှုပ်တတ်ကြောင်း သတိပြုပါ။

(စ) နောက်ဆက်တွဲဘေးအန္တရာယ် (မီးဘေး၊ ဆူနာမီ၊ ရေကြီးခြင်း၊ မြေပြိုခြင်း)များကို အထူးသတိပြုပါ။

၈။ ငလျင်လှုပ်ပြီးနောက် အောက်ပါတို့ကို သတိပြုရှောင်ရှားသင့်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်-

(က) အဆောက်အအုံ၏ ခိုင်ခံ့မှုကိုစစ်ဆေးခြင်းမပြုဘဲ မဝင်ရ။

(ခ) မြစ်ကမ်းပါး၊ တောင်စောင်းများသို့ မသွားပါနှင့်။ မြေပြိုနိုင်ပါသည်။

(ဂ) ဆည်၊ ရေလှောင်ကန်များအနီးတွင် မနေပါနှင့်။ ဆည်ကျိုးပေါက်နိုင်ပြီး ရေကြီးနိုင်သည်။

(ဃ) တာဝါတိုင်များ၊ မျှော်စင်များ၊ အထပ်မြင့်အဆောက်အအုံများ ပြိုကျနိုင်သဖြင့် အနီးသို့ မသွားပါနှင့်။

၉။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံအရပ်ရပ်တွင် နွေဦးရာသီနှင့် နွေရာသီကာလများတွင် နေ့အပူချိန်များ တဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံ့တက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ၊ ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ပေါ်နိုင်ပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်း စသည့်မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိပါသည်။ အဆိုပါ ရာသီဥတုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနက အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးလျက်ရှိပါသည်။

၂။ လွန်ခဲ့သော ၁၁ နှစ်တာကာလအတွင်း လေပြင်းတိုက်ခတ်မှုများကြောင့် စုစုပေါင်းနေအိမ် ၂၅၄၁၀၀ ကျော် ပျက်စီးခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်ပျက်စီးမှု အများဆုံးဖြစ်ခဲ့ပြီး လူသေဆုံးမှု ထိခိုက်၊ ဒဏ်ရာရရှိမှုများလည်းရှိခဲ့ပါသည်။

၃။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လေပြင်းတိုက်ခတ်ပါက အမိုးလန်ခြင်း၊ ယိုင်လဲပျက်စီးခြင်းများ ဖြစ်ပေါ်နိုင်သော ခိုင်ခံ့မှုအားနည်းသည့် နေအိမ်များကို ဦးစားပေးရွေးချယ်ကာ လေပြင်းဒဏ်ပိုမိုခံနိုင်ရည်ရှိသော အိုးအိမ်များဖြစ်စေရေး အားဖြည့်၊ မွမ်းမံ၊ ပြင်ဆင်ခြင်းကို ဒေသအလိုက် အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်ထိ ရှစ်နှစ်တာကာလအတွင်း နေအိမ်ပေါင်း ၈၆၀၀၀ ကျော်ကို လေပြင်းဒဏ်ခံနိုင်ရေးအတွက် နည်းပညာပိုင်းဆိုင်ရာပံ့ပိုးမှုများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ နှစ်စဉ် လေပြင်းဘေးကျရောက်နိုင်သော ဆောင်းအကုန် နွေအကူးကာလမှစ၍ မုတ်သုံမတိုင်မီကာလတွင် နေအိမ်များလေပြင်းဒဏ်ခံနိုင်ရန် ကြိုတင်ပြင်ဆင်ခြင်းနှင့် လေပြင်းဘေးအန္တရာယ်ဆိုင်ရာအသိပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့်လည်း အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) **ဆောက်လုပ်ထားပြီးသောနေအိမ်များအတွက်**

(၁) မိမိအိမ်၏ကြံ့ခိုင်မှုကို ပုံမှန်စစ်ဆေးပြီး တောင့်တင်းခိုင်မာအောင်ပြုလုပ်ထားပါ။

(၂) လေပြင်းဒဏ်ခံနိုင်စေရေးအတွက် လိုအပ်သည့်နေရာများတွင် ထောက်တန်းများ၊ ထောက်တိုင်များ ထပ်မံအားဖြည့်တပ်ဆင်ပါ။ မြေဝင်အိမ်တိုင်များကို လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍ သိပ်သည်းကျစ်လျစ်အောင် ဆောင်ရွက်ပါ။

(၃) သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ၊ သက်ငယ်အမိုးဖြစ်ပါက ဝါးရာဇမတ်ကွက် ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာချည်နှောင်ပါ။

(၄) အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များကို ပိုမိုခိုင်ခံ့စေရန် ကြိုတင်ဆောင်ရွက်ပါ။ အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

(ခ) **အသစ်တည်ဆောက်မည့်အိမ်များဖြစ်ပါက**

(၁) အိမ်တိုင်များကို မြေဝင်အနည်းဆုံး နှစ်ပေခွဲ (လက်မောင်းတစ်ဆုံး)ထိ တူးစိုက်ပါ။

(၂) အိမ်တိုင်စိုက်ပြီးပါက တွင်းကို သဲ သို့မဟုတ် သဲပါသောမြေကြီးထည့်၍ ကျပ်ပါ။

(၃) အိမ်တိုင် အလွယ်တကူကျွတ်ထွက်မသွားနိုင်ရန် အိမ်တိုင်အောက်ခြေ မြေဝင်ပိုင်းတွင် စို့သံကြီးကြီးနှင့်ဖြစ်စေ၊ ကန့်လန့်သစ်သားတန်း သို့မဟုတ် သပ်ချောင်းနှင့်ဖြစ်စေ ရိုက်ပြီးမှ တိုင်စိုက်ပါ။

(၄) အုတ်ဖိနပ်အသုံးပြုပါက မြေကြီးထဲသို့ အုတ်ဖိနပ်အမြင့်၏ သုံးပုံ နှစ်ပုံထိမြှုပ်၍ တည်ဆောက်ပါ။ မြေဝင်နက်နက်နှင့် ခိုင်မြဲစွာစိုက်ထူရန် အိမ်တိုင်နှင့် အုတ်ဖိနပ်ကို ဇာဝီနှင့် မူလီအသုံးပြု၍ စနစ်တကျတပ်ဆင်ပါ။

(၅) လေဒဏ်ခံရမှုမှ သက်သာစေရန် မိမိအိမ်၏ တိုသောမျက်နှာစာကို လေပြင်းလာတတ်သည့်ဘက်သို့ မျက်နှာမူ၍ ဆောက်လုပ်ပါ။

(၆) လေဒဏ်ကြောင့် အိမ်ခေါင်မိုးပြုတ်မထွက်စေရန်နှင့် အမိုးလွင့်စဉ်ခြင်းမှ ကာကွယ်နိုင်ရန် ခေါင်မိုးများ၏ အမိုးစောင်းများကို ၃၀ ဒီဂရီ သို့မဟုတ် လက်သမားအခေါ် လက်မအချိုးအနည်းဆုံးထားပါ။ တံစက်မြိတ်၏ အစွန်းများကိုလည်း ၁၈ လက်မ (တစ်တောင်) ထက် ပိုမထွက်အောင် ဆောက်လုပ်ပါ။

(၇) သွပ်ပြားမိုးရာတွင် လေဒဏ်ကြောင့် လွင့်စဉ်ခြင်း၊ မိုးရေယိုစိမ့်ခြင်းမှကာကွယ်ရန် သွပ်သံကို အပေါ် ဘက်ခုံးနေသောနေရာတွင် တစ်ခုံးကျော် ရိုက်ပါ။

(၈) သက်ငယ်မိုးရာတွင် တစ်ချပ်နှင့် တစ်ချပ် လေးလက်မခန့်ခြား၍ နှီးဖြင့် ခိုင်ခိုင်တုပ်ပြီး ထူထူမိုးပါ။

(၉) အိမ်ခေါင်မိုး၊ ကိုယ်ထည်၊ ကြမ်းပြင်၊ အိမ်တိုင်များကို မြေကြီးထိ တစ်ခုနှင့် တစ်ခု တစ်ဆက်တစ်စပ်တည်းစနစ်တကျချိတ်ဆက်ထားပါ။နေအိမ်၏ တိုင်၊ ရက်မနှင့် ဆင့်များကို မူလီဖြင့် သေချာစွာတွဲဆက်ထားပါ။

(၁၀) အိမ်နံရံများတွင် ခိုင်ခံ့သောထောက်တန်းများထည့်၍အိမ်ကိုယ်ထည်မစောင်း၊ မရွေ့၊ လည်မထွက်သွားစေရန် ဆောက်လုပ်ပါ။

၅။ လေပြင်းတိုက်ခတ်နေစဉ်တွင် အောက်ပါတို့ကို သတိပြုလိုက်နာကြရန် လိုအပ်ပါသည်-

(က) လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်အတူလွင့်ပါကာ အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့မထွက်ပါနှင့်။

(ခ) တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ။ မှန်ပြတင်းပေါက်များကို တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။ မှန်ပြတင်းပေါက်များနှင့် ဝေးရာတွင် နေထိုင်ပါ။

(ဂ) လေတိုက်ခတ်မှု အလွန်ပြင်းထန်ပါက ခိုင်ခံ့သော စားပွဲ သို့မဟုတ် ခိုင်ခံ့သော အရာဝတ္ထုတစ်ခုခုအောက်တွင် အကာအကွယ်ယူနေပါ။

(ဃ) အရေးပေါ်အခြေအနေမှလွဲ၍ ဖုန်းအသုံးမပြုပါနှင့်။

၆။ လေပြင်းတိုက်ခတ်ပြီးနောက် အောက်ပါတို့ကို သတိပြုဆောင်ရွက်ကြရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကူညီကယ်ဆယ်ရေးနှင့် အပျက်အစီးများ ရှင်းလင်းခြင်းလုပ်ငန်းများတွင် တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ။

(ခ) ကျိုးကျ၊ ယိုင်လဲ၊ ပြိုပျက်နေသော ဓာတ်တိုင်များ၊ ဓာတ်ကြိုးများ၊ သစ်ပင်များ၊ သစ်ကိုင်းများ၊ အဆောက်အအုံများနှင့် ဝေးရာတွင်နေထိုင်ပါ။

(ဂ) ထိခိုက်ဒဏ်ရာရရှိပါက နီးစပ်ရာကျန်းမာရေးဌာနများ၌ လိုအပ်သည့် ကုသမှုခံယူပါ။

(ဃ) ကာကွယ်စောင့်ရှောက်ပေးရန်လိုအပ်သော ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် သားသည်မိခင်များ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ စသည့် အကူအညီလိုအပ်သူများကို တတ်စွမ်းသရွေ့ပေါင်းစပ်ကူညီပေးပါ။

၇။ သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသောတိရစ္ဆာန်များအပေါ်ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင်ဖော်ပြသည့် မိုးလေဝသသတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကို ရေဘေးအန္တရာယ်မှကင်းလွတ်နိုင်ရေးကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနကသတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင်သောမီးသတ်ဆေးဘူးများကို အလွယ်တကူရယူနိုင်သောနေရာတွင်ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကိုရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေးကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူ ရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

**မိမိပိုင်နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မာဒါဂါစကားနိုင်ငံတွင် ဂီဇာနီဆိုင်ကလုန်းမုန်တိုင်းကြောင့် လူ ၅၉ ဦးသေဆုံးခဲ့ပြီး ၁၆၄၂၈ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရ



**အန်တာနာနာရီဗို ဖေဖော်ဝါရီ ၁၇**

မာဒါဂါစကားနိုင်ငံတွင် ဂီဇာနီဆိုင်ကလုန်းမုန်တိုင်းကြောင့် လူ ၅၉ ဦး သေဆုံးခဲ့ပြီး ၁၆၄၂၈ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကြောင်း အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာန(BNGRC)၏ ယနေ့ ထုတ်ပြန်ချက်များအရ သိရသည်။

မာဒါဂါစကားနိုင်ငံ အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးဌာန(BNGRC)၏ ထုတ်ပြန်ချက်အရ လူ ၁၅ ဦး ပျောက်ဆုံးနေဆဲဖြစ်ပြီး ၈၀၄ ဦး ဒဏ်ရာရရှိထားကြောင်း၊ ထို့ပြင် မုန်တိုင်း၏ သက်ရောက်မှုကြောင့် လူပေါင်း ၄၂၃၉၈၆ ဦး၏ စီးပွားရေးဆိုင်ရာ ထိခိုက်မှုများဖြစ်သော အိုးအိမ်များ ပျက်စီးခြင်း၊ လယ်ယာမြေများ ရေလွှမ်းမိုးခြင်းတို့အပြင် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုများလည်း ဖြစ်ပွားခဲ့သည်။

ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုရုံး၏ အဆိုအရ အပူပိုင်းမုန်တိုင်း ဖီတီယာကြောင့် လူ ၁၄ ဦး သေဆုံးပြီး ၃၁၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်နေမှုများ ဖြစ်ပေါ်ခဲ့ပြီး ၁၀ ရက်အကြာတွင် ဂီဇာနီမုန်တိုင်း ထပ်မံဝင်ရောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ဂီဇာနီမုန်တိုင်းသည် တစ်နာရီလျှင် ၁၈၅ ကီလိုမီတာနှုန်းခန့် တိုက်ခတ်ခဲ့မှုကြောင့် အိမ်ခေါင်မိုးများ ပျက်စီးခြင်း၊ သစ်ပင်ကြီးများအမြစ်မှ ကျွတ်ထွက်ခြင်းနှင့် လျှပ်စစ်ဓာတ်အားလိုင်း ပြတ်တောက်ခြင်းတို့ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

လက်ရှိအချိန်တွင် အစိုးရနှင့် ကယ်ဆယ်ရေးအဖွဲ့များက အရေးပေါ်အစားအစာ၊ သောက်ရေသန့်နှင့် ဆေးဝါးအထောက်အပံ့များ ဖြန့်ဝေပေးနေပြီး ပျက်စီးသွားသော အခြေခံအဆောက်အအုံများ ပြန်လည် တည်ဆောက်ရေးကိုလည်း စီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

## အမေရိကန်နိုင်ငံ ဟာဝိုင်ရီပြည်နယ်ရှိ ခီလာဝေယာမီးတောင် ပေါက်ကွဲမှုကြောင့် မီးတောင်အန္တရာယ် သတိပေးချက်ထုတ်ပြန်

**ဝါရှင်တန် ဖေဖော်ဝါရီ ၁၇**

အမေရိကန်နိုင်ငံ ဟာဝိုင်ရီပြည်နယ်ရှိ ခီလာဝေယာမီးတောင်သည် ဖေဖော်ဝါရီ ၁၆ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး မီးတောင်အတွင်းမှ ချော်ရည်နှင့်မီးခိုးငွေ့များ ပေါက်ထွက်ပျံ့နှံ့နေမှုကြောင့် US Geological Survey (USGS) က မီးတောင်အန္တရာယ်သတိပေးချက် ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ခီလာဝေယာမီးတောင်သည် အမေရိကန်နိုင်ငံတွင်ရှိသော မီးတောင်များအနက် သက်ဝင်လှုပ်ရှားမှုနှုန်း အမြင့်မားဆုံးသော မီးတောင်ဖြစ်ပြီး နှစ်စဉ်နှစ်တိုင်း မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားလေ့ရှိကြောင်း၊ မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်တွင်းမှ ချော်ရည်များပေါက်ထွက်နေပြီး မီးခိုးငွေ့များသည် မီးတောင်အထက် မီတာ ၃၀၀ ထိ ရောက်ရှိပျံ့နှံ့နေသည့်အပြင် မီးတောင်အနီးပတ်ဝန်းကျင် ဧရိယာများတစ်လျှောက်လည်း ရောက်ရှိပျံ့နှံ့နေပြီး ခီလာဝေယာမီးတောင် အနီးပတ်ဝန်းကျင် နေထိုင်သူများကိုလည်း မီးတောင်အန္တရာယ်သတိပေးချက် ထုတ်ပြန်ထားကြောင်း၊ မီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်အတွင်းမှ ဆာလဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့များလည်း ပျံ့နှံ့နေကြောင်း သိရသည်။

"ခီလာဝေယာ မီးတောင်အောက်ခြေမှာ အသေးစားငလျင်လှုပ်ခတ်မှုတွေ ဖြစ်ပေါ်ခဲ့တဲ့အတွက် မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့ပါတယ်။ ငလျင်လှုပ်ခတ်မှုအခြေအနေပေါ်မူတည်ပြီးတော့ မီးတောင်ပေါက်ကွဲမှု အန္တရာယ်အဆင့်ကို ပြောင်းလဲသတ်မှတ်ပေးသွားပါမယ်"ဟု US Geological Survey (USGS) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## ပေါ်တူဂီနိုင်ငံ လီဇီရီးယားဒေသတွင် တာဂတ်စ်မြစ်ရေပြန်လည်ကျဆင်းလာမှုကြောင့် ရေဘေးအန္တရာယ်အနီရောင်အဆင့်မှ အဝါရောင်အဆင့်သို့ ပြောင်းလဲသတ်မှတ်

**လစ္စဘွန်း ဖေဖော်ဝါရီ ၁၇**

ပေါ်တူဂီနိုင်ငံ လီဇီရီးယားဒေသတွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီးနောက် တာဂတ်စ်မြစ်ရေလျှံတက်မှုကြောင့် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရပြီး ရေဘေးအန္တရာယ်ကို အနီရောင်အဆင့် သတ်မှတ်ခဲ့ရာမှ ယခုအခါ မြစ်ရေပြန်လည်ကျဆင်းလာပြီဖြစ်သည့်အတွက် ယနေ့မှစ၍ အဝါရောင်အဆင့်သို့ ပြောင်းလဲသတ်မှတ်ခဲ့ကြောင်း Civil Protection Agency က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားကြောင်း သိရသည်။



တာဂတ်စ်မြစ်ရေ လျှံတက်မှုဖြစ်ပေါ်တိုင်း စပိန်နိုင်ငံအရှေ့ဘက်ပိုင်းနှင့် ပေါ်တူဂီနိုင်ငံတို့တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်လေ့ရှိကြောင်း၊ ပေါ်တူဂီနိုင်ငံတွင် ပြီးခဲ့သောရက်သတ္တပတ်က မက်ဒီယိုတီဂျိုနယ်မြေတွင်လည်း ရေကြီးရေလျှံမှုကြောင့် ရေဘေးအန္တရာယ် အနီရောင်အဆင့်အဖြစ် သတ်မှတ်ခဲ့ရပြီး ယနေ့မှစ၍ အဝါရောင်အဆင့်အဖြစ် လျှော့ချသတ်မှတ်ကြောင်း ထုတ်ပြန်သွားခဲ့သည်။

"လီဇီရီးယားဒေသနဲ့ မက်ဒီယိုတီဂျိုနယ်မြေတို့မှာ ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ပြီး ရေကြီးရေလျှံမှုကိုလဲ အနီရောင်အဆင့်အဖြစ် သတ်မှတ်ခဲ့ရတယ်။ ဒါပေမဲ့ အရေးပေါ်အစီအစဉ်တွေနဲ့ သေချာဆောင်ရွက်ခဲ့တဲ့အပြင် တာဂတ်စ်မြစ်ရေပမာဏလဲ ကျဆင်းသွားပြီဖြစ်တဲ့အတွက် ရေဘေးအန္တရာယ်ကို အနီရောင်အဆင့်ကနေ အဝါရောင်အဆင့်အဖြစ် လျှော့ချသတ်မှတ်လိုက်ပြီဖြစ်ပါတယ်။ အဝါရောင်အဆင့်အဖြစ် သတ်မှတ်လိုက်ပြီဆိုပေမဲ့လဲ ရေဘေးအန္တရာယ်အခြေအနေကိုတော့ ဆက်လက်စောင့်ကြည့်သွားရမှာဖြစ်ပါတယ်"ဟု Civil Protection Agency မှ ပြောရေးဆိုခွင့်ရှိသူ လိုဘာတိုက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat

## ဆော်လမွန်ကျွန်းစုနိုင်ငံ ဆန်တာခရုဇ်ကျွန်းတွင် ပြင်းအား ၅ ဒသမ ၈ မဂ္ဂနီကျူရှိ ငလျင်လှုပ်ခတ်ပြီး အဆောက်အအုံနှင့်လမ်းပန်းဆက်သွယ်ရေးများပျက်စီးခဲ့

**ဟိုနီယာရာ ဖေဖော်ဝါရီ ၁၇**

ဆော်လမွန်ကျွန်းစုနိုင်ငံ ဆန်တာခရုဇ်ကျွန်းတွင် ပြင်းအား ၅ ဒသမ ၈ မဂ္ဂနီကျူအဆင့်ရှိ ငလျင်လှုပ်ခတ်ပြီး အဆောက်အအုံနှင့် လမ်းပန်းဆက်သွယ်ရေးများ ပျက်စီးခဲ့သည်ဟု ကျွန်းအာဏာပိုင်များက ယနေ့တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဆန်တာခရုဇ်ကျွန်းတွင် ဖေဖော်ဝါရီ ၁၆ ရက် ည ၇ နာရီ ၂၃ မိနစ်က အင်အားအနည်းငယ်ပြင်းသည့် ငလျင်တစ်ခုလှုပ်ခတ်ခဲ့ကြောင်း၊ ငလျင်၏ဗဟိုချက်သည် မြေအောက်အနက် ၁၀ ကီလိုမီတာတွင် တည်ရှိပြီး တောင်လတ္တီတွဒ် ၁၁ ဒသမ ၇ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၁၆၆ ဒသမ ၃၁ ဒီဂရီတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါအနက်သည် မြေမျက်နှာပြင်နှင့် နီးကပ်သဖြင့် ဒေသတွင်း၌ လှုပ်ရှားမှုကို သိသိသာသာခံစားခဲ့ရကြောင်း ငလျင်နှင့် ဘူမိဗေဒပညာရှင်များက ပြောကြားသည်။

ကျွန်းအာဏာပိုင်များ၏ အစီရင်ခံချက်များအရ လူသေဆုံးမှု မရှိသော်လည်း ထိခိုက်ဒဏ်ရာရရှိသူများရှိကြောင်း၊ လမ်းပန်းဆက်သွယ်ရေးများ ပျက်စီးခဲ့ရကြောင်း၊ ထိခိုက်သူဦးရေနှင့် ပျက်စီးမှုစာရင်း အတိအကျကို စိစစ်ဆဲဖြစ်ကြောင်း၊ လက်ရှိတွင် ဆူနာမီအန္တရာယ်နှင့် ပတ်သက်၍ သတိပေးချက်ထုတ်ပြန်ထားခြင်း မရှိသေးကြောင်း သိရသည်။

ငလျင်နှင့် ဘူမိဗေဒပညာရှင်များက အလားတူ ပြင်းအားရှိသော ငလျင်များ နောက်ဆက်တွဲလှုပ်ရှားမှုများအနေဖြင့် ထပ်မံလှုပ်ခတ်နိုင်သဖြင့် ဒေသခံပြည်သူများကို ကြံ့ခိုင်မှုမရှိသောအဆောက်အအုံများအတွင်း နေထိုင်ခြင်းမပြုရန်၊ ငလျင်ဒဏ်ထိထားသော အဆောက်အအုံများမှ ဝေးဝေးနေထိုင်ရန်နှင့် သက်ဆိုင်ရာကျွန်းအာဏာပိုင်များ၏ လမ်းညွှန်ချက်များကို လိုက်နာကြရန် အကြံပြုထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကျွန်းအာဏာပိုင်များက အခြေအနေကို ဆက်လက်စောင့်ကြည့်နေပြီး အသေးစိတ် အချက်အလက်များ ထပ်မံရရှိပါက ထုတ်ပြန်သွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KZ

## နယူးဇီလန်နိုင်ငံတွင် လေပြင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လေကြောင်းခရီးစဉ်တချို့ကိုဆိုင်းငံ့ခဲ့ရပြီး လျှပ်စစ်မီးများပြတ်တောက်နေ

**ဝယ်လင်တန် ဖေဖော်ဝါရီ ၁၇**

နယူးဇီလန်နိုင်ငံတွင် ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက လေပြင်းမုန်တိုင်း တိုက်ခတ်ခဲ့ပြီး မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လေကြောင်းခရီးစဉ် တချို့ကို ယာယီဆိုင်းငံ့ခဲ့ရကာ ဓာတ်တိုင်တချို့လဲကျခဲ့မှုကြောင့် လျှပ်စစ်မီးပြတ်တောက်မှုများ ဖြစ်ပေါ်နေကြောင်း Zealand Assistant National က ထုတ်ပြန်ခဲ့သည်ဟု ဖေဖော်ဝါရီ ၁၆ ရက် သတင်းများတွင် ဖော်ပြထားသည်။

လေပြင်းမုန်တိုင်းသည် ဝယ်လင်တန်မြို့ကို ဗဟိုပြုတိုက်ခတ်နေခြင်းဖြစ်ပြီး သစ်ပင်ကြီးတချို့လဲကျကာ သစ်ကိုင်းကျိုးကျမှုများကြောင့် လမ်းမကြီးတချို့ပိတ်ဆို့မှုဖြစ်ပွားကာ မော်တော်ယာဉ်များ ပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ကြောင်း၊ အခြေခံအဆောက်အအုံ ၃၀၀၀၀ ကျော်နှင့် လူနေအိမ်ခြေ ၁၀၀၀၀ ကျော် လျှပ်စစ်မီးပြတ်တောက်မှုဖြင့်ရင်ဆိုင်နေရကြောင်း Zealand Assistant National ၏ အကြီးအကဲဖြစ်သူ ကန်ကူးပါးက ပြောကြားခဲ့သည်။

"ဝယ်လင်တန်မြို့ကို ဗဟိုပြုပြီးတော့ အားကောင်းတဲ့ လေပြင်းမုန်တိုင်းတိုက်ခတ်ခဲ့ပါတယ်။ သစ်ပင်ကြီးတချို့ လဲကျခဲ့သလို သစ်ကိုင်းတွေလဲ ကျိုးကျခဲ့ပါတယ်။ သစ်ကိုင်းကျိုးကျမှုကြောင့် မော်တော်ယာဉ်တချို့ ပျက်စီးခဲ့ပါတယ်။ လေပြင်းမုန်တိုင်းဒဏ်သင့်ဧရိယာက ဒေသခံပြည်သူတွေရဲ့ အရေးပေါ်ဖုန်းဆက်ခေါ်ဆိုမှု ၈၅၂ ကြိမ်ထိ ရှိခဲ့ပါတယ်။ ကယ်ဆယ်ရေးနဲ့ မီးသတ်ဝန်ထမ်းတွေလဲ အရေးပေါ်ဖုန်းဆက်ခေါ်ဆိုမှုတွေကို ပြန်လည်ဖြေကြားပေးခဲ့ပြီး အကူအညီ လိုအပ်သူတွေကိုလဲ သွားရောက် ကူညီပေးခဲ့ပါတယ်"ဟု Zealand Assistant National ၏အကြီးအကဲဖြစ်သူ ကန်ကူးပါးက ပြောကြားခဲ့သည်။

Ref : Russia Today
Trs : Sai Sat




(၁)

ဒီနေ့အလုပ်နားရက်မှာတော့ ခါတိုင်းရက်တွေလို သောက်ဖော်သောက်ဖက် အပေါင်းအသင်းတွေဆီမသွားဖြစ်တော့ဘဲ အိမ်ထဲမှာပဲ ငူငူကြီးထိုင်နေမိလေသည်။ အမေက ရပ်ကွက်ထဲရှိနာရေးသတင်းသွားမေးနေသည်မို့ ရင်ထဲဟာတာတာနှင့် ယခင်နေ့များထက်သမီးလေးကို ပိုလွမ်းနေသလို တဆစ်ဆစ်နာကျင်လှသည့် ဝေဒနာတစ်ရပ်နှင့်အတူ မဖွင့်ကြည့်ခဲ့သည်မှာ အတော်ကြာခဲ့ပြီဖြစ်သော ဗီရိုအောက်ဆုံးအထပ်ကိုဆွဲဖွင့်လိုက်ပြီး သမီးငယ်လေး၏ အဝတ်အစားအသုံးအဆောင် ကစားစရာပစ္စည်းလေးတွေကို ငေးကြည့်နေမိခဲ့ရင်း "ဩော်... ခုလောက်ဆိုအသက်ခြောက်နှစ်ရှိနေပြီဖြစ်တဲ့ သမီးငယ်လေးကျောင်းသွားနေလောက်ပြီ"ဟု ရင်ထဲမှ တီးတိုးရေရွတ်လျက် ကျွန်တော့်စိတ်အစဉ်သည် အတိတ်၏ အရိပ်တွေက တရေးရေး ထင်ဟပ်၍လာလေတော့သည်။

(၂)

ကျွန်တော်သည် လူမှန်းသိတတ်စ ငယ်စဉ်ဘဝထဲကတည်းက အသန့်အပြန့်အလွန်ကြိုက်၍ အစားအသောက် ဇီဇာကြောင်တတ်သော ကလေးတစ်ယောက်ဖြစ်ခဲ့လေသည်။ ကျွန်တော်မကြိုက်သော ဟင်းအမည်တွေကများသဖြင့် လူသုံးယောက်သာရှိသည့် မိသားစုလေးတွင် ကျွန်တော့်အတွက် ဟင်းချက်စရာစီမံရသော အမေ့ခမျာ အတော်လေးဦးနှောက်ခြောက် ခေါင်းစားရလေသည်။

ကျွန်တော် အထက်တန်းကျောင်းသားဘဝတွင် အိမ်မှာကြွက်သောင်းကျန်း၍ အမေက အသိမိတ်ဆွေအိမ်မှ ကြောင်ဝါမလေးတစ်ကောင်ကို တောင်းခဲ့လေသည်။ ထိုကြောင်မလေးမှာ ချစ်စရာကောင်းသည်မို့ အိမ်ပေါ်ရောက်သည့်နေ့မှစ၍ အမေနှင့်ညီမဖြစ်သူကသဲသဲလှုပ်နေကြလေသည်။ ခက်သည်က ထိုကြောင်မလေးသည်ဘယ်လောက်ပဲအစာဝအောင်ကျွေးကျွေး တိရစ္ဆာန်သဘာဝ လူတွေထမင်းစားသည့်အခါ စားပွဲအောက်မှ ထိုင်မျှော်နေတတ်လေသည်။ စားသောက်နေသည့်အချိန်တွင် ထိုကြောင်မလေး ထိုင်မျှော်နေခြင်းကို မနှစ်မြို့သောကျွန်တော်သည် ခြေထောက်ဖြင့် ကန်ကျောက်ပစ်တတ်လေ့ရှိသည့်အခါ အမေက–

"တိရစ္ဆာန်ပဲသားရယ် ဘာနားလည်မှာမို့လဲ ခြေထောက်နဲ့မကန်ပါနဲ့ကွယ်"

"အမေ့ကြောင်က ဘယ်လောက်ကျွေးကျွေး ငတ်ကိုငတ်တာ။ သားထမင်းစားနေရင်အနားမလာစေနဲ့ ရွံတယ်အမေ" ဟု ပြောလိုက်သောအခါမျိုးတွင် အမေကကြောင်မလေးကိုပွေ့ချီ၍အခန်းမတွင်းကိုခေါ်သွားတတ်လေသည်။

"အစ်ကိုတစ်ယောက် ရထားပါတယ်။ တိရစ္ဆာန်နဲ့လဲရန်ဘက်ဖြစ်နေတော့တာပဲ စိတ်လေတယ် တကယ်"

"ငါ့ရွှတတ်တာနင်မသိဘူးလား။ နင်တို့ပဲ တိရစ္ဆာန်ရူး ရူးနေကြတာ"

"ဟဲ့ဒီမောင်နှမ တော်ကြပါတော့။ ဆုံလိုက်တာနဲ့ရန်ဖြစ်ပြီ။ ငါ့မှာ နှစ်ယောက်ထဲမွေးထားတာ ချစ်ချစ်ခင်ခင်ကိုမရှိကြဘူး"

ညီမလေးသင်းသင်းထွေးနှင့်ပင် ထိုကြောင်ကိစ္စနှင့်ခဏခဏစကားများကြရလေသည်။ အဝေးပြေးယာဉ်လုပ်သား တစ်ဦးဖြစ်သူ ကျွန်တော့် ဖခင်မှာ ညီမလေးမွေးပြီး ခြောက်နှစ်လောက်မှာပဲ ကားမတော်တဆဖြစ်ပြီး ကွယ်လွန်သွားခဲ့သည်။ အထက်တန်းပြကျောင်းဆရာမဖြစ်တဲ့ မိခင်ဖြစ်သူမှာ နောက်အိမ်ထောင်မပြုပါဘဲ ကျွန်တော်နှင့် ညီမလေးကိုမေတ္တာအပြည့်ပေး၍ လူလားမြောက်စေခဲ့သည်။

(၃)

သည်လိုနှင့် ရက်လကြာရှည်လာသောအခါ ကြောင်ဝါမလေးသည်လည်း ချစ်စရာကြောင်သားပေါက်လေးသုံးကောင် မွေးဖွားခဲ့ချေပြီ။ ကြောင်ပေါက်ကလေးများသည် တွေ့ရာမြင်ရာကိုက်ချီ၍ ခုန်ပေါက်ဆော့ကစားတတ်ကြသည့် အရွယ်လေးများပီပီ အိမ်ရှေ့ဧည့်ခန်းတွင်အိပ်ရသော ကျွန်တော့်ခြင်ထောင်ကိုကစားကွင်းသဖွယ် ညစဉ်ညတိုင်း ခုန်ပေါက်၍ဆော့ကစားကြသည်မို့ အိပ်ရေးပျက်ရသည့်အခါ လွန်စွာဒေါသထွက်ရသည်။

သည့်အတွက်လည်း အမေ၊ ညီမလေးတို့နှင့် အချေအတင် စကားများကြရသည်မို့ ဆယ်တန်းစာမေးပွဲဖြေဆိုမည့်ရက်ပိုင်းလောက်အချိန်တွင် အမေနှင့် ညီမလေး ဈေးသွားဝယ်နေခိုက် ကြောင်ပေါက်စလေးသုံးကောင်ကို ဂုန်နီအိတ်အညိုထဲထည့်ပြီး ကြောင်မွေးချင်သည်ဟုပြောသော ကျွန်တော့်သူငယ်ချင်းအိမ်ကိုဆိုင်ကယ်ဖြင့် အိမ်မှ တိတ်တဆိတ်ထွက်၍ပို့ဆောင်ပေးလိုက်သည်။

အမေနှင့်ညီမလေးပြန်ရောက်လာသောအခါ အမေသည် တစ်ခါမှမကြုံဖူးသောဒေါသဖြင့် ကျွန်တော့်ကိုရိုက်နှက်ဆူပူလေတော့သည်။

"ကြောင်မကြီးကိုကြည့်စမ်း ဘယ်လောက်သနားစရာကောင်းသလဲဆိုတာ။ တစ်ခန်းဝင်တစ်ခန်းထွက်ကလေးသုံးကောင်ကို အရူးတစ်ပိုင်း ရှာနေတာသူတစ်ပါးမိသားစုအသိုက်အမြုံကိုခွဲတာ တစ်နေ့နင်ပြန်ခံစားရလိမ့်မယ် ရဲရင့်အောင်"

"ဟုတ်ပါရဲ့ ကြောင်မကြီးသနားပါတယ်။ ကိုကိုရဲရင့် နင်သိပ်ရက်စက်တာပဲ"

ညီမလေးက မျက်ရည်စက်လက် ငိုရှိုက်ရင်းကျွန်တော့်ကိုပြောသည်။ ကျွန်တော် မှားသွားခဲ့ပြီဆိုတာ သိလိုက်ရသောအခါ အရာရာသည်နောက်ကျခဲ့လေပြီ။ တိရစ္ဆာန်ပင်ဖြစ်လင့်ကစား ကြောင်မကြီးသည် မိခင်သောကဖြင့် အစာကောင်းစွာမစားတော့ဘဲအမြဲတမ်းခွေအိပ်နေတော့သည်။ တစ်ပတ်ခန့်အကြာတွင် သားသမီးတွေပျောက်ဆုံးသွားသဖြင့် အစာမစားဘဲနေရာမှ သေဆုံးသွားလေတော့သည်။ ကျွန်တော့်၏ပယောဂကြောင့် သေဆုံးသွားခဲ့သောကြောင်မကြီး၏ဖြစ်ရပ်ကပင် ထိုစဉ်အချိန် နုနယ်သော ကျွန်တော့်နှလုံးသားတည့်တည့် စူးနင့်ဝင်ခဲ့သည့် ပထမဆုံးသောဆူးတစ်ချောင်းဖြစ်ခဲ့လေသည်။

(၄)

အချိန်နှင့်ရာသီ ပြောင်းလဲလာသည်နှင့်အညီကြောင်မကြီးကိုလည်း တဖြည်းဖြည်း မေ့လျော့လာခဲ့ကြသလို ကျွန်တော်သည်လည်း ကျောင်းပြီးဘွဲ့ရခဲ့ပြီးသည့်နောက်အမေ့မိတ်ဆွေ ကုမ္ပဏီတစ်ခုတွင် အလုပ်ဝင်နေပြီဖြစ်လေသည်။ စတိုးဆိုင်ဝန်ထမ်း အရောင်းစာရေးမ ချစ်သူကောင်မလေးနှင့် မေတ္တာမျှအကြောင်းပါခဲ့ကြလေသည်။ အိမ်ထောင်သက်တမ်း တစ်နှစ်မပြည့်ခင် စလယ်ဝင်အိုးမမဲသေးခင်အချိန်အတွင်းမှာပဲ ကျွန်တော့်ဇနီး၏စရိုက်က ဖုံးမရဖိမရပေါ်လာခဲ့လေသည်။ လူပျိုဘဝမှ ကျွန်တော့်၏ လစာကိုအထွေထွေအသုံးစရိတ် လိုအပ်သလိုဖယ်ပြီး လစာ၏တစ်ဝက်ပင်မကျန်သောငွေကို အမေ့ကိုအပ်ခဲ့ရာမှအိမ်ထောင်ကျသွားချိန်တွင် ရသည့်လစာတပြားမချန်ဇနီးသည်ထံအပ်ရသည့်အခါ လိုအပ်သည့် အသုံးစရိတ်ကိုပင် သူမထံ လက်ဖြန့်တောင်းနေရသည့်အနေအထားဖြစ်လေသည်။

တက္ကသိုလ်ကျောင်းသူ ညီမလေးကို မုန့်ဖိုးပေးချင်သည့်အခါ ဇနီးမသိအောင် ငွေတချို့ ကျစ်ကျစ်ပါအောင် ခိုးဝှက်၍ ပေးရလေသည်။ အဆိုးဆုံးကကျွန်တော့်ဇနီးသည် နှစ်လုံး၊ သုံးလုံး လောင်းကစားဝါသနာကြီးသူဖြစ်ရာ သူ့လစာရော ကျွန်တော့်လစာနှစ်ခုပေါင်းပြီး အိမ်စရိတ်ကိုပင် အနိုင်နိုင်ရင်ဆိုင်ရသည့်အဖြစ်သို့ရောက်အောင် နှစ်လုံး၊ သုံးလုံးပုံအောထိုးလေတော့သည်။ အမေစိတ်ဆင်းရဲမည်စိုး၍ လင်မယားကြိတ်ရန်ဖြစ်သည့်တိုင် အငြိမ်းစားကျောင်းဆရာမတစ်ဦးပီပီ အမေက မသိချင်ယောင်ဆောင်နေခဲ့သည်။ ပြုံကွဲလုလု အိမ်ထောင်ရေးအခြေအနေကြားမှာပင်သမီးလေးတစ်ယောက် ကျွန်တော်တို့မိသားစုဘဝလေးထဲကို ရောက်ရှိလာလေသည်။ သမီးလေးကိုမွေးဖွားခဲ့ပြီးသည်ထိ သူ့အချိုးမပြောင်းခဲ့ပါ။ အလုပ်ကမောပန်းပြီး အိမ်ပြန်ရောက်သည့်အခါ သမီးငယ်လေး၏မျက်နှာလေးကို မြင်လိုက်ရသည့်အခါ ပင်ပန်းသမျှ အမောပြေရသည်မို့ သမီးလေးကြောင့် သူ့ကိုအတတ်နိုင်ဆုံး သည်းခံဖို့ ဆုံးဖြတ်ခဲ့တာလည်းဖြစ်လေသည်။

ကျွန်တော့်ညီမလေး ကျောင်းပြီးဘွဲ့ရသည့်နှစ်မှာပင် ဝါသနာတူသူငယ်ချင်းများစုဖွဲ့၍ ဆရာမအလုပ်လျှောက်လွှာတင်ခဲ့ကြရာ ယခုဆိုလျှင် နယ်မြို့လေးတစ်မြို့မှာ ကျောင်းဆရာမအလုပ်တာဝန်ထမ်းဆောင်နေပြီဖြစ်လေသည်။ လစာခြစ်ခြုတ်သုံးစွဲ၍ အမေ့ကိုပင် လှမ်းပို့ရှာပါသည်။

"အမေ့ပင်စင်လစာနဲ့ အဆင်ပြေပါတယ်။ သမီးရယ် မပို့ပါနဲ့"ဟု အမေကတားပေမဲ့ လစဉ်ပို့ပေးသော သိတတ်လိမ္မာသော ညီမငယ်အတွက် ကျေနပ်မိပါသည်။

(၅)

ထိုနေ့က ကုမ္ပဏီပိုင်ရှင်သူဌေး၏မွေးနေ့၊ ဝန်ထမ်းအားလုံးကို ဆုကြေးငွေထုတ်ပေး၍ စောစောပြန်ရသည်မို့ ဇနီးသည်စားဖို့ ခေါက်ဆွဲကြော်၊ အမေ့အတွက် အိုဗာတင်းဘူးနှင့် သမီးလေးအတွက် စားစရာနှင့် အရုပ်များဝယ်ခြမ်းလာခဲ့ပြီး အိမ်သို့ခပ်သွက်သွက်ပြန်ခဲ့လေသည်။ အိမ်ရှေ့ ဧည့်ခန်းဆိုဖာပေါ်တွင် မျက်နှာနွမ်းနွမ်းဖြင့်ထိုင်နေသော အမေ့ကို တွေ့ရသောအခါ ထိတ်ခနဲဖြစ်သွားသည့် ရင်အစုံဖြင့်အမေ့လက်ကိုကိုင်ရင်း "ဘာဖြစ်နေတာလဲအမေနေမကောင်းဘူးလား။ သမီးလေးနဲ့ သဲမာရော မတွေ့ပါလား"

ကျွန်တော်က ဝယ်ခြမ်းလာသောအထုပ်အပိုးများကို စားပွဲပေါ်လှမ်းတင်ရင်း အိမ်ခန်းတွင်းသို့ ဇနီးသည်နှင့် သမီးရှိမည့်အခန်းဆီသို့ လှမ်းကြည့်လိုက်လေ၏။

"နင့်မိန်းမ နှစ်လုံး၊ သုံးလုံးအကြွေးတွေ မဆပ်နိုင်တော့လို့ ကလေးခေါ်ပြီး သူ့အဒေါ်တစ်ဝမ်းကွဲမသန်းစိန်နဲ့ ထိုင်းနယ်စပ်ဘက်ကို ဒီနေ့ပဲ ကူးသွားတယ်လို့ သူ့သူငယ်ချင်းလာပြောတယ်။ ခုလေးတင်ပဲ နှစ်လုံး၊ သုံးလုံးဒိုင် လာသွားတယ်။ အကြွေးက သိန်းရာဂဏန်းနီးနီး ရှိတယ်လို့ပြောတယ်။ ဘယ့်နှယ်လုပ်ကြမတုံးသားရေ အမေတို့တော့ ကိုယ်ကျိုးနည်းပြီရဲရင့်ရေ"

"သူက သမီးပါခေါ်သွားလိုက်ပြီ ဟုတ်လားအမေ"

သမီးလေးနှင့် ခွဲခွာရပြီဆိုသောအသိနှင့် ထိုအချိန်က ကျွန်တော့်နှလုံးသားကို အပြင်းထန်ဆုံးစိုက်ဝင်သွားခဲ့သည့် ဆူးတစ်ချောင်းက နှလုံးသားတို့ဆတ်ဆတ်တုန်သည်ထိ ခံစားရသည်က ဆိုဖွယ်စရာမရှိတော့ပါ။ အမေက လောင်းကစားအကြွေးတွေကိုအိမ်ဂရန်ပေါင်ပြီး ဆပ်ပေးခဲ့သည့်တိုင် ကျွန်တော့်ဇနီးပြန်မလာတော့ပါ။ ဟိုမှာတွေ့သည့် မြန်မာအလုပ်သမားတစ်ယောက်နှင့် ယူလိုက်ကြသည်ဟု သတင်းသဲ့သဲ့ကြားရပါသည်။ သူပြန်လာမလာ ဘယ်သူနှင့်ယူယူ စိတ်မဝင်စားပါ။ ကျွန်တော့်သမီးကိုသာ ပြန်ပို့ပေးစေချင်လို့ အမျိုးမျိုးကြိုးစားခဲ့ပေမဲ့ သူ့ဘက်ကအဆက်အသွယ်မရခဲ့သလို အဲဒီအချိန်က သမီးနှင့်ရှင်ကွဲကွဲခဲ့ရသော ခံစားချက်ကြောင့် နေ့ရော၊ ညပါအရက်နွံမှာ ကာလကြာရှည်စွာနစ်မြုပ်ခဲ့ရလေသည်။

ဩော် လွန်ခဲ့သောအချိန်ကာလတစ်ခုက ကျွန်တော့်ပယောဂကြောင့် သားပျောက်တွေကို တကြော်ကြော်အော်ခေါ်၍ တစ်ခန်းဝင်တစ်ခန်းထွက် ရှာဖွေရင်းအစာငတ်ခံကာ သေဆုံးခဲ့သော ကြောင်ဝါမကြီးရဲ့အဖြစ်ကဲ့သို့ ကျွန်တော်သည်လည်း သမီးငယ်လေးနှင့် ရှင်ကွဲကွဲခဲ့ရသည်။ သူတစ်ပါး အသိုက်အမြုံကိုဖြိုခွဲခဲ့သော တန်ပြန်ဝဋ်ကြွေးက ဒီဘဝမှာပဲကျွန်တော် လက်တွေ့ ပြန်လည်ခံစားခဲ့ရသည်ပင်ဖြစ်လေတော့သည်။

# ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲ ၇၈၃၁ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်



**ရေဦး ဖေဖော်ဝါရီ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲ ၇၈၃၁ ဧကထိ နုတ်သိမ်းပြီးစီးပြီ ဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၁၀၂၄၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါ စိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ၇၈၃၁ ဧကထိ နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၂ ဒသမ ၁၆ တင်း ထွက်ရှိကြောင်း သိရသည်။

"ရေဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြေပဲ ၁၀၂၄၈ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ အခုလက်ရှိ နုတ်သိမ်းလျက်ရှိပါတယ်။ ဒီနေ့ထိ ဧက ၇၀၀၀ ကျော် နုတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ကော ဆီထွက်သီးနှံအနေနဲ့ပါ အောင်မြင်တဲ့ အနေအထားမှာရှိပြီး တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်" ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ရေဦးမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်း၍ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။ (၂၀၆)

# အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ငရုတ်ကေအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီး

**မြောင်းမြ ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ငရုတ် ဧကအားလုံး ရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ငရုတ်၂၈၄၄ ဧက လျာထားစိုက်ပျိုးခဲ့ပြီး ၂၀၂၅ ခုနှစ် အောက်တိုဘာလ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ငရုတ်လျာထားဧကအတိုင်း စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူ အသိပညာပေး လုပ်ငန်းများကို ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"အိမ်မဲမြို့နယ် ဆောင်းသီးနှံ စိုက်ပျိုးတဲ့ရာသီမှာ ငရုတ် ၂၈၄၄ ဧက လျာထားစိုက်ပျိုးခဲ့ပါတယ်။ ဒီနေ့မှာငရုတ် ဧကအားလုံးရာနှုန်းပြည့် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ အထွက်နှုန်းကောင်း၊ အရည်အသွေးကောင်းငရုတ် အမျိုးအစားတွေကို ရွေးချယ်စိုက်ပျိုးထားပါတယ်'' ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

အိမ်မဲမြို့နယ်တွင် ငရုတ်များ အထွက်နှုန်းညီစေရေး၊ ပိုးမွှား အန္တရာယ် မကျရောက်စေရေး၊ အရည်အသွေး ကောင်းစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ငရုတ်ကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ငရုတ်ကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**



# မြဝတီမြို့နယ် ဖားကလူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြဝတီ ဖေဖော်ဝါရီ ၁၇**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဖားကလူကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှု လျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ အခြားမိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကို ထိရောက် အောင်မြင်အောင် ဆောင်ရွက် ကြစေလိုကြောင်း ဆွေးနွေးမှာကြားခဲ့သည်။

ထို့နောက် မြဝတီမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ဖားကလူကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၂၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၆ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၃၆ ဦး အတွက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ် ၃၆၅ သိန်းကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း မြဝတီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရထံမှ သိရသည်။

**ကိုသက်**

## လမ်းကောင်းပြသူ

\- တရားမကပ်နိုင်တော့
မှားတတ်ကြ ဘုံဓမ္မတာ။

\- အပြုမှားလေသမျှ
အမှုမထားပြီ ထီမထင်သို့
မကြည်လင် နောက်တစ်မှားနဲ့
ကျားကန်ရင်းသာ။

\- ကျားကိုက်ကိုက် တုံးတိုက်တိုက်ရယ်လို့
အဆုံးလိုက်ကြ တွင်းနက်မှာ
(နှလုံးမိုက်နဲ့ ငြင်းလက်ကာ)
စာရင်းတွက်ရှာ သူငါအများ။

\- အများနဲ့မတူ
ရှားခဲ့သည် ဇမ္ဗူတစ်လူပ
မှားတဲ့အယူ တရားညှိကာဖြင့်
မှားမိပြီ ဝန်ခံ၍
အလျင်အမြန် နောက်ဆုတ်ရဲလေတော့
အမှားအလွဲတွေ ကင်းစင်ကွာလျက်
အလင်းထင်စွာ မြင်ရှုအသိရယ်ကြောင့်
အဂ္ဂိလိ မာလရယ်လို့
နာမ တလူလူနဲ့
နိဗ္ဗူစံ လင်းဉာဏ်ရသည်ပေါ့
ပမာပြ မြင်ကြားစေဖို့
(လောကမှာလေ.....)
သာဓကထင်ရှား။ ။

**ချစ်စုအောင်**

# ကွန်ဟိန်းမြို့နယ် နမ့်ဟိုင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းပြီးစီးမှု စစ်ဆေး

**ကွန်ဟိန်း ဖေဖော်ဝါရီ ၁၇**

ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက လိုက်တပ်ကျေးရွာအုပ်စု နမ့်ဟိုင်းကျေးရွာ၌ ကျေးလက်နေပြည်သူများ ရာသီမရွေး သန့်ရှင်းသော သောက်သုံးရေများ ဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၆ ရက်နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နမ့်စန်ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်မြင့်လွင်ဦး၊ ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်ဟိန်းနှင့် အင်ဂျင်နီယာဝန်ထမ်းများသည် နမ့်ဟိုင်းကျေးရွာ၌ အရှည်ပေ ၃၅၀၀ ရှိ ရေပိုက်လိုင်း သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို ပြည်နယ်ဖြည့်စွက်ခွင့်ပြုရန်ပုံငွေကျပ် သိန်း ၁၅၀ ဖြင့် မြို့နယ်အင်ဂျင်နီယာဝန်ထမ်းများနှင့် ကျေးရွာသူ၊ ကျေးရွာသားများ ပူးပေါင်း၍ ယခုနှစ် ဇန်နဝါရီလမှ စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ချိုသန်းညွန့်**

**စိန်လှိုင်ဖိုင်**

# ကိုယ်စားလှယ်ဖြင့်စွဲဆိုသော တရားမမှု

အခွင့်ရကိုယ်စားလှယ်ဖြင့်စွဲဆိုသော တရားမမှုတစ်ခုတွင် အခွင့်ရကိုယ်စားလှယ်ကို စစ်ဆေးပြီးသည့်အဆင့်ရောက်ရှိပြီးမှ တရားပြိုင်ဘက်က အမှုမှ တရားလိုကိုယ်တိုင် လာရောက်စေရန်လျှောက်ထားသည်။ ခရိုင်တရားရုံးက လျှောက်ထားချက်ကို ပယ်ကြောင်း အမိန့်ချမှတ်သည်။ ပယ်သည့်အမိန့်ကို မကျေနပ်၍ တိုင်းဒေသကြီးတရားလွှတ်တော်သို့ ပြင်ဆင်မှုလျှောက်ထားရာ အောင်မြင်မှုမရရှိသဖြင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ပြင်ဆင်မှုတင်သွင်းခဲ့သည့် အမှုတစ်ခုအကြောင်း တင်ပြပါဦးမည်။

နိုတြီပဗ္ဗလစ်ရှေ့မှောက်တွင် ချုပ်ဆိုထားသော ကိုယ်စားလှယ်လွှဲစာကို ကိုယ်စားလှယ်လွှဲသူက လက်မှတ်ရေးထိုးထားခြင်းဟုတ်၊ မဟုတ် စိစစ်ရန်အကြောင်းမရှိကြောင်း သက်သေခံဥပဒေပုဒ်မ ၈၅ တွင်ပြဋ္ဌာန်းထားသည်။ တရားမကျင့်ထုံးဥပဒေအမိန့် ၃ နည်းဥပဒေ ၁ သည် အမှုသည်များက ဥပဒေအရရရှိသော ကျင့်ထုံးဆိုင်ရာအခွင့်အရေးဖြစ်ကြောင်း ၎င်းစီရင်ထုံးကိုရည်ညွှန်း၍ ဥပဒေဗဟုသုတအလို့ငှာ တင်ပြပါဦးမည်။

ပြည်ခရိုင်တရားရုံး ၂၀၁၆ ခုနှစ်၊ တရားမကြီးမှုအမှတ်(၄၁)တွင် တရားလို ဒေါက်တာ အောင်နိုင်ဦး (၎င်း၏အထူးကိုယ်စားလှယ်စာရသူ ဒေါ်သန်းသန်းဆွေ)က တရားပြိုင်ဦးထွန်းဝင်းအပေါ် အချင်းဖြစ်ဥပစာမှဖယ်ရှားထွက်ခွာစေပြီး တရားလိုသို့ လက်ရောက်ပေးအပ်စေလိုမှုစွဲဆိုသည်။ တရားလို၏အခွင့်ရကိုယ်စားလှယ် ဒေါ်သန်းသန်းဆွေကိုစစ်ဆေးပြီးသည့်အဆင့်တွင် တရားပြိုင်ဦးထွန်းဝင်းက တရားလို ဒေါက်တာအောင်နိုင်ဦးကိုယ်တိုင် ရုံးရှေ့သို့ လာရောက်စေရန် အမိန့်ချမှတ်ပေးရန် တရားမကျင့်ထုံးဥပဒေအမိန့် ၃ နည်းဥပဒေ ၁ ခြွင်းချက်အရ လျှောက်ထားရာ လျှောက်ထားချက်ကိုပယ်ကြောင်း အမိန့်ချမှတ်သည်။ ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်သို့ ပြင်ဆင်မှုလျှောက်ထားရာတွင်လည်း အောင်မြင်မှုမရခဲ့ပါ။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အမှုမှာ ဒေါက်တာအောင်နိုင်ဦးက ပြည်မြို့ မြစန္ဒာအချိုရည်နှင့်ရေခဲစက်ရုံခွဲ(၁)မြေ ၁ ဒသမ ၄၉၂ ဧကနှင့် မြေပေါ်ရှိ ဝန်ထမ်းသက်သာဆိုင်ခန်း ၃၅ ခန်းတို့ကို မှတ်ပုံတင်စာချုပ်ဖြင့် ဝယ်ယူခဲ့ကြောင်း၊ တရားပြိုင်သည် ကျူးကျော်နေထိုင်သူဖြစ်ကြောင်း အဆိုပြု၍ တရားပြိုင်ကို အချင်းဖြစ်ဥပစာမှဖယ်ရှားပြီး လက်ရောက်ပေးအပ်စေလိုမှုစွဲဆိုခြင်းဖြစ်သည်။ မူလရုံးတရားလို ဒေါက်တာအောင်နိုင်ဦးသည် ၂၀၁၆ ခုနှစ် ဇွန် ၂၃ ရက် အမှုစွဲဆိုစဉ်ကပင် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက် ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သန်းသန်းဆွေဖြင့် အဆိုလွှာတင်သွင်းခဲ့သည်။

တရားလိုကိုစစ်ဆေးမည့်အဆင့်တွင် တရားပြိုင်ရှေ့နေက တရားလို ဒေါက်တာအောင်နိုင်ဦး ကိုယ်တိုင် တရားရုံးရှေ့သို့လာရောက်စေရန် အမိန့်ချမှတ်ပေးရန်လျှောက်ထားရာ ပလပ်ကြောင်း အမိန့်ချမှတ်ခဲ့သည်။ အဆိုပါအမိန့်ကို ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော်နှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်တို့က အတည်ပြုထားသည်။

၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၃ ရက်တွင် တရားလို၏ အခွင့်ရကိုယ်စားလှယ်ကို စတင်စစ်ဆေးခဲ့ရာ ၂၀၁၉ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် အခွင့်ရကိုယ်စားလှယ် ဒေါ်သန်းသန်းဆွေကို စစ်ဆေးခြင်းပြီးဆုံးခဲ့



သည်။ တရားပြိုင်၏ရှေ့နေက ယခုအမှုသည် ၂၀၁၆ ခုနှစ်ကတည်းက စွဲဆိုခြင်းဖြစ်၍ ခြောက်နှစ်ကြာပြီဖြစ်ကြောင်း၊ ဒေါက်တာအောင်နိုင်ဦးသည် သက်ရှိထင်ရှားရှိနေသူ ဟုတ်၊ မဟုတ် စစ်ဆေးရန်လိုအပ်နေကြောင်း၊ တရားလို ဒေါက်တာအောင်နိုင်ဦးကိုယ်တိုင် ရုံးရှေ့သို့ လာရောက်စေရန် အမိန့်ချမှတ်ပေးရန် ထပ်မံလျှောက်ထားခဲ့သည်။

အမှုတွင် ဒေါက်တာအောင်နိုင်ဦးက ဒေါ်သန်းသန်းဆွေကို လွှဲအပ်သည့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁ ရက် ရက်စွဲပါ အထူးကိုယ်စားလှယ်လွှဲစာမိတ္တူတွင် နိုတြီပဗ္ဗလစ်ရှေ့၌ ဒေါက်တာအောင်နိုင်ဦးက လက်မှတ်ရေးထိုးခြင်းမှန်ကြောင်း နိုတြီပဗ္ဗလစ်က လက်မှတ်ရေးထိုးထားသည်ကို တွေ့ရသည်။

သက်သေခံအက်ဥပဒေပုဒ်မ ၈၅ အရ နိုတြီပဗ္ဗလစ်ရှေ့မှောက်တွင်ချုပ်ဆို၍ ၎င်းက မှန်ကန်ကြောင်း လက်မှတ်ရေးထိုးထားသော ကိုယ်စားလှယ်လွှဲစာကို တရားရုံးက မှန်ကန်သည်ဟုမှတ်ယူရမည်။ (The Court shall presume) ဖြစ်သောကြောင့် တရားလို ဒေါက်တာအောင်နိုင်ဦးက လက်မှတ်ရေးထိုးထားသည့် ကိုယ်စားလှယ်လွှဲစာ ဟုတ်၊ မဟုတ် စိစစ်ရန်အကြောင်းမရှိကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၃ နည်းဥပဒေ ၁ ပါ အမှုသည်ကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ တရားရုံးသို့ လာရောက်နိုင်သည်။ လျှောက်ထားနိုင်သည်။ ဆောင်ရွက်နိုင်သည်ဟူသောပြဋ္ဌာန်းချက်သည် အမှုသည်များက ဥပဒေအရ ရရှိသော ကျင့်ထုံးဆိုင်ရာအခွင့်အရေးဖြစ်သည်။ ထို့ကြောင့် အခွင့်ရကိုယ်စားလှယ် ဒေါ်သန်းသန်းဆွေသည် ဒေါက်တာအောင်နိုင်ဦးကိုယ်စား တရားရုံးတွင် ဆောင်ရွက်ခွင့်ရှိကြောင်း **ဦးကြင်စိန်ပါ ၂ နှင့် ဒေါ်အေးစပယ်ဝင်း ၂၀၀၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး စာ-၂၅** ကို ရည်ညွှန်းခဲ့သည်။

တရားမကျင့်ထုံးဥပဒေအမိန့် ၃ နည်းဥပဒေ ၁ ၏ ခြွင်းချက်အရ အမှုသည်ကို ကိုယ်တိုင်လာရောက်ရန် တရားရုံးက ညွှန်ကြားနိုင်သည်။ သို့ရာတွင် ကောင်းသောအကြောင်းပြချက်များအရသာ တရားမကျင့်ထုံးဥပဒေအမိန့် ၃ နည်းဥပဒေ ၁ ခြွင်းချက်ပါ လုပ်ပိုင်ခွင့်ကိုကျင့်သုံးသင့်ကြောင်း စီရင်ထုံးများရှိသည်။ ကောင်းသောအကြောင်းပြချက်ဟူသည် အမှုအနိုင်၊ အရှုံးကို ဆုံးဖြတ်ပေးရာတွင် အရေးပါသော အကြောင်းခြင်းရာပြဿနာဖြစ်စေ၊ ဥပဒေပြဿနာဖြစ်စေ ဖြစ်ရမည်ဟု ကောက်ယူသင့်ကြောင်း၊ ၎င်းမူသဘောကို **ဒေါ်အေးထိန်နှင့် ဦးအောင်မြိုင် ပါ ၂ အမှု ၁၉၈၉ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ ၁၀၆ ကို ရည်ညွှန်းခဲ့သည်။**

တရားရုံးက တရားလို၏ အခွင့်ရကိုယ်စားလှယ်ကို ဒေါက်တာအောင်နိုင်ဦး သက်ရှိထင်ရှားရှိကြောင်း အထောက်အထားတင်ပြပေးရန် ချိန်းဆိုခဲ့ရာ ချိန်းဆိုသောနေ့တွင် ဒေါက်တာအောင်နိုင်ဦးသည် အမေရိကန်နိုင်ငံတွင် နေထိုင်လျက်ရှိပြီး သက်ရှိထင်ရှားရှိကြောင်း မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ ဆက်သွယ်သတင်းပို့သည်မှာ မှန်ကန်ကြောင်း၊ အမေရိကန်နိုင်ငံရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး လော့စ်အိန်ဂျလိစ်မြို့၏ ကောင်စစ်ဝန်ချုပ်ကိုယ်စား ကောင်စစ်ဝန် နိုနိုနီကိုက လက်မှတ်ရေးထိုးပြီး ရုံးတံဆိပ်ရိုက်နှိပ်ထားသော ၂၀၀၂ ခုနှစ် နိုဝင်ဘာ ၉ ရက် ရက်စွဲပါထောက်ခံချက်ကို တင်ပြသည်။

အဆိုပါကောင်စစ်ဝန်ချုပ်ရုံး၏ ထောက်ခံချက်မှာ သက်သေခံအက်ဥပဒေပုဒ်မ ၁၁၄ ဥပမာ (င)အရ အစိုးရဌာနက နည်းလမ်းတကျ ဆောင်ရွက်ထားကြောင်း မှတ်ယူနိုင်မည့်အပြင် သက်သေခံအက်ဥပဒေပုဒ်မ ၇၉ အရ နည်းလမ်းတကျအာဏာလွှဲအပ်ခြင်းခံရသောဝန်ထမ်းက သက်သေခံလက်မှတ်ရေးထိုးထားသောကြောင့် တရားရုံးက မှန်သည်ဟု မှတ်ယူရမည်ဖြစ်သည်။

အထက်ပါတရားလို ဒေါက်တာအောင်နိုင်ဦး၏ အခွင့်ရကိုယ်စားလှယ် ဒေါ်သန်းသန်းဆွေ၏ သက်သေခံချက်၊ အမေရိကန်နိုင်ငံရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံး၏ထောက်ခံချက်တို့အရ အထူးကိုယ်စားလှယ်စာလွှဲအပ်သူ ဒေါက်တာအောင်နိုင်ဦးသည် သက်ရှိထင်ရှားရှိနေသူဖြစ်ကြောင်း တရားရုံးက မှတ်ယူရမည်ဟု ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။

ထို့ကြောင့် မူလရုံးတရားပြိုင်ရှေ့နေက တင်ပြသော ဒေါက်တာအောင်နိုင်ဦး သက်ရှိထင်ရှား ရှိ၊ မရှိ စိစစ်နိုင်ရေးအတွက် တရားရုံးသို့ ကိုယ်တိုင်လာရောက်စေရန်ဖြစ်ကြောင်း အကြောင်းပြချက်မှာ ကောင်းသောအကြောင်းပြချက်ဖြစ်သည်ဟု ဆိုရန်အကြောင်းမရှိကြောင်း၊ ပြင်ဆင်မှုရုံးအနေဖြင့် တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅ တွင် ပါရှိသော အချက်သုံးချက်မှတစ်ပါး ဝင်ရောက်စွက်ဖက်ခွင့်မရှိကြောင်း၊ ပြင်ဆင်ပေးရန်လျှောက်ထားသည့်အမိန့်ကို ချမှတ်သည့်တရားရုံးသည် ဥပဒေ၏လိုအပ်ချက်များကို ကောင်းစွာလိုက်နာခြင်း ရှိ၊ မရှိ၊ အမိန့်ကို စွက်ဖက်နိုင်လောက်အောင် စီရင်ပိုင်ခွင့်အာဏာကို ကျင့်သုံးရာ၌ဖြစ်စေ၊ ကျင့်သုံးရန် ပျက်ကွက်ရာ၌ဖြစ်စေ နည်းလမ်းကျနမှု ရှိ၊ မရှိကိုသာ စိစစ်ရန်ဖြစ်ကြောင်း ပြည်ထောင်စုတရားလွှတ်တော်ချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။

ဤအမှုတွင် မူလရုံး၏အမိန့်သည် တရားဥပဒေနှင့်ဆန့်ကျင်ပြီး အကြီးအကျယ်နည်းလမ်းမကျဘဲ ဆောင်ရွက်ခဲ့ကြောင်း ထင်ရှားပေါ်ပေါက်ခြင်းမရှိသောကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုရန်အကြောင်းမရှိသဖြင့် ပြင်ဆင်မှုကို ပလပ်လိုက်သည်။

တရားမမှုများကို ကိုယ်တိုင်ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် တရားဝင် အခွင့်ရကိုယ်စားလှယ်မှတစ်ဆင့်တရားစွဲဆိုကြရာတွင် ကြုံတွေ့ရတတ်သည့် ပြဿနာများကို ကြိုတင်သိရှိနိုင်ကြစေရန် အလို့ငှာ **ဦးထွန်းဝင်းနှင့် ဒေါက်တာအောင်နိုင်ဦး (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဒေါ်သန်းသန်းဆွေ) ၂၀၂၃ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် (၃၄၁)** ကို ရည်ညွှန်းကိုးကား ရေးသားတင်ပြလိုက်ရပါသည်။

**ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတိမှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း**

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။ **အလုပ်သမားဝန်ကြီးဌာန**

# ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၃၈၅၄၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



ကန့်ဘလူ ဖေဖော်ဝါရီ ၁၇

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မတ်ပဲ ၃၈၅၄၄ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မတ်ပဲဧက ၃၈၅၆၀ ထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော မတ်ပဲစိုက်ခင်းများကို ယခုနှစ် ဇန်နဝါရီလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ၃၈၅၄၄ ဧက ရိတ်သိမ်းပြီးစီးပြီး တစ်ဧကလျှင် ၁၂ သာမ ၂၉ တင်း ထွက်ရှိကြောင်း သိရသည်။

"ကန့်ဘလူမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မတ်ပဲဧက ၃၈၅၆၀ ထိ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့မတ်ပဲခင်းတွေ အခုလက်ရှိမှာတော့ ၃၈၅၄၄ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မတ်ပဲစိုက်ပျိုးချိန်မှာ လဲလိုအပ်တဲ့ နည်းပညာတွေ၊ မျိုးတွေ၊ ပိုးမွှားရောဂါကာကွယ်ရေး နည်းလမ်းတွေကို မြေပြင်ကွင်းဆင်း ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်တွင် မတ်ပဲစိုက်တောင်သူများကို ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မတ်ပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မတ်ပဲကို ဒေသမရွေးကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြခဲ့ သိရသည်။

(၂၀၆)

# မိုးညိုမြို့နယ် ဇောဓိကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

မိုးညို ဖေဖော်ဝါရီ ၁၇

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် မိုးညိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဇောဓိကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းခိုင်နှင့်ဝန်ထမ်းများက ဇောဓိကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုး လုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက စီမံကိန်းဆိုင်ရာ စာရင်းဖယားများဖြည့်သွင်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မြို့နယ်ဦးစီးမှူးက မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ ဇောဓိကုန်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၇၁ ဦးကို လည်ပတ်ရန်ပုံငွေကျပ် ၃၀ သာမ ၃ သန်း ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း မိုးညိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အေးမြတ်

# ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း နေလှန်းဆား ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

ဒေးဒရဲ ဖေဖော်ဝါရီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဒေသထွက်နေလှန်းဆား ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဒေးဒရဲမြို့နယ် နေလှန်းဆား ထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။

ဒေးဒရဲမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ပြီးခဲ့သော ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်းက ဒေသထွက်နေလှန်းဆားပိဿာချိန် ၅၀၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ယခုနှစ်ဇန်နဝါရီလအတွင်း နေလှန်းဆားပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေးဒရဲမြို့နယ်ကနေ ဒေသထွက်နေလှန်းဆားတွေကို ရန်ကုန်ဈေးကွက်ကိုပဲ တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ပိဿာချိန် ၆၇၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလထဲမှာလဲ ပိဿာချိန်တော်တော်များများ တင်ပို့ရောင်းချနေရပါတယ်။ အခုလိုဆားအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး အဆင်ပြေတာပေါ့။ ဒီဘက်ကထွက်တဲ့ နေလှန်းဆားတွေက အရည်အသွေးလဲကောင်းပါတယ်"ဟု ဒေးဒရဲမြို့နယ် နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုစုထွေးက ပြောပြသည်။



ဒေးဒရဲမြို့နယ်တွင် ဒေသထွက်နေလှန်းဆားများကို ဆားလုပ်ငန်းရှင်များက စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထားတင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါနေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည်စသည့်လုပ်ငန်းများတွင် အဓိကအသုံးပြုကြကြောင်း သိရသည်။

ကျော်ကျော်လင်း

# စေတုတ္တရာမြို့နယ် ဆားတွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

စေတုတ္တရာ ဖေဖော်ဝါရီ ၁၇

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဆားတွင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ကြောင်း သိရသည်။

ရှေးဦးစွာ စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းဇော်ထွန်းက ဆားတွင်းကျေးရွာရှိ တာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသားအသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်း၏ ရည်ရွယ်ချက်များ၊ စီမံကိန်းမှရရှိလာမည့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ် အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ ထမ်းဆောင်ရမည့် တာဝန်များ၊ ခံစားခွင့်များ၊ ပြစ်မှုပြစ်ဒဏ်များ၊ ချေးငွေ ထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက စီမံကိန်းရန်ပုံငွေကျပ် ၃၇ သာမ ၃ သန်းကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ဆားတွင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၅၀ ကို ငွေကျပ် ၂၉ သာမ ၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂ ဦးကို ငွေကျပ် ၇ သာမ ၂ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ တစ်ဦးကို ချေးငွေကျပ် သုည ဒသမ ၆ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၆၃ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၃၇ သာမ ၃ သန်း အသီးသီးထုတ်ချေးပေးခဲ့ကြောင်း စေတုတ္တရာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုညို

# ဇလွန်မြို့နယ် အညာစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများစစ်ဆေး

ဇလွန် ဖေဖော်ဝါရီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဇလွန်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အညာစုကျေးရွာ၌ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။


ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဟင်္သာတခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်နှင့် တာဝန်ရှိသူများက အညာစုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များအပေါ် လိုက်နာဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

အညာစုကျေးရွာတွင် ၂၀၁၇-၂၀၁၈ ခု ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ယခုအခါ နဝမအကြိမ်မြောက်အဖြစ် အသင်းသား၊ အသင်းသူ ၁၇၅ ဦးထံသို့ ရန်ပုံငွေကျပ် သိန်း ၄၅၀ ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း ဟင်္သာတခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ချိုလွင်ထံမှ သိရသည်။

ဇင်မာ


ဇိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# လူ့ကျန်းမာရေးနှင့်လူမှုဘဝအပေါ် လေထုညစ်ညမ်းမှု၏ သက်ရောက်မှုများ

မေဇင်ထွန်း



ယနေ့ခေတ်တွင် လေထုညစ်ညမ်းနေသည်ကို လူတချို့က ရာသီဥတုအုံ့မှိုင်းခြင်း၊ မြူဆိုင်းခြင်းဟု ထင်တတ်ကြသည်။ အမှန်မှာ ရာသီဥတုအုံ့မှိုင်းခြင်းမဟုတ် လေထုညစ်ညမ်းမှုဖြစ်ပေါ်နေခြင်းကို သိစေလိုပါသည်။ ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများအနက် လေထုညစ်ညမ်းမှုနှင့် ရာသီဥတုအုံ့မှိုင်းမှုတို့သည် လူမှုဘဝ၊ ကျန်းမာရေးနှင့် စီးပွားရေးအပေါ် သက်ရောက်မှုကြီးမားသော ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများဖြစ်ကြသည်။

သို့သော် အများပြည်သူများထဲမှ အချို့သည် ထိုနှစ်မျိုးကို တစ်မျိုးတည်းဟု နားလည်မှုလွဲတတ်ကြသည်။ စင်စစ်အားဖြင့် လေထုညစ်ညမ်းမှုနှင့်ရာသီဥတုအုံ့မှိုင်းမှုတို့ဖြစ်ရခြင်းအကြောင်းရင်း၊ သဘောတရားနှင့်သက်ရောက်မှုများမှာ မတူညီကြပေ။ ထို့ကြောင့် လေထုညစ်ညမ်းမှုနှင့် ရာသီဥတုအုံ့မှိုင်းမှု၏မတူကွဲပြားပုံကို အကျဉ်းချုပ်၍ဖော်ပြပါမည်။

ဦးစွာလေထုညစ်ညမ်းမှုဆိုသည်မှာ လေထုအတွင်းသို့ အန္တရာယ်ဖြစ်စေသော ဓာတ်ငွေ့များ၊ အမှုန်အမွှားများနှင့်အဆိပ်အတောက်များစသည်တို့ ပျံ့နှံ့ဝင်ရောက်လာခြင်းကြောင့်ဖြစ်သည်။ လေထုအတွင်းသို့ အန္တရာယ်ဖြစ်စေသောထိုအရာများ ဝင်ရောက်လာသည့်အခါ လေ၏သဘာဝသန့်ရှင်းမှု ပျက်စီးသွားသည်။ အန္တရာယ်ဖြစ်စေသော ထိုအရာများထဲတွင် စက်ရုံများမှထွက်ပေါ်သော မီးခိုးငွေ့များ၊ ယာဉ်များမှ ထုတ်လွှတ်သောဓာတ်ငွေ့များ၊ သစ်တောမီးလောင်မှုမှထွက်ပေါ်သော မီးခိုးအမှုန်များ၊ စွန့်ပစ်အမှိုက်များမီးရှို့ရာမှထွက်သော မီးခိုးများ၊ တောင်ယာများ မီးရှို့ရှင်းလင်းခြင်းမှထွက်သော မီးခိုးများစသည်တို့ပါဝင်သည်။

ထိုသို့ အကြောင်းတရားများကြောင့် ဖြစ်လာရသော လေထုညစ်ညမ်းမှုသည် လူသားတို့၏အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ၊ နှလုံးရောဂါများနှင့် ကလေးငယ်များ၏ဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိခိုက်မှုများဖြစ်ပေါ်စေနိုင်သည်။ ထို့ပြင် မြို့ပြဒေသများတွင် ကောင်းကင်ကို မမြင်နိုင်လောက်အောင် အုံ့မှိုင်းမှုများဖြစ်ပေါ်ခြင်း၊ မြင်ကွင်း၏ မြင်နိုင်စွမ်းလျော့နည်းခြင်းတို့ကို ဖြစ်ပေါ်စေသည်ကို တွေ့ရသည်။

ဆက်လက်၍ ရာသီဥတုအုံ့မှိုင်းမှုအကြောင်းဆိုရလျှင် ရာသီဥတုအုံ့မှိုင်းမှုသည် ကမ္ဘာ့ရာသီဥတုစနစ်တစ်ခုလုံးတွင်ဖြစ်ပေါ်လာသော အပြောင်းအလဲများကြောင့်ဖြစ်လာရခြင်းဖြစ်သည်။ ရာသီဥတုအုံ့မှိုင်းမှုသည် ကမ္ဘာလုံးဆိုင်ရာအပူချိန်တိုးလာခြင်း၊ မိုးရွာသွန်းမှုပုံစံပြောင်းလဲလာခြင်း၊ မုန်တိုင်းများမကြာခဏပြင်းထန်စွာတိုက်ခတ်ခြင်းနှင့် ရေခဲတောင်များအရည်ပျော်လာချိန်တွင် ဖြစ်ပေါ်တတ်သည်။ ရာသီဥတုအုံ့မှိုင်းမှုဖြစ်ပါက လေထုအတွင်း ဖန်လုံအိမ်ဓာတ်ငွေ့များ (ဥပမာ- ကာဗွန်ဒိုင်အောက်ဆိုဒ်၊ မီသိန်း)များ တိုးပွားလာခြင်းကြောင့်ဖြစ်သည်။ အဆိုပါဓာတ်ငွေ့များသည် နေရောင်ခြည်မှထွက်ပေါ်သောအပူကို လေထုအတွင်းထဲတွင် ပိတ်လှောင်ထားခြင်းဖြင့် ကမ္ဘာ့အပူချိန်ကိုမြင့်တက်လာစေသည်။

လေထုညစ်ညမ်းမှုနှင့် ရာသီဥတုအုံ့မှိုင်းမှုတို့၏ အဓိကကွာခြားချက်မှာ သက်ရောက်မှုနယ်ပယ်နှင့် အချိန်ကာလဖြစ်သည်။ လေထုညစ်ညမ်းမှုသည် များသောအားဖြင့် မြို့တစ်မြို့၊ နိုင်ငံတစ်နိုင်ငံအတွင်းကဲ့သို့ ဒေသဆိုင်ရာအတိုင်းအတာဖြင့် ဖြစ်ပေါ်လေ့ရှိပြီး ချက်ချင်းလက်ငင်းကျန်းမာရေးထိခိုက်မှုများကိုဖြစ်စေနိုင်သည်။ သို့သော် ရာသီဥတုအုံ့မှိုင်းမှုသည် ကမ္ဘာလုံးဆိုင်ရာအတိုင်းအတာဖြင့် နှစ်ပေါင်းများစွာကြာမှသာ တဖြည်းဖြည်းဖြစ်ပေါ်လာသော ပြဿနာတစ်ရပ်ဖြစ်သည်။ ရာသီဥတုအုံ့မှိုင်းမှု၏ သက်ရောက်မှုများမှာ ရေကြီးမှုများ၊ မိုးခေါင်မှုများ၊ အပူလှိုင်းများနှင့် စားနပ်ရိက္ခာလုံခြုံရေးပြဿနာများထိ ကျယ်ပြန့်စွာပေါ်ပေါက်နိုင်သည်။

ဆိုရလျှင် လေထုညစ်ညမ်းမှုနှင့် ရာသီဥတုအုံ့မှိုင်းမှုတို့သည် ပတ်ဝန်းကျင်နှင့် လူသားဘဝအပေါ် သက်ရောက်မှုကြီးမားပါသည်။ ထိုကွာခြားချက်ကို နားလည်သဘောပေါက်ခြင်းဖြင့် သက်ဆိုင်ရာ ဖြေရှင်းနည်းများကို မှန်ကန်စွာ ဆောင်ရွက်ပါက ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုကို လျော့ပါးစေရန် အားထုတ်နိုင်မည်ဖြစ်သည်။

လေထုညစ်ညမ်းမှု၏ ကျန်းမာရေးနှင့် လူမှုဘဝအပေါ်သက်ရောက်မှုများကို ဆက်လက်ဖော်ပြပါမည်။ စက်မှုဖွံ့ဖြိုးတိုးတက်မှု၊ ယာဉ်အသုံးပြုမှုများပြားလာမှုနှင့် မြို့ပြချဲ့ထွင်မှုတို့ကြောင့် လေထုညစ်ညမ်းမှုသည် ကမ္ဘာ့တစ်ဝန်းအရေးကြီးဆုံး ပတ်ဝန်းကျင်ဆိုင်ရာပြဿနာများအနက် တစ်ခုအဖြစ်ထင်ရှားလာသည်။ လေထုညစ်ညမ်းမှုသည် လူသားတို့၏ကျန်းမာရေးနှင့် လူမှုဘဝအပေါ် များစွာထိခိုက်သက်ရောက်စေသည်။

လေထုညစ်ညမ်းမှုကြောင့် လူသားတို့၏ကျန်းမာရေးအပေါ်သက်ရောက်မှုများရှိသည်။ လေထုညစ်ညမ်းမှုအတွင်းပါဝင်သည့် သေးငယ်သော အမှုန်အမွှား(PM2.5နှင့် PM10)များသည် အသက်ရှူလမ်းကြောင်းစနစ်ထဲသို့ အလွယ်တကူဝင်ရောက်နိုင်ကာ အသက်ရှူလမ်းကြောင်းကို ထိခိုက်စေသည်။ ၎င်းသေးငယ်သော အမှုန်အမွှားများကြောင့် အဆုတ်ရောင်ရမ်းခြင်း၊ အသက်ရှူရခက်ခဲခြင်းတို့မှသည် အဆုတ်ကင်ဆာဖြစ်ပွားသည်ထိ အန္တရာယ်ပေးနိုင်သည်။ ကလေးငယ်များနှင့်အသက်ကြီးသူများတွင် သေးငယ်သောအမှုန်အမွှားများက ပိုမိုအန္တရာယ်ပေးနိုင်သည်။

ထို့ပြင် လေထုအတွင်းရှိ သေးငယ်သောအမှုန်အမွှားများ သွေးကြောထဲသို့ ဝင်ရောက်ပါက နှလုံးရောဂါ၊ သွေးတိုးရောဂါနှင့် လေဖြတ်ခြင်းစသည့်တို့ကို ဖြစ်ပွားနိုင်စေသည်။ လေထုညစ်ညမ်းသောနေရာများတွင် ရေရှည်နေထိုင်ပါက လူ့သက်တမ်းတိုတိုနှင့် သေဆုံးနိုင်ခြေများသည်။ လေထုညစ်ညမ်းမှုမြင့်မားသည့် ဒေသများတွင် နေထိုင်သော ကိုယ်ဝန်ဆောင်သည်များ ကလေးမီးဖွားပါက ပေါင်ချိန်မပြည့်သောကလေးများ၊ မွေးရာပါရောဂါရှိသောကလေးများ ပိုမိုမွေးဖွားတတ်သည်။ မွေးလာသောကလေးငယ်များတွင်လည်း ၎င်းတို့၏ ဦးနှောက်ဖွံ့ဖြိုးမှုနှင့် သင်ယူနိုင်စွမ်းကိုလည်း ထိခိုက်စေနိုင်သည်။

အမေရိကန်သိပ္ပံပညာရှင်များ၏ သုတေသနရလဒ်များအရ လေထုညစ်ညမ်းမှုသည် စိတ်ဖိစီးမှု၊ စိတ်ကျရောဂါနှင့် စိတ်ပိုင်းဆိုင်ရာအားနည်းမှုများနှင့်ဆက်နွှယ်နေကြောင်းကိုလည်း လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် လေထုအရည်အသွေးမကောင်းသောပတ်ဝန်းကျင်တွင် နေထိုင်ခြင်းသည် လူ၏ စိတ်ပိုင်းဆိုင်ရာကျန်းမာရေးကိုလည်း ထိခိုက်စေနိုင်သည်ဟု ဆိုနိုင်သည်။

လေထုညစ်ညမ်းမှု၏ လူမှုဘဝအပေါ်သက်ရောက်မှုများကိုဖော်ပြရလျှင် လေထုညစ်ညမ်းသောနေရာများတွင် နေထိုင်သူများသည် ကျန်းမာရေးပိုင်းဆိုင်ရာချို့ယွင်းလာကြခြင်းကြောင့် အလုပ်လုပ်နိုင်စွမ်းလျော့နည်းသွားသည်။ ထိုအခါ ဆေးကုသစရိတ်များတိုးလာခြင်းကြောင့် မိသားစုဝင်ငွေများ ထိခိုက်ကာ ၎င်းတို့၏ လူနေမှုဘဝကို ပိုမိုကျပ်တည်းလာစေသည်။

ပညာရေးပိုင်းထိခိုက်ရမှုကို အိန္ဒိယနိုင်ငံနှင့် သာဓကပြဆိုရလျှင် အိန္ဒိယနိုင်ငံတွင် လေထုညစ်ညမ်းမှုမြင့်မားသည့်နေ့များတွင် ကျောင်းပိတ်ရခြင်းများမကြာခဏဖြစ်ပေါ်လေ့ရှိသည်။ ထိုအခါ ကလေးများ၏ ပညာသင်ယူမှုအခွင့်အလမ်းကို ထိခိုက်စေသည်။ ထို့ပြင် လေထုညစ်ညမ်းသဖြင့် ကလေးများ

**❖ လေထုညစ်ညမ်းမှုကြောင့် လူသားတို့၏ကျန်းမာရေးအပေါ်သက်ရောက်မှုများရှိသည်။ လေထုညစ်ညမ်းမှုအတွင်းပါဝင်သည့် သေးငယ်သောအမှုန်အမွှား(PM2.5နှင့် PM10)များသည် အသက်ရှူလမ်းကြောင်းစနစ်ထဲသို့ အလွယ်တကူဝင်ရောက်နိုင်ကာ အသက်ရှူလမ်းကြောင်းကို ထိခိုက်စေသည်။ ၎င်းသေးငယ်သော အမှုန်အမွှားများကြောင့် အဆုတ်ရောင်ရမ်းခြင်း၊ အသက်ရှူရခက်ခဲခြင်းတို့မှသည် အဆုတ်ကင်ဆာဖြစ်ပွားသည်ထိ အန္တရာယ်ပေးနိုင်သည်။ ကလေးငယ်များနှင့် အသက်ကြီးသူများတွင် သေးငယ်သော အမှုန်အမွှားများက ပိုမိုအန္တရာယ်ပေးနိုင်သည်။ ❖**

မကြာခဏဖျားနာခြင်းကြောင့် ကျောင်းသင်ခန်းစာများနောက်ကျမှုလည်း ဖြစ်ပေါ်နိုင်သည်။

အများအားဖြင့် ဝင်ငွေနည်းပါးသော လူတန်းစားများသည် လေထုအရည်အသွေးနိမ့်သော စက်ရုံများ၊ လမ်းမကြီးများအနီးတွင် နေထိုင်ရသည်။ ထို့ကြောင့် ဝင်ငွေနည်းပါးသော လူတန်းစားများသည် လေထုညစ်ညမ်းမှုဒဏ်ကို ပိုမိုခံရနိုင်သည်။ ထို့ကြောင့် ချမ်းသာသူများနှင့် ဝင်ငွေနည်းပါးသော လူတန်းစားများကြားတွင် ကျန်းမာရေးမညီမျှမှု ပိုမိုမြင့်တက်လာနိုင်သည်။ လေထုညစ်ညမ်းမှုမြင့်မားလာခြင်းကြောင့် အပြင်ထွက်လှုပ်ရှားမှုများလျော့နည်းလာပြီး လူမှုဆက်ဆံရေး၊ အားကစားနှင့်အပန်းဖြေမှုများကို အလိုလိုကန့်သတ်ပြီးသားဖြစ်သွားသဖြင့် လူမှုဘဝအရည်အသွေးကိုလည်း ထိခိုက်စေသည်။

ထို့ကြောင့်လေထုညစ်ညမ်းမှုသည် လူတစ်ဦးချင်းစီ၏ ကျန်းမာရေးကိုသာမက လူမှုဘဝတစ်ခုလုံးကိုပါ ထိခိုက်စေနိုင်သောပြဿနာတစ်ရပ်ဖြစ်သည်။

လေထုညစ်ညမ်းမှုဖြစ်လာပါက လူသားတစ်ဦးချင်းစီအနေဖြင့် ဆောင်ရွက်နိုင်သည်မှာ အပြင်ထွက်ပါက မက်စ်တပ်ရပါမည်။ မလိုအပ်ဘဲ နေအိမ်အပြင်ထွက်ခြင်းကိုလျှော့ချပါ။ တတ်နိုင်သမျှ လေထုအရည်အသွေးကျဆင်းနေချိန်တွင် အိမ်တွင်း၌သာနေပါ။ နေအိမ်တံခါး၊ ပြတင်းပေါက်များကို ပိတ်ထားပြီး ပြင်ပမှညစ်ညမ်းသောလေများဝင်ရောက်မှုကို လျှော့ချနိုင်သည်။ ခန္ဓာကိုယ်အတွင်း အဆိပ်ဓာတ်များလျှော့ချနိုင်စေရေးအတွက် ရေများများသောက်ပေးပါ။ ငွေကြေးတတ်နိုင်လျှင် HEPA Filter ပါသည့် လေသန့်စင်စက်(Air Purifier)ကို တပ်ဆင်အသုံးပြုပါ။ လေထုညစ်ညမ်းနေစဉ် အသက်ရှူမကောင်းခြင်း၊ မျက်လုံးယားယံခြင်း၊ ချောင်းဆိုးခြင်းစသည်တို့ဖြစ်ပါက ကျွမ်းကျင်သည့်ဆရာဝန်များထံသွားရောက်စစ်ဆေးကာ ဆေးကုသမှုခံယူပါ။ အထူးသဖြင့် ကလေးများ၊ ရောဂါအခံရှိသူများ၊ အသက်ကြီးသူများတွင် ပို၍ဂရုစိုက်ကာ သတိပြုနေထိုင်ကြရမည်ဖြစ်သည်။

လေထုညစ်ညမ်းမှုအခြေအနေ ပိုမိုမဆိုးရွားစေရေးအတွက် အမှိုက်မီးရှို့ခြင်း၊ ရုပ်ကြွင်းလောင်စာသုံးကိုယ်ပိုင်ယာဉ်များအသုံးပြုခြင်းကို လျှော့ချကြရမည်။ ထို့ပြင် လေထုညစ်ညမ်းချိန်တွင် ပြင်းထန်သောလေ့ကျင့်ခန်းများပြုလုပ်ခြင်းကို ရှောင်ကြဉ်ကြရပါမည်။

အချုပ်အားဖြင့် လေထုညစ်ညမ်းမှုကို လျှော့ချရန်ဆိုသည်မှာ သန့်ရှင်းသောပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြုခြင်း၊ သစ်ပင်စိုက်ပျိုးခြင်း၊ ရုပ်ကြွင်းလောင်စာသုံး ယာဉ်အသုံးပြုမှုလျှော့ချခြင်းနှင့် ပတ်ဝန်းကျင်ဆိုင်ရာဥပဒေများကို လိုက်နာခြင်းတို့ကို လူသားတိုင်းက တိတိကျကျလိုက်နာဆောင်ရွက်ရန်လိုပါသည်။ ထိုသို့ လူတစ်ဦးချင်းစီနှင့် အစိုးရအဖွဲ့များ ပူးပေါင်းဆောင်ရွက်မှသာ သန့်ရှင်းသောလေထု၊ ကျန်းမာသောပတ်ဝန်းကျင်နှင့် အရည်အသွေးမြင့်လူမှုဘဝကို ဖန်တီးနိုင်မည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

- https://byjus.com/biology/air-pollution-control/
- https://www.who.int/health-topics/air-pollution

# စည်းလုံးမှုပျက်ပြားလာသည့် NATO အဖွဲ့

**နေရှား(သုတေသန)**

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ခေါ် NATO အဖွဲ့သည် ၁၉၄၉ ခုနှစ် ဧပြီ ၄ ရက်က လက်မှတ်ရေးထိုးချုပ်ဆိုခဲ့သော အစိုးရအချင်းချင်း စစ်ဘက်မဟာမိတ်ပြုထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ကာ သက်တမ်း ၇၅ နှစ်ရှိပြီဖြစ်သည်။ NATO ရုံးချုပ်ကို ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့တွင် ရုံးစိုက်ထားရှိသည်။ အဖွဲ့အစည်းသည် စုပေါင်းကာကွယ်တိုက်ခိုက်ခြင်းစနစ်ပါဝင်ပြီး အဖွဲ့ဝင်နိုင်ငံများသည် ပြင်ပအဖွဲ့အစည်းတစ်ခုခုမှ တိုက်ခိုက်လာခြင်းကို တုံ့ပြန်နိုင်ရေးအတွက် အပြန်အလှန်အကာအကွယ်ပေးကြရန်သဘောတူညီထားသည်။ ပထမဆုံး NATO ၏ အထွေထွေအတွင်းရေးမှူးချုပ် လော့ဒ်အစ်(စ်)မေက အထင်ကရမိန့်ဆိုခဲ့သည်မှာ အဖွဲ့အစည်း၏ ရည်မှန်းချက်ပန်း တိုင်သည် "ဆိုဗီယက်ရုရှားများကို ဖယ်ထုတ်ပစ်ရန်၊ အမေရိကန်များ ဝင်လာစေရန်နှင့် ဂျာမန်များ ကျဆုံး စေရန်"ဟူ၍ ဖြစ်သည်။ ယခုအခါ ဤအဖွဲ့ကြီး ရည်ရွယ်ချက်နှင့် စည်းလုံးခြင်းကို ပျက်ပြားခြင်းများ ပေါ်ပေါက်လာပြီဖြစ်သည်။

စစ်အေးတိုက်ပွဲကာလအတွင်းက NATO အဖွဲ့ဝင်ဖြစ်လာသည့် နိုင်ငံများသည် ၎င်းတို့ဆန္ဒအလျောက် အဓိကဝင်ရောက်လာသည့် နိုင်ငံများဖြစ်သည်။ သို့သော်လည်း ၁၉၈၉ ခုနှစ် ဘာလင်တံတိုင်းပြိုလဲမှုနှင့် ၁၉၉၁ ခုနှစ် ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီး စစ်အေးတိုက်ပွဲ ပြီးဆုံးပြီးနောက်တွင် NATO အဖွဲ့ဝင်နိုင်ငံများ ပိုမိုတိုးမြင့်လာခဲ့သည်။ ၁၉၉၀ ပြည့်နှစ်များတစ်လျှောက်လုံးတွင် NATO အဖွဲ့တိုးချဲ့ရေးဆွေးနွေးမှုများကို တိုးမြှင့်လုပ်ဆောင်ခဲ့ကြသောကြောင့် အနောက်အုပ်စုသည် ဥရောပလုံခြုံရေးအစီအစဉ်သစ်အယူအဆကို စိတ်ဝင်စားလျက်ရှိသည့် ရုရှားကို အဖွဲ့ဝင်ဖြစ်ရန်ပင် ကြိုးပမ်းခဲ့ကြသည်။ သို့သော်လည်း နောက်ဆုံးတွင် ရုရှားကို NATO ၏ လုပ်ဖော်ကိုင်ဖက်အဖြစ် သတ်မှတ်ရန် ကြိုးပမ်းမှုများနှင့်အတူ NATO အဖွဲ့ ချဲ့ထွင်ရေးကို အများသဘောတူညီခဲ့ကြသည်။ ယခုအခါ NATO အဖွဲ့သည် ရုရှားအပေါ် သိသာထင်ရှားသည့်ထိုးနှက်မှုများလုပ်ဆောင်လာသကဲ့သို့ တစ်ဖက်၌လည်း ၎င်းတို့အဖွဲ့အတွင်း၌ပင် တညီတညွတ်တည်းဖြစ်မှုသည် အက်ကြောင်းထင်လာခဲ့ပြီဖြစ်သည်။

**ထိရောက်သည့် လုပ်ဆောင်စွမ်းမရှိဖြစ်လာခြင်း**

NATO အဖွဲ့ရင်ဆိုင်နေရသည့် အကျပ်အတည်းသည် အမှန်တကယ်ပျောက်ကွယ်သွားခြင်းမရှိပေ။ ပြင်သစ်သမ္မတ အီမန်နျူရယ်မက်ခရွန်က NATO ၏ ထိရောက်သည့် လုပ်ဆောင်နိုင်စွမ်းမရှိဖြစ်နေခြင်းကို လွန်ခဲ့သည့်ခုနစ်နှစ်က သတိပေးခဲ့ပြီးဖြစ်သည်။ ရုရှား-ယူကရိန်း ပဋိပက္ခသည် NATO အားပြန်လည်နိုးကြားလာစေရန် ခေတ္တမျှ အခွင့်အလမ်းပေးခဲ့သော်လည်း နောက်ဆုံးတွင် အမေရိကန်ပထမမူဝါဒ၏ အန္တရာယ်ရှိသော ထိုးနှက်ချက်ကို ခံနိုင်ရည်မရှိခဲ့ပေ။ အမေရိကန်နှင့် ဥရောပဒေသနိုင်ငံများ၏ ဆက်ဆံရေးဖြစ်သည့် အတ္တလန္တိတ်ဖြတ်ကျော် ဆက်ဆံရေးသည် အကြိမ်ကြိမ်တင်းမာပြီး ပြိုကွဲလျက်ရှိသောကြောင့် စစ်အေးခေတ်၏ အမွေအနှစ်တစ်ခုဖြစ်သော NATO သည် ထိရောက်သည့် လုပ်ဆောင်နိုင်စွမ်းမရှိသည့်အခြေအနေသို့ တစ်ဖန်ပြန်လည်ရောက်ရှိနေသည်။

အဖွဲ့အစည်းဆိုင်ရာ လုပ်ဆောင်မှုအဆင့်တွင် NATO ၏ စုပေါင်းကာကွယ်ရေးမူသည် စိုးရိမ်ဖွယ်ပျက်စီးလျက်ရှိသည်။ တစ်ချိန်က အဖွဲ့ဝင်တစ်နိုင်ငံကိုတိုက်ခိုက်ခြင်းသည် အားလုံးကို တိုက်ခိုက်ခြင်းဖြစ်သည် ဟူသည့်လေးနက်သော ကတိကဝတ်တစ်ခုဖြစ်ခဲ့သည့်အရာသည် ယခုအခါ ဦးဆောင်သည့်နိုင်ငံ၏ ခိုလှုံရာအတွက် အပြန်အလှန်ဖလှယ်ရန် ကာကွယ်မှုအခကြေးငွေများ ပေးဆောင်ရမည့် စနစ်သို့ လျော့ကျလာသည်။ ဤအခကြေးငွေများသည် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်၏ ပထမသက်တမ်းအတွင်း GDP ၏ နှစ်ရာခိုင်နှုန်းမှ ဒုတိယသက်တမ်းတွင် ငါးရာခိုင်နှုန်းထိပင် မြင့်တက်လာခဲ့သည်။ အမေရိကန်က ဥရောပနိုင်ငံများအနေဖြင့် ငွေပေးချေမှုမရှိလျှင် အကာအကွယ်ရမည်မဟုတ်၊ ထို့အတူ ငွေပေးချေမှုမရှိလျှင် ရုရှားအပေါ်ထိန်းချုပ်မှုရှိမည်မဟုတ်ဟူသော သတိပေးချက်များဖြင့် အကြိမ်ကြိမ်ခြိမ်းခြောက်ပြီး အတင်းအကျပ်ပြုလုပ်ခဲ့သည်။

အမေရိကန်၏အမြင်တွင် မဟာမိတ်များသည် မဟာဗျူဟာမြောက် မိတ်ဖက်များ မဟုတ်တော့ဘဲ အသုံးချရမည့် တပ်ဖွဲ့များဖြစ်လာသည်။ သမ္မတဒေါ်နယ်ထရမ့်သည် မဟာမိတ်များ၏ အချုပ်အခြာအာဏာ၊ နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် နိုင်ငံရေးဂုဏ်သိက္ခာအပေါ် ၎င်း၏မထီမဲ့မြင်ပြုမှုကို ဖုံးကွယ်ရန် ကြိုးပမ်းခဲ့ခြင်းမရှိပေ။ ၎င်းက ကနေဒါကို အမေရိကန်၏ ၅၁ ခုမြောက် ပြည်နယ်အဖြစ်ပြောင်းလဲပြီး ဒိန်းမတ်နိုင်ငံရှိ ဂရင်းလန်းကို သိမ်းပိုက်မည်ဟု အကြိမ်ကြိမ်ပြောကြားခဲ့သည်။ ဗြိတိန်၊ ပြင်သစ်နှင့် ဂျာမနီနိုင်ငံတို့က ဒိန်းမတ်နိုင်ငံကို အထောက်အကူပြုရန်အတွက် ဂရင်းလန်းကို စစ်သည်များ စေလွှတ်ခဲ့သည်။ သို့သော်လည်း အမေရိကန်က ၎င်းနိုင်ငံများအပေါ် အခွန်စည်းကြပ်မှုကို ရုတ်သိမ်းပြီးနောက်တွင် တပ်ဖွဲ့များကို လျင်မြန်စွာ ရုတ်သိမ်းခဲ့ကြသည်။ ဤသို့ဖြင့် မဟာမိတ်အဖွဲ့၏ အဖွဲ့အတွင်း ယန္တရားများသည် တဖြည်းဖြည်း ယိုယွင်းလာနေသည်ကို တွေ့ရှိရသည်။

အဖွဲ့အစည်းဆိုင်ရာ ရိုးသားမှုမရှိခြင်းသည် ပြင်ပကူးစက်မှုဖြစ်သည်ဆိုလျှင် နိုင်ငံရေးယုံကြည်မှုပြိုကွဲခြင်းသည် အတွင်းပိုင်းပွတ်တိုက်မှုဖြစ်သည်။ NATO သည် မျှဝေထားသော ဒီမိုကရေစီတန်ဖိုးများအပေါ်တွင် တည်ဆောက်ထားသော နိုင်ငံရေးမဟာမိတ်အဖွဲ့၊ အယူဝါဒဆိုင်ရာ အသိုက်အဝန်းတစ်ခုအဖြစ် ကျယ်လောင်စွာ ပုံဖော်ခဲ့သည့်အချိန်တစ်ခုရှိခဲ့သည်။ သို့သော် ယနေ့ခေတ်တွင် ထိုစာမျက်နှာသည် လုံးလုံးလျားလျား ဆုတ်ဖြဲခံလိုက်ရပြီဖြစ်သည်။

ရုရှား-ယူကရိန်းပဋိပက္ခနှင့် ဆက်စပ်သော အဓိကဆုံးဖြတ်ချက်တိုင်းကို အမေရိကန်သမ္မတဂျိုးဘိုင်ဒင် လက်ထက်တိုက်ခိုက်ရေးမူဝါဒများ၊ သို့မဟုတ် ထရမ့်၏ဒုတိယသက်တမ်းညှိနှိုင်းမှုအပေါ် အလေးပေးမှုဖြစ်စေ အိမ်ဖြူတော်နှင့် ပင်တဂွန်တွင် ရေးသားထားပြီးဖြစ်သည်။ တရုတ်နိုင်ငံကို ထိန်းချုပ်ရန်အတွက်ဥရောပကို ၎င်း၏ မဟာဗျူဟာနှင့် ချည်နှောင်ရန်ကြိုးပမ်းမှုတွင် ဒေသတွင်းနှင့် ကာကွယ်ရေးအဖွဲ့အစည်းအဖြစ် ၎င်း၏အစဉ်အလာ အခန်းကဏ္ဍမှ ကျော်လွန်၍ NATO ကို အာရှ-ပစိဖိတ်တိုးချဲ့မှုဆီသို့ အတင်းအကျပ်တွန်းအားပေးနေသည်။ ဥရောပ၏ အုပ်စုဖွဲ့ ထိပ်တိုက်ရင်ဆိုင်မှုကို ရှောင်ရှားလာသည်။ ဘက်လိုက်ရန် ငြင်းဆိုသည့် ရေရှည်ရပ်တည်ချက်ကို အမေရိကန်က တစ်ဖန်ပြန်လည်လျစ်လျူရှုခဲ့သည်။

**အမေရိကန်ကာကွယ်ရေးဝန်ကြီးပါဝင်ခြင်းမရှိသည့် NATO အစည်းအဝေး**

အမေရိကန်ကာကွယ်ရေးဝန်ကြီးပက်ဟက်ဆက်သ်သည် ဖေဖော်ဝါရီ ၁၂ ရက်တွင် ဘယ်လ်ဂျီယံနိုင်ငံဘရပ်ဆဲလ်၌ ကျင်းပမည့် NATO ကာကွယ်ရေးဝန်ကြီးများ၏ အစည်းအဝေးသို့ တက်ရောက်မည်မဟုတ်ဟု အမေရိကန်အရာရှိတစ်ဦးက

> ❖ NATO အဖွဲ့သည် ယခုနှစ်ပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်တပ်ဖွဲ့များပါဝင်ခြင်းမရှိဘဲ ပြုလုပ်ခဲ့သည်။ NATO အဖွဲ့သည် မကြာသေးမီက Stead fast Dart 2026 ဟု အမည်ပေးထားသော စစ်ရေးလေ့ကျင့်မှုကိုစတင်ခဲ့ရာ ဂျာမနီက ဦးဆောင်ပြီး ဥရောပအဖွဲ့ဝင် ၁၁ နိုင်ငံမှ တပ်ဖွဲ့ဝင် ၁၀၀၀၀ ခန့် ပါဝင်သော ကြည်းတပ်၊ ရေတပ်၊ လေတပ်၊ အာကာသတပ်ဖွဲ့၊ ဆိုက်ဘာနှင့် အခြား တပ်ဖွဲ့များဖြင့် လေ့ကျင့်လျက်ရှိသည်။ လေ့ကျင့်မှုကို အဆင့်နှစ်ဆင့် ခွဲခြားထားပြီး ၎င်းတွင် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် ဖြန့်ကြက်ခြင်းနှင့် လေ့ကျင့်ခြင်းတို့ကို စီစဉ်ထားခြင်းဖြစ်သည်။ ❖

ပြောကြားခဲ့ပြီး ၎င်းကိုယ်စားမူဝါဒဆိုင်ရာ ကာကွယ်ရေးလက်ထောက်ဝန်ကြီး အယ်လ်ဘရစ်ချ်ကိုလ်ဘီ တက်ရောက်မည်ဟုဆိုသည်။ သမ္မတဒေါ်နယ်ထရမ့်သည် မကြာသေးမီက ဂရင်းလန်းကို အင်အားသုံးသိမ်းပိုက်မည်ဟု ခြိမ်းခြောက်ခဲ့ပြီး အမေရိကန်သည် လုံခြုံရေးကိုအကြောင်းပြ၍ မဟာမိတ်အဖွဲ့ဝင် ဒိန်းမတ်၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အာတိတ်နယ်မြေကို ထိန်းချုပ်ရမည်ဟု အခိုင်အမာပြောဆိုခြင်းဖြင့် NATO အဖွဲ့ကို နှစ်ပေါင်းများစွာအတွင်း အဆိုးရွားဆုံး အကျပ်အတည်းအတွင်းသို့ တွန်းပို့ခဲ့သည်။

**အမေရိကန်မပါသော NATO ၏ စစ်ရေးလေ့ကျင့်မှု**

NATO အဖွဲ့သည် ယခုနှစ်ပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုတွင် အမေရိကန်တပ်ဖွဲ့များ ပါဝင်ခြင်းမရှိဘဲ ပြုလုပ်ခဲ့သည်။ NATO အဖွဲ့သည် မကြာသေးမီက Steadfast Dart 2026 ဟု အမည်ပေးထားသော စစ်ရေးလေ့ကျင့်မှုကို စတင်ခဲ့ရာ ဂျာမနီက ဦးဆောင်ပြီး ဥရောပအဖွဲ့ဝင် ၁၁ နိုင်ငံမှ တပ်ဖွဲ့ဝင် ၁၀၀၀၀ ခန့်ပါဝင်သော ကြည်းတပ်၊ ရေတပ်၊ လေတပ်၊ အာကာသတပ်ဖွဲ့၊ ဆိုက်ဘာနှင့် အခြားတပ်ဖွဲ့များဖြင့် လေ့ကျင့်လျက်ရှိသည်။ လေ့ကျင့်မှုကို အဆင့်နှစ်ဆင့်ခွဲခြားထားပြီး ၎င်းတွင် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလတွင် ဖြန့်ကြက်ခြင်းနှင့် လေ့ကျင့်ခြင်းတို့ကို စီစဉ်ထားခြင်းဖြစ်သည်။ NATO ၏ မဟာမိတ်တုံ့ပြန်မှုတပ်ဖွဲ့ (ARF) သည် တူကီယဲ၊ အီတလီနှင့် စပိန်တို့တွင် ဦးစွာစုဝေးပြီးနောက် ကုန်းလမ်း၊ ရေကြောင်းနှင့် လေကြောင်းတို့ဖြင့် ဂျာမနီသို့ ချီတက်မည်ဖြစ်သည်။ လေ့ကျင့်မှု၏ ထောက်ပံ့ပို့ဆောင်ရေး ဗဟိုချက်အနေဖြင့် ဂျာမနီသည် လက်နက်များနှင့် ခဲယမ်းများအတွက် သိုလှောင်မှုနှင့် ပြုပြင်ထိန်းသိမ်းမှု၊ မောင်းသူမဲ့လေယာဉ် (UAV) ကာကွယ်ရေးနှင့် သတိပေးမှုနှင့် ရောက်ရှိလာသော မဟာမိတ်တုံ့ပြန်မှုတပ်ဖွဲ့ (ARF) တပ်များအတွက် အခြားပံ့ပိုးမှုများ ပံ့ပိုးပေးရန် တာဝန်ဖြစ်သည်။ လေ့ကျင့်မှုတွင် အမေရိကန်မပါဝင်ခြင်းသည် ဂရင်းလန်းပြဿနာနှင့်ပတ်သက်၍ NATO အတွင်း ပေါ်ပေါက်လာသော အဓိကကွဲလွဲမှုများကို ရှင်းရှင်းလင်းလင်းပြသရုံသာမက အမေရိကန်နှင့် ဥရောပနိုင်ငံများကြား မဟာဗျူဟာမြောက်ပြိုင်ဆိုင်မှု တစ်ခုလည်းဖြစ်သည်။

**အမေရိကန်မပါရှိဘဲ အီးယူကမိမိကိုယ်ကိုကာကွယ်နိုင်မည်မဟုတ်**

ဥရောပသမဂ္ဂ(အီးယူ)သည် အမေရိကန်မပါရှိဘဲ မိမိကိုယ်ကို ကာကွယ်နိုင်မည်မဟုတ်ဟု NATO အထွေထွေအတွင်းရေးမှူးမာ့ခ်ရူတီက ပြောကြားခဲ့ပြီး အဖွဲ့ဝင်နိုင်ငံများသည် ၎င်းတို့ GDP ၏ ၁၀ ရာခိုင်နှုန်းထိကို စစ်ရေးအတွက် သုံးစွဲရမည်ဖြစ်ကာ ၎င်းမှာ လုံလောက်မှုမရှိသေးဟု ဥရောပပါလီမန်တွင် ပြောကြားခဲ့သည်။ ဇန်နဝါရီလလယ်တွင် ကာကွယ်ရေးကော်မရှင်နာ Andrius Kubilius က အီးယူသည် လွတ်လပ်စွာ လုပ်ဆောင်နိုင်ရန် အင်အား ၁၀၀၀၀၀ ရှိသော အမြဲတမ်းတပ်မတော်လိုအပ်သည်ဟု ပြောကြားခဲ့သည်။ ရူတီ၏အဆိုအရ ထိုကဲ့သို့သော အစီအစဉ်များသည် လက်တွေ့မကျပေ။ ဥရောပသမဂ္ဂ သို့မဟုတ် ဥရောပတစ်ခုလုံးသည် အမေရိကန်မပါရှိဘဲ မိမိကိုယ်ကိုကာကွယ်နိုင်သည်ဟု တစ်စုံတစ်ယောက်က ဤနေရာတွင် ထပ်မံတွေးတောနေပါက ၎င်းသည် အိပ်မက်မက်နေခြင်းသာဖြစ်ပြီး ၎င်းကိုလုပ်ဆောင်နိုင်မည်မဟုတ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။ အထွေထွေအတွင်းရေးမှူးမာ့ခ်ရူတီက NATO အဖွဲ့ကြီးအနေဖြင့် အနည်းဆုံးကာကွယ်ရေးအသုံးစရိတ်ပမာဏကို နှစ်ဆတိုးရန် လိုအပ်သကဲ့သို့ ယူရိုဘီလီယံပေါင်းများစွာ ကုန်ကျကြောင်းနှင့် NATO ကိုယ်ပိုင်နျူကလီးယား စွမ်းရည်တွင်လည်း ရင်းနှီးမြှုပ်နှံရန်လိုအပ်ပြီး တစ်နိုင်ငံတည်းသွားလျှင် ဆုံးရှုံးလိမ့်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ခြုံ၍ဆိုရလျှင် ဒုတိယကမ္ဘာစစ်ပြီးဆုံးကတည်းက သန္ဓေတည်ခဲ့သော NATO အဖွဲ့ကြီးသည် ၂၀၂၄ ခုနှစ်တွင် အဖွဲ့ဝင် ၃၂ နိုင်ငံထိရှိလာသည့် ကမ္ဘာ့အင်အားအကြီးဆုံး စစ်ရေးမဟာမိတ်အဖြစ် နှစ်ပေါင်းများစွာ ကြာရပ်တည်ခဲ့သည်။ ယခုအခါ ဤအဖွဲ့ကြီးကို လူ၊လက်နက်၊ ငွေအင်အား အဓိက ပံ့ပိုးစိုက်ထုတ်ထားသည့် အမေရိကန်က ဥရောပတစ်ခုလုံး၏ ကာကွယ်ရေးတာဝန်ကို အဖွဲ့ဝင်နိုင်ငံအားလုံးမှ မျှဝေကျခံရန် အတိအလင်းလုပ်ဆောင်လာခြင်းကြောင့် အဖွဲ့၏ စည်းလုံးညီညွတ်မှုသည် သိသိသာသာ ထိခိုက်လာခဲ့သည်။ NATO ကို အဓိကဦးဆောင်သည့် အမေရိကန်သမ္မတဒေါ်နယ်ထရမ့်က အဖွဲ့ဝင်နိုင်ငံများအနေဖြင့် ဒေသကာကွယ်ရေးအတွက် ကုန်ကျစရိတ်ကို မျှဝေကျခံရန် လိုလားသကဲ့သို့ ကာကွယ်ရေးစွမ်းအားကိုလည်း ကိုယ်တိုင်စိုက်ထုတ်မှုများဖြင့် လုပ်ဆောင်ရန်ဖိအားပေးလာခဲ့သည်။ အီးယူအနေဖြင့်လည်း အမေရိကန် ပါဝင်ခြင်းမရှိသည့် ကာကွယ်ရေးကို ယုံကြည်မှုမရှိပေ။ ထို့ပြင် ယူကရိန်းအရေးနှင့် ပတ်သက်၍ သဘောထားကွဲလွဲမှုများလည်း ရှိလာခြင်းကြောင့် NATO အဖွဲ့၏ စည်းလုံးမှုအက်ကြောင်းသည် အချိန်မီဖြေရှင်းနိုင်ခြင်းမရှိပါက ပိုမိုကြီးထွားလာကာ ဥရောပ၏ လုံခြုံရေးအပေါ် သိသာထင်ရှားစွာ သက်ရောက်မှုရှိလာမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

**ကိုးကား**

- NATO is still suffering "brain death" from China Military Online, February 2026.
- Pentagon chief to miss NATO defense ministers meeting, AFP, February 2026.

# ပုသိမ်မြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၀၉၀၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ပုသိမ် ဖေဖော်ဝါရီ ၁၇**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ်နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၄၀၉၀၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ်နွေသီးနှံ စိုက်ပျိုးရာသီ၌ ပုသိမ်မြို့နယ်တွင် စပါး ၅၁၄၉၇ ဧက စိုက်ပျိုးရန်လျာထားပြီး၂၀၂၅ ခုနှစ် ဒီဇင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၄၀၉၀၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ နွေစပါးများ လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် ဒေသခံတောင်သူများကို စိုက်ပျိုးရေးဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန အုပ်ချုပ်ရေးအဖွဲ့ စသည့် ဌာနအဖွဲ့အစည်းများမှ ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ပုသိမ်မြို့နယ်မှာ ဒီနှစ်စပါးလျာထားဧကပြည့်မီအောင် စိုက်ပျိုးဖို့အတွက် စပါးစတင်မစိုက်မီအချိန်ကတည်းက စိုက်ပျိုးရေးနည်းပညာတွေကို ကြိုတင်ဆောင်ရွက်ပေးခဲ့ပါတယ်။ဒါ့အပြင် စပါးတွေ အထွက်နှုန်းကောင်းမွန်ဖို့ရန် လိုအပ်တဲ့ဓာတ်မြေဩဇာများ၊ စိုက်ပျိုးရေး နည်းလမ်းတွေကို အသိပညာပေး ကွင်းဆင်းလုပ်ဆောင်ပေးခဲ့ပါတယ်။ လက်ရှိ စပါး ဧက ၄၀၀၀၀ ကျော်ထိ စိုက်ပျိုးနိုင်ခဲ့ပြီး အထွက်နှုန်းနဲ့ အရည်အသွေး ပြည့်မီရေးအတွက်ကိုလဲ ဆက်လက် ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်မြို့နယ် စပါးစိုက်ပျိုးရာတွင် ဆင်းသုခ၊ သီးထပ်ရင်၊ ရက် ၉၀၊ GW-11 စသည့် စပါးအမျိုးအစားများကို အများဆုံးစိုက်ပျိုးလျက်ရှိကြောင်း၊ အဆိုပါ စပါးအမျိုးအစားများသည် ဈေးကွက်ဝင်ဖြစ်ခြင်း၊ အရည်အသွေးကောင်းခြင်း၊ အထွက်နှုန်းကောင်းခြင်း စသည့်အကျိုးကျေးဇူးများရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင်ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးသင့်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍သိရသည်။

**ကျော်ကျော်လင်း**

# စလင်းမြို့နယ် အရှေ့ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**စလင်း ဖေဖော်ဝါရီ ၁၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် အရှေ့ကန်ဘောင်ကျေးရွာအုပ်စု အရှေ့ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၁၆ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အရှေ့ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားစီးပွားရေးလုပ်ငန်းများဆောင်ရွက်မှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့်စာရင်းဇယားများ စနစ်တကျဖြည့်သွင်းထားမှု ရှိ၊ မရှိ စီမံကိန်းဆိုင်ရာညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို စစ်ဆေးခဲ့ပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အရှေ့ကန်ဘောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ခုနှစ်တွင် ငွေကျပ် သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ရာ ယခု ၁၂ ကြိမ်မြောက်စက်ဝန်းတွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၆၄ ဦးကို ငွေကျပ် ၁၅ ဒသမ ၆၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူဦးရေ ၁၄၀ ကို ငွေကျပ် ၃၄ ဒသမ ၁၅သန်း၊အခြားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူခြောက်ဦးကို ငွေကျပ် ၁ ဒသမ ၃ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ၂၁၀ ကို ငွေကျပ် ၅၁ ဒသမ ၁ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများလည်ပတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း စလင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။ **သန်းသန်းစိုး**




## ငလျင်လှုပ်ပြီးနောက် ပြုလုပ်ရန်အချက်များ

၁။ မိမိ၏ မိသားစုဝင်များကို စစ်ဆေးပါ။မိသားစုဝင်များပျောက်ဆုံးသွားပါက သက်ဆိုင်ရာသို့အကြောင်းကြားပါ။



၂။ ထိခိုက်ဒဏ်ရာရရှိသူများကို စစ်ဆေးပြီး လိုအပ်သော အကူအညီများပေးပါ။



၃။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော သတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကိုမျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။



၄။ မိမိအိမ်နှင့် ပတ်ဝန်းကျင်ရှိ လျှပ်စစ်ပစ္စည်းများ ပျက်စီးမှုများ အားလုံးကို ပြန်လည် စစ်ဆေးပါ။



၅။ အင်အားကြီးမားသည့် ငလျင်လှုပ်ပြီးတိုင်း နောက်ဆက်တွဲငလျင်များလှုပ်တတ်ကြောင်း သတိပြုပါ။

၆။ နောက်ဆက်တွဲဘေးအန္တရာယ်(မီးဘေး၊ဆူနာမီ၊ ရေကြီးခြင်း၊မြေပြိုခြင်း)များကိုအထူးသတိပြုပါ။

ဘိလပ်မြေစက်ရုံ(တန်–၄၀၀၀) မြို့င်ကလေး နှင့် ဘိလပ်မြေစက်ရုံ(တန်–၁၂၀၀) ပြည်ညောင်တို့ မှ
ထုတ်လုပ်သော **ကြံ့**၊ **ဆင်နှစ်ကောင်**၊ **Blue Diamond** နှင့် **မြင်းပျံ** အမှတ်တံဆိပ် ဘိလပ်မြေများအား
**စက်ရုံ နှင့် အရောင်းကိုယ်စားလှယ်များထံမှ စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**




**ဘိလပ်မြေစက်ရုံ (တန်-၄၀၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၄၄၉ ၂၅၂ ၃၂၇
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၇၀၄၊ ၀၉ - ၇၇၇ ၀၀၄ ၀၉၇

**ဘိလပ်မြေစက်ရုံ (တန်-၁၂၀၀)**

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ - ၇၇၇ ၀၀၄ ၇၄၀
အရောင်းကိုယ်စားလှယ် - ဖုန်း - ၀၉ - ၇၇၇ ၀၀၂ ၆၇၀






နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။






အရည်အသွေးမြင့်မား **တာယာ** မှာ

**TRISTAR**

**TBB,TBR,PCR** တာယာ အရွယ်အစားမျိုးစုံအပြင်
ဆိုင်ကယ် တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး
ရောင်းချလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၇၂၈၄၃၊ ၀၉ ၄၅၃၂၅၅၅၄၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် -မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇






## ဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းအား ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးခြင်း

ဘွဲ့ရအမျိုးသမီးဗိုလ်လောင်းလျှောက်လွှာများ ထုတ်ယူ/တင်သွင်းခြင်းကို ၁၈-၂-၂၀၂၆ ရက်နေ့ (အစား) ၂၈-၂-၂၀၂၆ ရက်နေ့အထိ ထပ်မံရက်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်၍ နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် ဗိုလ်လောင်းလျှောက်လွှာများ ဆက်လက်ထုတ်ယူ/တင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်းနှင့် လျှောက်လွှာထုတ်ယူထားသူများအနေဖြင့်လည်း ဗိုလ်လောင်းလျှောက်လွှာများအား အချိန်မီပြန်လည်တင်သွင်းကြရန် အသိပေးအပ်ပါသည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

### ငလျင်ဘေးအတွက်ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိနေထိုင်ရာနေရာသည် မည်သည့်ငလျင်ဇုံတွင် ကျရောက်သည် မည်ကဲ့သို့ ပြင်ဆင်ထားသင့်သည်ကို လေ့လာထားပါ။



၂။ ဘေးကင်းလုံခြုံသောနေရာ၊လမ်းကြောင်းများကို သတ်မှတ်ထားပါ။ငလျင်လှုပ်နေချိန်တွင်ပြုမူနေထိုင်ရမည့် နည်းလမ်းများကို မိသားစုဝင်များအား အသိပေး လေ့ကျင့်ထားပါ။



၃။ ပြိုကျ၊ ပြုတ်ကျ၊ ကွဲရှနိုင်သော ပစ္စည်းများ၊ တွဲလောင်းကျနေသော အရာများကို အန္တရာယ်မဖြစ်စေရန် မြဲမြံအောင် ပြုလုပ်ထားပါ။




၄။ မိသားစုသုံး အရေးပေါ်ပစ္စည်းများ၊အရေးကြီး စာရွက်စာတမ်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၅။ မိမိအိမ်၏ ခိုင်ခံ့ မှုကို ပုံမှန်စစ်ဆေးပြီးတော့တင်း ခိုင်မာအောင်ပြုလုပ်ထားပါ။



**ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




**ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



**ကိုဗစ် - ၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

❖ NCA ရဲ့ အနှစ်သာရဟာ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားပြီး လွတ်လပ်မှု၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှု တို့ကိုအခြေခံတဲ့ ပြည်ထောင်စုစိတ်ဓာတ်နဲ့အညီ ဒီမိုကရေစီအရေး၊ အမျိုးသားတန်းတူရေးနဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ အာမခံချက်အပြည့်အဝရှိတဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုကြီးကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့အညီ တည်ဆောက်ဖို့ပဲဖြစ်ပါတယ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ အမျိုးသား စည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင်ပြုလုပ်သော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ်(NCA) ၁၀ နှစ်ပြည့်နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ဟိုင်းကြီးကျွန်းမြို့ရှိ သမိုင်းဝင် မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်၌ ဘုရားဖူးဧည့်သည်များဖြင့် စည်ကားများပြားလျက်ရှိ



ဟိုင်းကြီးကျွန်း ဖေဖော်ဝါရီ ၁၇

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့၌ တည်ထားကိုးကွယ်လျက်ရှိသော ရှေးဟောင်းသမိုင်းဝင် မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၁၆ ရက် တပေါင်းလဆန်း ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ပွဲတော်ကာလ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားများပြားလျက်ရှိပြီး အစိုးရရုံးပိတ်ရက်များတွင် ဘုရားဖူးအများအပြား ပိုမိုလာရောက်ကြ၍ တည်းခိုဆောင်များပြည့်သည်ထိ လာရောက်ကြကြောင်း သိရသည်။

ဘုရားဖူးလာရောက်ကြသူများသည် မဟာမကုဋရုံသီ ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်မြတ်ကြီး၏ရင်ပြင်တော်နှင့်အနီးဝန်းကျင်ရှိ တည်းခိုဆောင်များတွင် အနားယူအပန်းဖြေကြကာ နံနက်စောစော ညနေအေးအေးနှင့်ညချမ်းအချိန်တွင် စေတီတော်ကြီးအား တက်ရောက်ဖူးမြော်ပြီး အဓိဋ္ဌာန်ဝင်ခြင်း၊

စာမျက်နှာ ၂၀ ကော်လံ ၁☆

## ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း(Low Pressure Area)သည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် အနောက်-အနောက်မြောက်ဘက်သို့ဆက်လက်ရွေ့လျားနိုင်ပြီး ဖေဖော်ဝါရီ ၁၈ ရက်၌ ဘင်္ဂလားပင်လယ်အော်အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အီကွေတာအနီး အရှေ့အိန္ဒိယသမုဒ္ဒရာတို့တွင် ပိုမိုအားကောင်းလာနိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

## မယ်စဲ့မြို့နယ်ရှိ သံလွင်တံတား(ဖားဆောင်း)ကို KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ကယားပြည်နယ် မယ်စဲ့မြို့နယ် ဖားဆောင်းမြို့အနီးရှိ သံလွင်တံတား(ဖားဆောင်း)ကို KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက ယနေ့နံနက်ပိုင်းတွင် မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ဖားဆောင်းမြို့ကို ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သော တပ်မတော်စစ်ကြောင်းများက လိုအပ်သည့်နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်မဆောင်ရွက်နိုင်စေရန်နှင့်

စာမျက်နှာ ၂၁ ကော်လံ ၁❖



KNPP၊ KNDF အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများက သံလွင်တံတား(ဖားဆောင်း)ကို မိုင်းထောင်ဖောက်ခွဲခဲ့မှုကြောင့် တံတားပျက်စီးနေမှု မှတ်တမ်းဓာတ်ပုံ။




CARD SERVICES
Individual Debit Card/ Credit Card
Corporate Debit Card
Automated Teller Machine Services
Point of Sales Services
Online Payment/ Tax Payment Via E-commerce
MPU UnionPay
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
" စိတ်ချရတာ မြဝတီဘဏ် "
Phone No : (01) 2301367, 2301368, 2301452, 2301378